www.burmeseclassic.com

# ဘုရားမြတ်ရွှေတိဂုံ
# ပုံတော်သမိုင်း



ဆရာဝန်တင်ရွှေ–ဒေါ်အေးသန့်

(ပထမတွဲ)

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# ဘုရားမြတ်
# ရွှေတိဂုံ
# ပုံတော်သမိုင်း

ဆရာဝန်တင်ရွှေ

+

ဒေါ်အေးသန့်

ဤစာအုပ်ကို

၁။ ဘုရားဖူးလမ်းညွှန်

၂။ အသေးစိတ်လေ့လာလိုသူများအတွက်

၃။ ဘုရားသမိုင်းနှင့် ပတ်သက်သ၍

အတွဲသုံးတွဲခွဲပြီး ထုတ်ဝေပါသည်

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံ ပထမတွဲ

## မာတိကာ


| | စာမျက်နှာ |
|---|---|
| သက်ရှိပြတိုက် | ၉ |
| တောင်ဘက်မုခ်နှင့်စောင်းတန်းကြီး | ၁၇ |
| အနောက်ဘက်စောင်းတန်း | ၂၈ |
| အရှေ့ဘက်စောင်းတန်း | ၃၄ |
| မြောက်ဘက်စောင်းတန်း | ၄၃ |
| ရင်ပြင်တော်ပေါ်မှ ဘုရားဖူးပရိသတ် | ၄၅ |
| စေတီတော်အား လက်ယာရစ်ဖူးမြော်မည်ဆိုလျှင် | ၅၀ |
| ရွှေတိဂုံဘိုးဘိုးကြီးနတ်နန်း | ၉၇ |
| ညချမ်းချိန်ခါ | ၁၀၁ |
| အထူးသတိပြုလေ့လာသင့်သော နေရာတော်အချို့ | ၁၀၅ |
| ကမ္ဘာ့အကြီးဆုံးဘဏ်နှင့် နှိုင်းယှဉ်အပ်သော ရွှေငွေရတနာစုဝေးရာ | ၁၁၀ |
| ရင်ပြင်ပေါ်မှ ဗောဓိပင်များ | ၁၁၆ |
| အထက်ပစ္စယံ | ၁၂၁ |
| ရာသီမပြတ်ပွဲတော်များ | ၁၂၆ |
| ယခုခေတ်တည်ဆောက်မှုများ | ၁၃၉ |
| ပြတိုက်ပိဋကတ်တိုက်၊ မော်ကွန်းတိုက် | |
| ဗုဒ္ဓဇယန္တီဗုဒ္ဓဝင်ပြခန်း | ၁၄၇ |
| ဥယျာဉ်တော် | ၁၅၆ |
| ၁၉၉၆ နှစ်ဦးမြင်ကွင်းများ | ၁၅၈ |




Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com




ဓာတ်ပုံဆရာ ဦးအောင်မြင့်၏ ထင်ရှားသော ကမ္ဘာသိလက်ရာတစ်ခု

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



ပန်းချီကျော် – ဦးသိန်းညွန့် မြတ်ရွှေတိဂုံ ပန်းချီကားချပ်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

စာရေးသူ၏ စာရေးသည့်နှစ် ၄၀၊ အသက် ၆၀ ပြည့်သောသမယ၌ ဤဘုရားမြတ်ရွှေတိဂုံ ပုံတော်သမိုင်းစာအုပ် ရေးသားနေသော အချိန်နှင့်တိုက်ဆိုင်ပါသည်။

စာရေးသူဇနီးကလည်း မိုငြမ်းကိုးကားပြုရန် ရွှေတိဂုံစေတီတော်နှင့် ပတ်သက်သမျှ ကျမ်းများကို ရှာဖွေပေးပါသည်။

အထက်ပစ္စယံ တံမြက်လှည်း စာကြည့်အသင်းမှလည်း ရွှေတိဂုံနှင့်ပတ်သက်သည့် စာအုပ်အပြင် မပျောက်သေးသော မှတ်တမ်းများကို ကြည့်ရှုလေ့လာ ရှင်းပေးပါသည်။ သို့ကြောင့် ဤစာအုပ်ကို တစ်သက်တာမှတ်တမ်း ပြည့်ပြည့်စုံစုံအဖြစ် ကျန်ရှိနေအောင် ကြိုးစားပါသည်။ စာရေးသူ၏ စုဆောင်းရရှိသော စာမှုကို

ပထမတွဲ - ဘုရားဖူးပရိသတ်အတွက်လမ်းညွှန်
ဒုတိယတွဲ - အသေးစိတ် လေ့လာလိုသူများအတွက်နှင့်
တတိယတွဲ - ဘုရားမြတ်ရွှေတိဂုံ၏ သမိုင်းဟူ၍ အတွဲသုံးတွဲခွဲပြီး ရေးသားထုတ်ဝေပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်လျက် စာရေးသူ ရေးသားပြုစုထားသော စာအုပ်စာတမ်းအားလုံးမှ မည်သည့်အပုဒ်ကိုဖြစ်စေ စာတစ်အုပ်လုံးကိုဖြစ်စေ အပြိုင်စီးပွားရေးအတွက် မဟုတ်ပါက မိမိကြိုက်နှစ်သက်သည့် နည်းဖြင့်ကူးယူ သုံးစွဲခွင့်ပြုပါသည်။ ကူးယူသုံးစွဲသော စာအုပ်နှင့်စာရေးသူ၏ အမည်ကိုဖော်ပြပေးနိုင်ပါက ကျေးဇူးတင်ပါမည်။

လေးစားစွာဖြင့်

ဆရာဝန်တင်ရွှေ

### ဝန်ခံချက်

ဤစာအုပ်တွင် ဘုရားမြတ်ရွှေတိဂုံနှင့်ပတ်သက်သည့် မှတ်တမ်းများကို တတ်နိုင်သမျှပြည့်စုံရအောင် စုဆောင်းတင်ပြထားပါသည်။ မှားယွင်းသော အချက်အလက်များ တွေ့ရှိပါကထောက်ပြကြပါ။ ချက်ချင်းပြုပြင်ပါမည်ဟု ကတိပြုပါ၏။

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

# မြန်မာပြည်သူတရပ်လုံးက လက်ညီတက်ညီ ပြုစုပျိုးထောင်ပေးလျက်ရှိသော သက်ရှိပြတိုက်

ဘုရားမြတ်ရွှေတိဂုံ ဆိုတာက– ဘယ်နှစ်ကြိမ်ရောက်ရောက် ဖူးမြော်လို့မဝနိုင်သော စေတီတော်ဖြစ်၏။ သမိုင်းအစဉ်အလာအားဖြင့် နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီ။ မြန်မာမင်းများအဆက်ဆက်က ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာက ယခုခေတ်တွင် ပြည်သူလူထုက ဆက်လက်ပြုပြင်လျက်ရှိသဖြင့် ကမ္ဘာအံ့ချီးဖွယ်ရာ နေရာတော်တစ်ခု သက်ရှိပြတိုက်ကြီးအဖြစ် ထင်ရှားလျက်ရှိပါသည်။

ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်သို့ ဆယ်ကြိမ်၊ အကြိမ် ၂၀ ရောက်ရုံနှင့် လေ့လာစရာ ကုန်နိုင်ရိုးမရှိပါ။ ဘာသာရေးရှုထောင့်မှကြည့်ကြည့်၊ အနုပညာရှုထောင့်ဘက်ကကြည့်ကြည့် မည်သည့်ဘက်ကကြည့်ကြည့် လေ့လာ၍မကုန်နိုင်သော အသစ်အဆန်းတို့ဖြင့် ပြည့်လျှမ်းနေသော နေရာတော်လည်းဖြစ်၏။

ပြီးတော့ ရွှေတိဂုံစေတီတော်၏ အရိပ်အာဝါသသည် အေးမြ၏။ ပူလောင်နေသောစိတ်ကို ငြိမ်သက်စေ၏။ သို့ကြောင့် ရွှေတိဂုံရင်ပြင်ပေါ်မှာ နံနက်အရုဏ်တက်ချိန်မှ ညဥ့်နက်သည့်တိုင်အောင် ဘုရားဖူးများဖြင့် ပြည့်လျှမ်းနေပါသည်။

ရွှေတိဂုံစေတီတော်အကြောင်းကို ရှေးအစဉ်အဆက်မှစပြီး ယနေ့တိုင်အောင် ပညာရှင်အသီးသီးက စာဖွဲ့ခဲ့ကြပါသည်။ သမိုင်းစာအုပ်များကို ရေးသားထုတ်လုပ်ခဲ့ကြပါသည်။ စာရေးသူ စုဆောင်းရရှိသော စာရင်းအရ ရွှေတိဂုံဘုရားသမိုင်းစာအုပ် မြန်မာဘာသာဖြင့် / အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် (၅) အုပ် ရေးသားပြုစုထားသည်ကို လေ့လာတွေ့ရှိပါသည်။ ယင်းတို့အနက် အင်္ဂလိပ်လူမျိုး စာရေးဆရာ ဘစ် (T.H. Biggs) ရေးသားသော ရန်ကုန်မြို့မှ ရွှေတိဂုံဘုရားစာအုပ်မှာ ရှေးအကျဆုံးဖြစ်၏။ ၁၈၉၅ တွင် ရေးသားခဲ့သော စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်တို့အနက် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသော ပညာရှင်အဖွဲ့၏ အကူအညီဖြင့် ရေးသားပြုစုထားသော–

– မောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံ စာပေဗိမာန် ** နှစ် (၁၉၇၂)

– ဦးဝင်းဖေ၏ ရွှေတိဂုံ (အင်္ဂလိပ်ဘာသာဖြင့်) စာနှစ်အုပ်မှာ တိကျပြီး ပြီးပြည့်စုံသော စံပြထိုက်သည့် စာအုပ်များဖြစ်သည်ဟု ဆိုရပါမည်။

သို့သော် စာနှစ်အုပ်စလုံးမှာ ရှားပါးဖြစ်နေပါသည်။ ယင်းတို့ကို ပြန်လည်ပုံနှိပ်၍လည်း နှစ်ပေါင်း ၃၀ ကျော် နောက်ကျနေပြီဟု ဆိုရပါမည်။

သို့ကြောင့် စာရေးသူတို့က ယခုတဖန် ဘုရားမြတ်ရွှေတိဂုံအကြောင်းကို စာအုပ်တစ်အုပ်ဖြစ်အောင် ကြိုးစားပြုစုပါသည်။

ယခုစာအုပ်ကို ရေးသားရာတွင် –

* ခေတ်လူငယ်များနှင့် ဘုရားဖူးများ အလွယ်တကူလေ့လာနိုင်ရန် စာအုပ်ရှေ့ပိုင်းတွင် ပုံတော်များကို အဓိကဦးစားပေးပါသည်။
* အထူးလေ့လာသူများအတွက် သမိုင်းအချက်အလက်များကို မမေ့ပျောက်ရအောင် ရှေးဟောင်းစာအုပ်များမှ မူရင်းစာသားများကို ဒုတိယတွဲများအဖြစ် ဖော်ပြပါသည်။

မြတ်ဗုဒ္ဓသာသနာတော်ကို အထောက်အကူပြုမည့် စာတစ်အုပ်ဖြစ်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

စာရေးသူများ



www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com

# လေးဆူဓါတ်ပုံရွှေတိဂုံ

ရန်ကုန်ဆိပ်ကမ်း၏မြောက်ဖက် နှစ်မိုင်ခန့်အကွာ သိင်္ဂုတ္တရ ကုန်းတော်ပေါ်တွင်ရှိသည်။ ရွှေတိဂုံဘုရားတည်ရှိရာတောင်ကုန်းမှာ ပဲခူးရိုးမတောင်၏တောင်ဘက် အစွန်ဆုံးတောင်ကုန်းဖြစ်၏။ ယင်းတောင်ကုန်း၏အမည်မှာ ခုနှစ်မည်တွင်သည်။ ယင်းအမည်များမှာ တရိယကုမ္ဘ၊ သတ္တဘုမ္မိ၊ ဓညဝတီ၊ ပေါက္ခရဝတီ၊ ဘူရိဒတ္တ၊ သီဟရာဇာ၊ သိင်္ဂုတ္တရ ဟူ၍ ဖြစ်လေသည်။

တရိဟာကုမ္ဘဟု တွင်သည်ကား ဟိမဝန္တာတောင်၏ အဆုံးဖြစ်သော တောင်စွယ် တောင်ထိပ်သုံးလုံးတို့သည် ဤကုန်းကို ညွတ်တွားဦးခိုက်နေဘိသကဲ့သို့ ရှိသောကြောင့်ဖြစ်၏။

သတ္တဘုမ္မိဟုတွင်သည်ကား ရွှေ၊ ငွေ၊ အနီ အဖြူအမည်းအဆင်းများနှင့် ချဉ်သော၊ ဖန်သော အရသာများရှိသည့် မြေခုနှစ်မျိုးပါဝင်သော ကုန်းတော်ဖြစ်သောကြောင့်ဖြစ်၏။

ဓညဝတီဟုတွင်သည်ကား ကောက်နှံ၊ ရတနာပစ္စည်း၊ သစ်ပင်ပန်းမာလ်တို့ပေါများကြွယ်ဝသောကြောင့်ဖြစ်၏။

ပေါက္ခရဝတီဟုတွင်သည်ကား သိင်္ဂုတ္တရကုန်းတော်ကို ကိုးဆယ့်ကိုးကုန်း ရံ၍နေသောကြောင့်ဖြစ်၏။

ဘူရိဒတ္တဟုတွင်သည်ကား ဤကုန်းသို့ရောက်လာသောသတ္တဝါတို့သည် ရန်သူပင်ဖြစ်သော်လည်း ရန်ငြိမ်းစေတတ်သောကြောင့်ဖြစ်၏။

သီဟရာဇာဟုတွင်သည်ကား ထိုကုန်းကိုမြင်လျှင် ရဲရင့်ခြင်းနှင့် ပြည့်စုံသောကြောင့်ဖြစ်၏။

သင်္ဂုတ္တရဟုတွင်သည်ကား ထိုအရပ်၌တစ်ခုသောကင်းကြီးသည် ဆင်များကိုသတ်ဖြတ်စားသောက်၍ အစွယ်များကို စုပုံထားရာဖြစ်သောကြောင့် ကင်းကြီးနှင့်အစွယ်များကို အကြောင်းပြု၍ မှည့်ခေါ်ခြင်းဖြစ်၏။

ရွှေတိဂုံစေတီကြီးသည် ယင်းခုနစ်မည်ရသောတောင်ကုန်းပေါ်တွင် ရွှေတောင်ကြီးပေါက်နေသည့်နှယ် တည်ရှိ၏။ တစ်ကမ္ဘာလုံးမှဗုဒ္ဓဘာသာဝင်များ ကြည်ညိုရာ မြန်မာနိုင်ငံ၏အမှတ်အသားကြီးအဖြစ် တည်ရှိနေလေသည်။

ရွှေတိဂုံ-စေတီတော်မြတ်ကြီးကို လွန်ခဲ့သောနှစ်ပေါင်း ၂၅ဝဝ ကျော် မဟာသက္ကရာဇ် ၁ဝ၃ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဥက္ကလာပမင်းကြီးတည်ထားကိုးကွယ်ခဲ့သည်။ ယင်းစေတီတော်ကြီးတွင် ဘဒ္ဒကမ္ဘာ၌ပွင့်တော်မူပြီးသော ကကုသံဘုရား၏ တောင်ဝှေးတော်၊ ကောဏဂုံဘုရား၏ ရေစစ်တော်၊ ကဿပဘုရား၏ ရေသနူတ်တော်၊ တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ပင့်ဆောင်လာသော ဂေါတမမြတ်စွာဘုရား၏ ဆံတော် စသည့်ပွင့်တော်မူပြီးသောဘုရားလေးဆူတို့၏ပရိဘောဂနှင့်ဆံတော်များကို ဌာပနာထားသည်။ ထို့ကြောင့်ပင်လျှင် ရွှေတိဂုံစေတီတော်ကြီးကို လေးဆူဓါတ်ပုံ ရွှေတိဂုံဟူ၍ ဘွဲ့တော် သမုတ်ခေါ်ဝေါ်ကြလေသည်။

ဂေါတမမြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးနောက် ဘုရားရှင်တို့၏ဓမ္မတာတော်အတိုင်း ပလ္လင်တော်၊ အနိမိသ၊ စင်္ကမ၊ ရတနာဃရ၊ အဇပါလ၊ မုစ္စလိန္ဒာ၊ ရာဇာယတနဟူသော ခုနစ်ဌာနတို့တွင် တစ်ဌာနလျှင် ခုနစ်ရက်ကျဖြင့် ၄၉ ရက်တိတိ သတ္တဌာနစံနေတော်မူသည်၊ ၄၉ ရက်စေ့၍အရုဏ်တော်တက်သောအခါ၌ မြတ်စွာဘုရားသခင်သည် မျက်နှာသစ်လိုသော နလုံးတော်ဖြစ်သည်ကို သိကြားမင်းသိ၍ ဆေးကိစ္စပြီးစေတတ်သော ကြစုသီး၊ ကွမ်းရိုးဒန်ပူ၊ အနဝတတ် မျက်နှာသစ်ရေတို့ကို ကပ်လှူလာလေသည်။ ဘုရားရှင်သည် ကြစုသီးကို ဘုဉ်းပေးတော်မူသော် ကိုယ်တော်သုတ်သင်ခြင်း ကိစ္စပြီး၏။ ထို့နောက် ကွမ်းရိုးဒန်ပူ၊ အနဝတတ်ရေတို့ဖြင့် မျက်နှာသစ်တော်မူလေသည်။

ထိုအချိန်တွင် ရာမညတိုင်း ပေါက္ခရဝတီအမည်ရှိသော အသိကဉ္စနနဂိုရ်ပြည်မှ တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် ကုန်ကူးရန်အလို့ငှာ ဘုရားရှင်ပွင့်တော်မူရာသို့ ရောက်ရှိလာလေသည်။

တပုဿနှင့် ဘလ္လိကညီနောင်တို့သည် နတ်တို့၏လမ်းညွှန်မှုအရ ဘုရားရှင်သီတင်းသုံးတော်မူရာ လင်းလွန်းပင်ရင်းသို့ ရောက်လာကြ၏။ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် အံ့သြဘွယ်ရာ စံပယ်နေတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးတွေ့ရသောအခါ များစွာကြည်ညို သဒ္ဓါပွားကာ ပျပ်ဝပ်ရှိကျိုး ရှိခိုးပူဇော်ကြ၏။ ထို့နောက် ကြွက်ကျစ်မုံ့၊ ပျားဆုပ်မုံ့တို့ကိုလည်း ဆက်ကပ်လှူဒါန်းကြ၏။ ဘုရားရှင်လည်း ကုန်သည်ညီနောင်တို့၏လှူဘွယ်ပစ္စည်းများကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးနောက် သင့်တင့်လျောက်ပတ်သောအနုမောဒနာတရားများကို ဟောကြားတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ကုန်သည်ညီနောင်က ကိုးကွယ်ပူဇော်ရန် တောင်းခံသဖြင့် လကျာ်လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ရှစ်ဆူ ရသည်ကို ကုန်သည်ညီနောင်တို့အား ပူဇော်ရန်ပေးအပ်တော်မူ၏။

တပုဿနှင့် ဘလ္လိကညီနောင်တို့လည်း ဘုရားရှင်ဆံတော်များကို ပင့်ဆောင်ကာပြန်လာကြရာ ပေါက္ခရဝတီမြို့သို့ ရောက်သောအခါ မြို့တံခါးအနီးတွင် ဆံတော်ပြာသာဒ်ကို ပင့်ချ၍ သုံးရက်တိုင် ပွဲလမ်းသဘင်ခံပြီးလျှင် မြို့သူမြို့သားတို့အား အပူဇော်ခံလေသည်။ ထိုသို့ဆံတော်များရောက်ရှိကြောင်းကို သိကြားမင်းနှင့်မယ်လမုတို့မှဖွားမြင်သော ဥက္ကလာပမင်းကြီး ကြားသိရသောအခါ များစွာ ဝမ်းသာနှစ်ထောင်းဖြစ်လေသည်။

ထို့နောက် ဥက္ကပလာပမင်းကြီးသည် ဂေါတမမြတ်စွာဘုရား၏ ဆံတော်များနှင့်အတူ ပွင့်လေပြီးသောဘုရားများ၏ ဓါတ်တော်များကို ရှာဖွေကာ သိင်္ဂုတ္တရကုန်းတော်၌ စေတီတည်ထားကိုးကွယ်ရန် ပြုလုပ်တော်မူ၏။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

ထိုစေတီ၏ ဌာပနာတိုက်အတွက် သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှ ကျောက်ဖျာကြီးခြောက်ချပ်ကို ယူဆောင်စေ၏။ ငွေအဆင်းရှိသောကျောက်ဖျာကြီးကို အောက်မှခင်း၍ စိန်အဆင်းရှိသော ကျောက်ဖျာကြီးကို ဥမင်၏ အရှေ့မျက်နှာ၊ မြအဆင်းရှိသောကျောက်ဖျာကြီးကို အနောက်မျက်နှာ၊ ပုလဲအဆင်းရှိသောကျောက်ဖျာကြီးကို မြောက်ဖက်မျက်နှာ၊ နီလာအဆင်းရှိသော ကျောက်ဖျာကြီးကို တောင်ဘက်မျက်နှာတို့၌ အသီးသီးကာရံစေ၏။ ပတ္တမြားအဆင်းရှိသော ကျောက်ဖျာကြီးကိုမူကား ဥမင်အထက်မှ အသုံးပြုလုပ်ရန်ထား၏။

လေးဆယ့်လေးတောင် အတိုင်းအရှည်ရှိသော ဥမင်ကြီး၏ထောင့်လေးထောင့်တွင် အဆက်မပြတ်ထွန်းလင်းနေအောင် ဖယောင်းတိုင်ကြီးလေးတိုင်ကို ထွန်းညှိသည်။ ထို့နောက် ဥမင်ထဲတွင် ရတနာခုနစ်ပါးကို ဒူးဆစ်ထိနစ်မြုပ်အောင်ထည့်သည်။ ထိုရတနာများပေါ်တွင် ရတနာအတိပြီးသောသဘော်ထက်၌ ပတ္တမြားပြာသာဒ် လေးဆောင်ကိုထားသည်။ ပတ္တမြားပြာသာဒ်တစ်ဆောင်ဆီ၌ ကကုသံ၊ ကောဏဂုံ၊ ကဿပဘုရားရှင်တို့၏ တောင်ဝှေး၊ ရေစစ်၊ ရေသနုတ်တော်တို့ကိုထည့်သွင်းသည်။ ကျန်တစ်ဆောင်တွင် လက်ရှစ်သစ်အလျားပမာဏရှိသော ဂေါတမမြတ်စွာဘုရား၏ဆံတော်ရှစ်ဆူကို ပတ္တမြားကြုတ်၌ထည့်၍ ထိုပတ္တမြားကြုတ်ကို တဖုဿနှင့် ဘလ္လိကတို့၏ ရွှေရုပ်များကထမ်းလျက်ဌာပနာ၏။ ဗြဟ္မာမင်း၊ သိကြားမင်း၊ ဥက္ကလာပမင်း၊ မယ်တော်၊ မိဖုရားတို့၏ ရွှေသားရုပ်၊ ပတ္တမြားပန်းခက်၊ စိန်ပန်းခက်၊ မြပန်းခက်များနှင့် ဘေးပတ်လည်မှဆံတော်ကို ပူဇော်ဟန်လည်း ဌာပနာသည်။

ဆံတော်နှင့် ဓါတ်တော်များဌာပနာရာ ဥမင်၏လေးမျက်နှာတွင် မီးစက်၊ ရေစက်၊ လှံ့ဓား၊ ယန္တရားနှင့်ထားပြီးသော် သံကွန်ချာခုနစ်ထပ်အုပ်၏။

အစစအဆင်သင့်ဖြစ်သောအခါ ဌာပနာဥမင်ကို သိကြားမင်းကိုယ်တိုင် ပတ္တမြားအဆင်းရှိသောကျောက်ဖျာဖြင့် ဖုံးအုပ်၏။

ဌာပနာဥမင်၏ အထက်ကျောက်ဖျာပေါ်၌ ရွှေစေတီတည်၏။ ရွှေစေတီကို ငွေစေတီမျိုတည်၏။ ငွေစေတီကို ကြေးဖြူစေတီ မျိုတည်၏။ ကြေးဖြူစေတီကို ကြေးနီစေတီမျိုတည်၏။ ကြေးနီစေတီကို သံလွဲစေတီမျိုတည်၏။ သံတွဲစေတီကို ကျောက်ဖြူစေတီမျိုတည်၏။ ကျောက်ဖြူစေတီကို သံအုတ်စေတီမျိုတည်၏။ ဤသို့ ရွှေအုတ်၊ ငွေအုတ်၊ ကြေးဖြူအုတ်၊ ကြေးနီအုတ်၊ သံအုတ်၊ မြေအုတ်နှင့်တကွ ထုံး၊ သံ၊ ကျွဲကော်၊ နရပ်ပတော၊ အင်္ဂတေတို့ဖြင့် ကောင်းမွန်ခိုင်ခန့်အောင် တည်ပြီးသော စေတီတော်ကို ဘိနပ်တော်မှ ငှက်ပျောဖူးအထိ ရတနာမျိုးစုံဖြင့် မွမ်းမံသည်။ ထိုအခါ ဉာဏ်တော် ၄၄ တောင်အမြင့်ဖြစ်လေသည်။

စေတီတော်ကြီးကို ဥက္ကလာပမင်းကြီး ဤသို့စတင်တည်စဉ်က ဉာဏ်တော် ၄၄ တောင် (၆၆ ပေ) သာ ရှိခဲ့သော်လည်း မင်းအဆက်ဆက်တို့က ဆက်လက်မွမ်းမံတည်ဆောက်ခဲ့ကြသဖြင့် ယခုအခါ ဉာဏ်တော်၃၂၆ပေရှိနေလေသည်။ မွန်ဘုရင် ဗညားကျန်လက်ထက်တွင် ၃၀၂ ပေထိမြင့်၍ တည်ဆောက်ခဲ့ပြီး ဗညားကျန်၏ နှမတော် ရှင်စောပုဘုရင်မကြီးလက်ထက် (၁၄၅၃-၁၄၇၂) ခုနှစ် ထပ်မံပြုပြင်ခဲ့ရာ ယခုဖူးမြော်ရသောပုံစံအတိုင်းဖြစ်လာသည်။ ၁၇၇၄ခုနှစ်တွင် ဆင်ဖြူမင်းလက်ထက်၌ ထပ်မံပြုပြင်ရာ ဉာဏ်တော် ၃၂၆ ပေရှိလာခြင်းဖြစ်သည်။

ရွှေတိဂုံစေတီဟူ၍ တွင်သည်မှာ ဒဂုန်ဟူသော မွန်တို့ဒေသကို အစွဲပြု၍ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သိင်္ဂုတ္တရကုန်းတော်ဟူသော စကား၏အနက်မှာလည်း ရွှေတိဂုံဟူ၍ပင် ယူနိုင်သည်ဟုဆိုသည်။ ရှေးက တြိကုမ္ဘဟူ၍ခေါ်တွင်သည်မှာ စေတီတော်တည်ရာကုန်းမြင့်သည် အနီးရှိအခြားကုန်းမြင့်နှစ်ခုနှင့်အတူ ဆင်ဦးကင်းကဲ့သို့ ဖိုခနောက်ဆိုင်ကုန်းမြင့်သုံးခု တည်နေသောကြောင့်ဖြစ်သည်။ တြိဟကုမ္ဘမှ ဟအက္ခရာဖြုတ်၍ တြိကုမ္ဘ၊ တြိကုမ္ဘ၊ တိကုမ္ဘဟူ၍ ဆင့်ကဲပြောင်းလဲလာသည်။ ထို့ပြင် တိကုမ္ဘ၊ တိကုမ္ဘဟူ၍လည်းရေးသားကြသည်။ မွန်ဘာသာတွင် တိကုမ္ဘမှတိကုံဟူ၍လည်းကောင်း၊ ဂုင်ဟူ၍လည်းကောင်း ပြောင်းလဲသုံးလာကြသည်။ ဒဂုန်၊ ဒဂုံစသည်တို့မှာ နောက်ပိုင်း ခရစ်နှစ် ၁၆၇၁ ခုနှစ်မှစသော အရေးအသား အသုံးအနှုန်းများဖြစ်ပေသည်။

စေတီတော်တည်ရှိသော သိင်္ဂုတ္တရကုန်းတော်ကိုအစွဲပြု၍ ဌာနူပစာအားဖြင့် သိင်္ဂုတ္တရစေတီဟူ၍လည်းကောင်း၊ တိဂုမ္ဘစေတီတော်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းခဲ့ဖူးသည်။

## ဘုရားကြီးနှင့် ထီးတော်ပြုပြင်ထိန်းသိမ်းမှု

ရွှေတိဂုံစေတီတော်ကြီးကို ဥက္ကလာပမင်းကြီးတည်ထားပြီးနောက် ဥက္ကလာပမင်းဆက် ၃၂ ဆက်တို့က ဆက်လက်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြလေသည်။ ထိုမင်းဆက်တို့ လွန်လေသောအခါ စေတီတော်ကြီးမှာ ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိဖြစ်ရလေသည်ဟု ဆိုသည်။

ဘုရားရှင်၏ ဆံတော်များကို ထည့်သွင်းဌာပနာထားသည့်အကြောင်းကို သိသောသူတို့ အစဉ်အဆက်ပြတ်နေသည်ကတစ်ကြောင်း၊ မွန်တို့ဒေသတွင် ဗုဒ္ဓဘာသာသာသနာ မထွန်းကားသေးသည်ကတစ်ကြောင်းကြောင့် ဆံတော်များကိန်းဝပ်သည့် စေတီတော်တည်ရှိရာကို သိသောသူတို့သည်လည်းကောင်း၊ ဆည်းကပ်ကိုးကွယ်စောင့်ရှောက်မည့်သူတို့သည်လည်းကောင်း မရှိကြတော့ပေ။ ထိုအခါ စေတီတော်မှာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် လွှမ်းလျက်ရှိနေရလေသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးဖြစ်၍ နှစ်ပေါင်း ၂၃၆ နှစ်မျှကြာသောအခါ သောဏထေရ်နှင့် ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိတိုင်းသို့ သာသနာပြုရောက်ရှိလာရာတွင် ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည်သူ ရဟန်းရှင်လူတို့ ပေါ်ပေါက်လာကြသည်။ ထိုအခါ သီရိဓမ္မာသောကမင်းကြီးက သာသနာပြုမထေရ်မြတ်နှစ်ဦးအား "တပည့်တော်တို့မှာမြတ်စွာဘုရား၏ တရားဓမ္မနှင့် သံဃာတော် အရှင်မြတ်တို့ကို ကိုးကွယ်ရန်ရှိပါပြီ၊ ဘုရားရှင်၏ မွေတော် ဓါတ်တော်တို့ကားကိုးကွယ်ရန်မရှိသေးပါ။ ကိုးကွယ်ပါရစေ" ဟုလျှောက်ကြားသဖြင့် မထေရ်နှစ်ပါးက တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာသောဆံတော်ရှင်မှာ တမ္ဗဂုတ္တတောင်ထိပ်တွင် ဌာပနာတည်၍ထားကြောင်း၊ သစ်ပင်ချုံနွယ်တို့ ဖိတ်ပုံးနေကြောင်းကိုညွှန်ပြသဖြင့် သီရိဓမ္မာသောကမင်းကြီးက စေတီတော်ကိုပြင်ဆင်ပြီး စေတီယယရဖြစ်သောစေတီအိမ်ပြသာဒ်နှင့်တကွ ကိုးကွယ်ထားသည်။

ထို့နောက် မွန်ဘုရင် ဗညားဦးသည် ၁၃၇၂ ခုနှစ်တွင် ဒဂုံသို့ကြွရောက်၍ ပျက်စီးနေသော စေတီတော်ကိုမွမ်းမံခဲ့ရာ စေတီတော်၏ဉာဏ်တော်မှာ ပေ ၆၀ (အတောင် ၄၀) ဖြစ်သည်ဟု ဆိုလေသည်။

မွန်ဘုရင်ရာဇဓိရာဇ်သည် ဘုရားကြီးအား ဆက်လက်မွမ်းမံပြုပြင်သည်။ ဘုရားကြီးကို ဆက်လက်မွမ်းမံသူမှာ ရာဇဓိရာဇ်၏သား ဗညားရန်မင်းခေါ် ဗညားရန်နိုက်ဖြစ်သည်။ ထိုမင်းလက်ထက် ၁၄၃၆ ခုနှစ်တွင် လျှင်လှုပ်သဖြင့် ဘုရားကြီးခေါင်းလောင်း ထီးပြို၍ပြုပြင်ရသည်။ ကုန်းတော်ကိုဖို၍ မြေညှိသည်။ ကုန်းတော်ရပ်ပြင်ကို အဆင့်ငါးဆင့်ပြုပြင်ပြီးနောက် စေတီတော်ကိုလည်း ဉာဏ်တော်ခြောက်တောင် တိုးမြှင့်၍တည်ထားသည်။ စေတီတော်ကို သက္ကရာဇ် ၈၁၅ (ခရစ်–၁၄၄၃) တွင်ပြုပြင်ရာ အပြီးမသတ်ခဲ့ပေ။

ဗညားရန်၏ကောင်းမှုကို ဗညားဗရွှဘုရင်က ဆက်လက်တည်သည်။ သို့သော် မပြီးဆုံးသေးမီပင်ကွယ်လွန်ပြန်သဖြင့် ဗညားကင်းဒေါ် (ဗညားကျန်း) ကဆက်လက်တည်ရာ ပြီးစီးသွားသည်။ ထိုမင်းသုံးပါး ဆက်လက်တည်မှုကြောင့် ဘုရားကြီး၏ဉာဏ်တော်မှာ ၃၀၂ ပေထိ ရှိလာခဲ့ပေသည်။

ဗညားဗရွှနှင့် ဗညားကင်းဒေါတို့၏ ဘုရားကြီး ပြုပြင်မွမ်းမံသည့် ကောင်းမှုများ ပြုလုပ်ချိန်၌ ဘုရင်မကြီးရှင်စောပု၏ ကြပ်မတ်ဆောင်ရွက်မှုများလည်း ပါဝင်သည်။

ဗညားကင်းဒေါနောက်တွင် ဆက်ခံသူ ဘုရင်မကြီးရှင်စောပုမှာ ဘုရားကြီးကို ဆက်လက်မွမ်းမံပြင်ဆင်ခဲ့၏။ ဘုရားကြီးအား မွမ်းမံပြင်ဆင်လှူဒါန်းခဲ့သော ကောင်းမှုအစုစုကြောင့်လည်း နာမည်ထင်ရှားကျော်ကြားသည်။ ဘုရင်မကြီးက ကျွန် ၅၀၀ နှင့်ရွှေကို ကိုယ်အလေးချိန်ပြည့် ၂၅ ပိဿာ (၉၁) ပေါင်ဝတ်၍လှူဒါန်း၏။ ဝတ္တကမြေများလည်း လှူဒါန်းခဲ့သည်။

ရှင်စောပု၏ သားမက်တော် ဓမ္မစေတီမင်းသည်လည်း ဘုရင်မကြီး၏ အလိုဆန္ဒအလျောက် ဘုရားကြီးကို ဆက်လက်စောင့်ရှောက် ပြုပြင်သည်။

ဓမ္မစေတီမင်းကွယ်လွန်ပြီးနောက် ဒုတိယဗညားရန်ခေါ် ဗညားရန်စည်မင်းလက်ထက်တွင် လေပြင်းမိုးပြင်းကျသဖြင့် စေတီထီးတော် အနောက်မြောက်ဖက် တစ်တိုင်ခန့်အကွာသို့ ပြုတ်ကမြေခရာ ခရစ်သက္ကရာဇ် ၁၄၉၄ ခုနှစ်တွင်နန်းသစ်တည်ပြီး ထီးတော် မြေခရာသို့သွား၍ ထီးတော်ကို ကောက်ယူသည်။ ဗညားရန်စည်မင်းသည် စေတီတော်၏အောက်ကလပ်ခြေကို လှည့်ဖွင့်ချဲ့လုပ်သည်။ ပထမပစ္စယံ ပလ္လင်အထက်၌ မိမိသက်တော် ၄၈ နှစ်ကို အစွဲပြု၍ စေတီရံ ၄၈ ဆူတည်တော်မူသည်။

လျှင်လှုပ်၍ ၁၅၆၄ ခုန ်က ပြိုကျခဲ့သောအပျက်အစီးများကို ဘုရင့်နောင်ကပြင်ဆင်ပြီး ထီးတော်တင်သည်။ ငါးဆူဒါယကာ နန္ဒဘုရင်လက်  က်တွင်လည်း ထီးသစ်တင်သည်။

၁၆၀၈ ခုနှစ်က ၊ ၂သောလျှင်ကြောင့် ပျက်ကျသော အပျက်အစီးများကို အင်္ဂဗုစ်ဆရာတော်ဦးစီး၍ပြင်ဆင်ကာ အများပြည်သူစုပေါင်းလှူဒါန်းသည့် ထီးတော်ကိုတင်သည်။

၁၆၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် အနောက်ဖက်လွန်မင်း လက်ထက်၌လည်း ထီးတော်သစ်တင်သည်။ ၁၆၂၀ ခုနှစ်၊ နိုဝင်ဘာလ အနောက်ဖက်လွန်မင်းလက်ထက်မှာပင် လျှင်လှုပ်၍ စေတီတော်အထက်ပိုင်း ပြိုကျပြီး မဟာရံတံတိုင်းများ ပြိုကျရာ ၁၆၂၂ ခုနှစ်၊ မတ်လတွင် ပြန်လည်ပြုပြင်ပြီး ထီးတော်သစ်တင်သည်။ ၁၆၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် လျှင်ကြီး တစ်ဖန်လှုပ်ပြန်၍ ဘုရားကြီးပြိုကျသည်ကို သာလွန်မင်းကြီးကပင် ထီးတော်ဟောင်းကို ပြန်လည်ပြုပြင်ပြီး ထီးတော်တင်သည်။

၁၆၅၂ ခုနှစ် မေလ ၆ ရက်နေ့တွင် လျှင်လှုပ်ပြန်၍ ပြိုကျသည်ကို ပင်းတလဲမင်းကထီးတော်ပြန်တင်သည်။

၁၆၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ပြည်မင်းလက်ထက်၌ လျှင်လှုပ်သဖြင့် ထီးတော်ဘုံသုံးဆင့် လွင့်စင်၍မြေခရာ ၁၆၆၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်မင်းက ထီးတော်ဟောင်းကို အင်းဝသို့ယူ၍ပြုပြင်ပြီး ပြန်လည်တင်သည်။

၁၆၆၄ ခုနှစ် ဒီဇင်ဘာလတွင် လျှင်လှုပ်ပြန်ရာ စိန်ဖူးနှင့်တကွ ထီးတော် အနောက်မြောက်ထောင့်သို့ကျပြီး ငှက်မျှော်ဖူးနှင့် ခေါင်းလောင်းပုံပါ ပြိုကျသည်။ ယင်းအပျက်အစီးများကို ပြုပြင်ပြီး ၁၆၆၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထီးသစ်တင်သည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

၁၆၇၉ ခုနှစ်၊ ဩဂုတ်လနှင့် နိုဝင်ဘာလများတွင် ငလျင်အကြိမ်ကြိမ်လှုပ်ခဲ့သဖြင့် ဘုရားကြီးပြိုကျရာ အများပြည်သူက ဝိုင်းဝန်းပြုပြင်သည်။

၁၇၆၈ ခုနှစ်၊ ဇွန်လ ၁၃ ရက် ဆင်ဖြူရှင်မင်းလက်ထက်တွင် ငလျင်ကြီးလှုပ်သဖြင့် စေတီတော်ကြီး၏သပိတ်မှောက် အထက်ပိုင်း စေတီတော်ပစ္စယံပန်းတင်တို့ ပျက်စီးသည်။ ယင်းအပျက်အစီးများကို ဆင်ဖြူရှင်မင်းက ပြုပြင်ကာ အမြင့် ၃၈ ပေ၊ ၉ လက်မရှိသော ဘုံခုနှစ်ဆင့်ထီးတော်သစ်ကို ၁၇၇၅ ခု၊ မတ်လ ၁၅ ရက်၊ တပေါင်းလပြည့်နေ့တွင် စေတီတော်မြောက်ဖက်မှ စက်သီးဖြင့်တင်သည်။ ထိုအချိန်၌ ဘုရားကြီး၏ဉာဏ်တော်မှာ ၃၃၈ ပေ ရှိသည်ဟုဆို၏။

၁၈၂၆ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့တွင် အင်္ဂလိပ်တို့ သိမ်းပိုက်ထားသောကုန်းတော်ကို ပြန်ရ၍ ဟံသာဝတီဝန်ကြီး မဟာမင်းလှရာဇာက လက်ခံယူသည်။ အင်္ဂလိပ်စစ်သားတို့ ဌာပနာတိုက်ကို ဖောက်ယူရန်ကြိုးစားသဖြင့် အကြီးအကျယ်ပျက်စီးနေသည်ကို မွမ်းမံပြုပြင်ရသည်။

၁၈၅၅ ခုနှစ်တွင် အင်္ဂလိပ်မြန်မာစစ်ပွဲအကြား ပျက်စီးခဲ့သောစေတီတော်ကြီးအား အင်္ဂလိပ်အစိုးရ၏ခွင့်ပြုချက်ဖြင့် စစ်ကဲမောင်ထော်လေးကစတင်ပြုပြင်စောင့်ရှောက်သည်။ဦးထော်လေးသည်ထီးတော်ကိုပြင်ဆင်ခြင်း၊ ခေါင်းလောင်းစာရင်း ပြုလုပ်ခြင်း၊ ပြန်လည်ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်သည်။

မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ထီးတော်ကြီးကို ပင့်ဆောင်လာသောအဖွဲ့ခေါင်းဆောင် မဟာမင်းကျော်မင်းထင် (ပုပ္ပားဝန်ထောက်) က အင်္ဂလိပ်မဟာမင်းကြီးကို ၁၈၇၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့၌ အတွင်းဝန်ရုံးတွင် မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ထီးတော်ကို ပေးအပ်သည်။

၁၈၈၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ငလျင်လှုပ်၍ ငှက်မြတ်နားနှင့်စိန်ဖူးတော် အောက်သို့ကျသည်။ အထက်မှ အင်္ဂတေများကွာကျသည်။ ယင်းအပျက်အစီးများကိုပြင်ဆင်၍ ၁၈၈၉ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတို့ကို ပြန်လည်တင်လှူသည်။

၁၉၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ငလျင်လှုပ်ပြန်ရာ ငှက်မြတ်နားတိုင်ယိုင်သွားသည်။ ယင်းသို့ယိုင်သွားသည်ကို ပြန်လည်ပြုပြင်ပြီး ၁၉၂၂ ခုနှစ်၊ ဇန္နဝါရီလ ၁၆ ရက်နေ့မှ ၂၃ ရက်နေ့အထိ ငှက်မြတ်နားသစ်တင်လှူပွဲပြုလုပ်သည်။

၁၉၃၀ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ငလျင်ကြီးလှုပ်ပြန်သဖြင့် ငှက်မြတ်နားတိုင် ကျိုးကျပြီး စိန်ဖူးတော်တွဲလဲကျသည်။ ထိုအပျက်အစီးများကို ပြင်ဆင်ပြီး ၁၉၃၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ပြန်လည်တင်လှူသည်။

၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်မှ ၆ ရက်အထိ ငလျင်ကြောင့် ထီးတော်ပိန္နဲတိုင်စောင်း၍ ဆွဲလွဲတချို့ပြုတ်ကျသည်။ ယင်းအပျက်အစီးများကိုပြုပြင်ပြီး ဘုရားကြီးကို လှူဒါန်းသည်။ ကုသိုလ်အစုစု သိန်းတစ်ရာကျော်ဖိုးကို ၁၉၇၁ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ရေစက်ချသည်။

၁၉၇၃ ခုနှစ်၊ ဘုရားကြီးကို စစ်ဆေးကြည့်ရှုရာတွင် စနေ၊ ဗုဒ္ဓဟူး၊ တနင်္လာ၊ တနင်္ဂနွေ၊ သောကြာ၊ ရာဟု၊ ကြာသပတေး၊ အင်္ဂါထောင့်တို့တွင် အက်ကြောင်းများ၊ တွင်းခေါင်များ (၁၃၆) ခုကို တွေ့ရှိရသဖြင့် ဂေါပကအဖွဲ့က ပညာရှင်တို့အကူအညီဖြင့် (၁၁-၁-၇၃) နေ့မှစ၍ ဘိလပ်မြေတို့ကိုအရည်ဖျော်ပြီး ကရော့တင်းသွင်းခဲ့သည်။ ယင်းလုပ်ငန်းများမှာ (၂၇-၄-၇၃) နေ့တွင် အဆုံးတိုင်ပြီးစီးသည်။ ယင်းပြုပြင်မှုတွင် ဘိလပ်မြေအိတ်ပေါင်း (၄၀၀၀) တန် ၂၀၀ ကုန်ကျခဲ့သည်။ အတွင်းသို့ဘိလပ်မြေအိတ် ၄၀၀၀ ကရော့တင်းပြုလုပ်ပြီးနောက် စေတီတော်၏ကြေးဝန်းငါးဆင့်အောက်ခိုနန်းချိုးများအထက် ပစ္စယံရင်ပြင်အထိ လုံးပတ်တော်တစ်ခုလုံးကို ဘိလပ်မြေအိတ် ၆၀၀၀ (တန် ၃၀၀) အသုံးပြုကာ သဲဖြင့် တစ်ချိုးနှစ်ချိုးအတိုင်း အင်္ဂတေသက်တန်းတော်ကို အောင်မြင်စွာ ကပ်လှူနိုင်ခဲ့ကြသည်။

**ငှက်မြတ်နားတော်**

| | | |
|---|---|---|
| အကျယ်ဆုံးနေရာ | - | ၂ ပေ ၅ လက်မခွဲ |
| အရှည်ဆုံးနေရာ | - | ၄ ပေ ၂ လက်မ |
| စိန်လုံးရေ | - | ၁၀၆၈ လုံး |
| ရတီချိန် | - | ၂၄၀ ကျော် |
| အခြားကျောက်မျက်ရတနာများ | - | ၁၃၃၈ လုံး |

**ဆတ်သွားဖူးတော်**

| | | |
|---|---|---|
| အမြင့် | - | ၈ ပေ ၂ လက်မ |
| အချင်း | - | ၃ ပေ ၃ လက်မ |
| ကျောက်မျိုးစုံ | - | ၈၈၆ လုံး |



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

**ဝိန္ဓတိုင်**

| | |
|---|---|
| အလျား (ကြေးစလောင်းမှ ဝိန်ဖူးတော်အောက်ခြေတိ) | ၃၈ ပေ ၄ ၃/၄ လက်မ |
| အောက်ခြေအချင်း | ၁၀ ၁/၂ လက်မ |
| အပေါ်အချင်း | ၂ ၁/၁၆ လက်မ |

## ရွှေပြားအတွ

ပထမဖောင်းရစ်အထက်တွင် တစ်ပေပတ်လည် ရွှေပြားများ ၁၃၁၅၃ ပြား။ ၁၉၇၂ ခုနှစ်တွင် ရွှေပြားအကွက်ပေါင်း ၁၂၇၆ ကွက်၊ ၁၉၇၃–၇၄ ခုနှစ်တွင် ရွှေပြားအကွက်ပေါင်း ၁၂၅၈ ကွက် တပ်ဆင်ရာ စုစုပေါင်းရွှေပြား ၁၄၆၈ ကွက်ရှိ၏။

## သိမှတ်ဖွယ်ရာများ

ရွှေတိဂုံစေတီ ကုန်းတော်၏အမြင့်မှာ ပင်လယ်ရေပြင်မှ ပေ ၁၉၀ မြင့်သည်။ ဘုရားကြီး၏ လှေကားမှ ၁၁၄ ကေရှိသည်။ အထက်ပစ္စယံတွင်အရံစေတီငယ် ၆၄ ဆူ၊ စေတီကြီး ၄ ဆူ၊ ထောင့်လေးထောင့်တွင် မနုသီဟ ၄ ရုပ်နှင့် ခြင်္သေ့ရုပ်များ ရှိသည်။

ပထမပစ္စယံတွင် အနောက်မြောက်ထောင့်၌ ဥက္ကလာပမင်းကြီး၏ ပုံတော်၊ အနောက်တောင်ထောင့်တွင် ဥက္ကလာပမင်းကြီး၏ ခမည်းတော်နှင့်မယ်တော်တို့ဖြစ်ကြသည်။ သိကြားမင်းနှင့် မယ်လမုတို့၏ပုံတော်များကို ထုလုပ်ထားရှိသည်။

ရွှေတိဂုံစေတီတော် ရင်ပြင်တော်ဝယ် ကြေးခေါင်းလောင်းကြီး နှစ်ခုရှိသည်။ တစ်ခုမှာ အရှေ့မြောက်ထောင့်တန်ဆောင်းအတွင်း၌ ၁၈၄၁ ခုနှစ်က သာယာဝတီမင်းလှူဒါန်းခဲ့သော မဟာတိဿဒ္ဓဃဏ္ဍာခေါင်းလောင်းကြီးဖြစ်သည်။ ကြေးချိန် ၂၅၉၄၀၄၉ ကျပ်သား (၄၂) တန်လေး၍ အမြင့်မှာ ၈ ပေခွဲရှိသည်။

အခြားတစ်ခုမှာ အနောက်မြောက်ထောင့် တန်ဆောင်းတွင်း၌ ရှိသည်။ ၁၇၇၈ ခုနှစ်က စဥ့်ကူးမင်းလှူဒါန်းခဲ့သော မဟာဃဏ္ဍာခေါင်းလောင်းဖြစ်သည်။ ကြေးချိန်မှာ ၁၅၅၅၅ ပိဿာရှိသည်။ ၇ ပေမြင့်သည်။

**အထက်ပစ္စယံတဝင္ဂဘုရား**

### ထီးတော်အတိုင်းအတာ

| | |
|---|---|
| ထီးတော်ဘုံများအမြင့် | ၁၆ ပေ ၃ လက်မ |
| ဘုံပေါင်း | ၇ ဆင့် |
| အောက်ဆုံးဘုံအမြင့် | ၃ ပေ ၃ လက်မ |
| အောက်ဆုံးဘုံအချင်း | ၁၄ ပေ ၁၁ ၁/၂ လက်မ |
| အထက်ဆုံးဘုံအမြင့် | ၁ ပေ ၆ လက်မ |
| အထက်ဆုံးဘုံအချင်း | ၁ ပေ ၆ ၁/၄ လက်မ |

**စေတီတော်အောက်ခြေနှင့် အထက်ပစ္စယံ**

| | |
|---|---|
| ပန်းတင်ခုံစေတီအဆူ | ၆၀ |
| ပန်းတင်ခုံထောင့်စေတီအဆူ | ၄ |
| မုခ်ဦးစေတီ | ၄ |
| မနုသီဟ (ခြေတော်ရင်းထောင့်လေးထောင့်) | ၄ |
| ခြင်္သေ့ (ခြေတော်ရင်းပတ်လည်) | ၂၄ |
| ပစ္စယံပန်းထီးတော် | ၄၄ |
| ဗြိဟ်တိုင် | ၁၂ |
| ထီးတော် | ၄ |
| ပန်းစွန့်ကန် | ၆ |
| အရှက်စံတန်ဆောင်း | ၄ |
| ဂန္ဓကုဋိတိုက်စေတီ | ၈၂ |



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

**အသင်းအဖွဲ့များ**

| | | |
|---|---|---|
| ရွှေတိဂုံရင်ပြင်ရှိအသင်းအဖွဲ့များ | – | ၁၇ ဖွဲ့. |
| ရွှေတိဂုံကုန်းတော် အလယ်ပစ္စယံရှိအသင်းအဖွဲ့ များ | – | ၃ ဖွဲ့. |
| ရွှေတိဂုံစောင်းတန်းများရှိ အသင်းအဖွဲ့များ | – | ၉ ဖွဲ့. |
| အာဇာနည်ဗိမာန်လမ်းရှိ အသင်းအဖွဲ့များ | – | ၆ ဖွဲ့. |
| ရွှေတိဂုံဘုရားလမ်းရှိ အသင်းအဖွဲ့များ | – | ၇ ဖွဲ့. |
| ကုန်းတော်အနောက်ဖက် ပစ္စယံရှိအသင်းအဖွဲ့များ | – | ၂ ဖွဲ့. |

## ငလျင်ဒဏ်ခံခဲ့ရသမျှ

၁၄၃၆ ခုနှစ် လှုပ်သောငလျင်ဒဏ်ကြောင့် ဘုရားကြီး၏ ခေါင်းလောင်းထိပြိုသည်။ ဗညားရန်၊ ဗညားဗရူး၊ ဗညားကင်းဒေါ၊ ရှင်စောပုတို့ပါဝင်၍ အဆက်ဆက်ပြုပြင်ခဲ့ရာ ဘုရားကြီး၏ ဉာဏ်တော်မှာ ၃၀၂ ပေအထိ မြင့်လာခဲ့သည်။

၁၅၆၄ ခုနှစ် ဘုရင့်နောင်လက်ထက်တွင်လှုပ်သောငလျင်ကြီးကြောင့် ဘုရားကြီးပြိုကျပြန်ရာ ၁၅၇၁ ခုနှစ်တွင် ယင်းအပျက်အစီးများကို ဘုရင့်နောင်က ပြန်လည်ပြင်ဆင်သည်။

၁၆၀၈ ခုနှစ်တွင် ငလျင်လှုပ်ပြန်သောကြောင့် ဘုရားကြီးပျက်စီးပြန်ရာ ၁၆၁၀ ခု စေတီတော်၏ ချူရားသီး၊ ဖောင်းလုံး၊ ဖောင်မအကုန် ခြေသို့ကျ၍ ခေါင်းကောင်းပုံသာ ကျန်သည်။ ၁၆၁၀ ခုနှစ်တွင် ဘုရားကြီးကို ပြန်လည်ပြုပြင်သည်။

၁၆၂၀ ခုနှစ် နိုဝင်ဘာလတွင် အနောက်ဖက်လွန်မင်းလက်ထက်တွင် လှုပ်သောငလျင်ဒဏ်ကြောင့် စေတီတော် အထက်ပိုင်း ပြိုကျပျက်စီးသွားပြီး မဟာရံတံတိုင်းများလည်း ပြိုကျသည်။ ယင်းအပျက်အစီးများကို ၁၆၂၂ ခုနှစ်တွင် ပြန်လည်ပြုပြင်သည်။

၁၆၄၄ ခုနှစ်တွင်လှုပ်သောငလျင်ကြောင့် ဘုရားကြီးပြိုကျပြန်သည်။ ယင်းအပျက်အစီးများကိုသာလွန်မင်းကြီးက ပြန်လည်ပြုပြင်သည်။

၁၆၅၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ငလျင်လှုပ်သဖြင့် ဘုရားကြီးပြိုသည်။

၁၆၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ပြည်မင်းလက်ထက်တွင် လှုပ်သောငလျင်ကြီးဒဏ်ကြောင့် ထီးတော်ဘုံသုံးဆင့် လွင့်စင်၍ မြေခသည်။

၁၆၆၄ ခုနှစ်တွင် ကြီးမားသော ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ စိန်ဖူးတော်နှင့်တကွ ထီးတော်ကြီးမှာ အနောက်မြောက်ဒေါင့်သို့လွင့်စင်ကျသည်။ ငှက်ပျောဖူးနှင့် ခေါင်းလောင်းပုံလည်းပြိုကျသည်။ ၁၆၆၇ ခုနှစ်တွင် စေတီတော်ကြီးကို ပြန်လည်ပြုပြင်သည်။

၁၆၇၉ ခုနှစ်၊ ဩဂုတ်လနှင့် နိုဝင်ဘာလတို့တွင် ငလျင်အကြိမ်ကြိမ်လှုပ်သဖြင့် စေတီတော်ကြီးပြိုကျရာ ပြည်သူအများ ဝိုင်းဝန်းပြုပြင်သည်။

၁၇၆၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ဆင်ဖြူမင်းလက်ထက်ငလျင်ကြီးလှုပ်သဖြင့် စေတီတော်ကြီး၏ သပိတ်မှောက်အထက်ပိုင်း စေတီပစ္စယံပန်းတင်တို့ ပျက်စီးသွားသည်။

၁၈၈၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် လှုပ်သောငလျင်ဒဏ်ကြောင့် ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့မှာ အောက်သို့ကျသည်။ ရွဲအထက်မှ အင်္ဂတေများကွာကျသည်။

၁၉၁၉ ခု၊ ဩဂုတ်လ ၁၉ ရက်ငလျင်လှုပ်ပြန်ရာ ငှက်မြတ်နားတိုင် ယိုင်သည်။

၁၉၃၀ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ငလျင်လှုပ်သဖြင့် ငှက်မြတ်နားတိုင်ဘော် တွဲလွဲကျသည်။

၁၉၇၀ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေ့နှင့် ၆ ရက်နေ့တွင် ငလျင်ကြီးများလှုပ်၍ စေတီတော် ပိန္နဲတိုင်စောင်းကာ ဆွဲလွဲအချို့ပြုတ်ကျသည်။ ၁၉၇၁ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ယမန်နှစ်ကငလျင်ဒဏ်ကြောင့် တိမ်း စောင်းသွားသော ပိန္နဲတိုင်ကိုပြုပြင်ခြင်း၊ ထီးတော်စစ်ဆေးခြင်း၊ ငှက်မြတ်နားပြုပြင်ခြင်း၊ ရွှေပြားနှင့်ရတနာများ၊ ဆွဲလွဲများ လှူခြင်းများ၏ သိန်းတစ်ရာကျော်ဖိုးမျှ အလှူတော်အစုစုကို ရေစက်ချလှူဒါန်းသည်။

(ပြုစုသူ–ဦးဉာဏ်မြင့်)

၁၉၉၀ – သိင်္ဂုတ္တရ ဥယျာဉ်ကြီးကို ၈၅–သိန်းကျော်အကုန်အကျခံ၍ တည်ဆောက်နိုင်ခဲ့သည်။

၁၉၉၁ – မဟာဗုဒ္ဓဇယန္တီ ဗုဒ္ဓဝင်ပြခန်းတော်ကြီးကို သိန်း ၂၁၀–အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။

– ရှ၄–သိန်းတန် ရွေ့လျားစက်လှေကားကို အနောက်ဘက်စောင်းတန်း၌ တပ်ဆင်နိုင်သည်။

– ၉–လကာလ အချိန်တိုအတွင်း ၁၂၅၈–သိန်းဖိုး ရွှေသင်္ကန်းကပ်၍ ပူဇော်နိုင်ခဲ့သည်။

၁၉၉၂ – ရွှေတိဂုံစေတီတော်ပြတိုက် ပိဋကတ်တိုက်နှင့်မော်ကွန်းတိုက်ကို ကျပ် ၂၉၃ သိန်း + နိုင်ငံခြားသုံးငွေ စက်ဘွေ့ဒေါ်လာ ၂.၁ သိန်း အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com






Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

## ရွှေတိဂုံစေတီတော်သို့ဘုရားဖူးတစ်ခေါက်

မြတ်ဘုရားရွှေတိဂုံသို့ ဘုရားဖူးသွားရောက်လိုသူများသည် သိင်္ဂုတ္တရကုန်းတော်သို့ စောင်းတန်း ၄–သွယ်မှ တက်ရောက်နိုင်သည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဟူသော စောင်းတန်းများဖြစ်ကြသည်။

ဘုရားဖူး အများဆုံးသွားလာကြသောစောင်းတန်းကား တောင်ဖက်စောင်းတန်းဖြစ်သည်။ မြို့လယ်နှင့်အနီးဆုံး ဖြစ်သောကြောင့်ဖြစ်သည်။ ယခု ရန်ကုန်မြို့လယ် ရွှေတိဂုံဘုရားလမ်းနှင့် တဖြောင့်တည်းဖြစ်သည်။

## တောင်ဘက်မုခ်

တောင်ဘက်မုခ် – စောင်းတန်းသို့မရောက်မီ တန့်တော်မူစေတီနှင့် ခြသေ့်ရုပ်တုတစ်ခုကိုတွေ့ရပါမည်။ ရှေးအခါက တောင်ဘက်စောင်းတန်းသည် ဤစေတီမှအစပြုသည်ဟုသိရသည်။ ယခုတော့ မော်တော်ကားလမ်းက နေရာယူပြီ ဖြစ်သည်။

ဤစောင်းတန်း၏ ယာဘက်လမ်းဘေးတွင် ဘေးမဲ့လိပ် ငါးကန်နှင့်အတူ မဟာဝိဇယစေတီတော်ကို ဝင်ရောက်ဖူးမြော်နိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ပတ်ဝန်းကျင်မှ ထင်ရှားသောအဆောက်အဦအချို့

တောင်ဘက်မုခ် တန့်တော်မူစေတီရောက်ခါနီး ကန်တော်မင်ပန်းခြံအတွင်း၌

(က) ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂူဗိမာန် (၁၉၆၄) ကွယ်လွန်

(ခ) အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ကတော် ဒေါ်ခင်ကြည်၏အုတ်ဂူ

(ဂ) သီပေါမင်း၏ မိဖုရားခေါင် စုဖုရားလတ်၏အုတ်ဂူ (၁၉၂၅) ကွယ်လွန်

(ဃ) ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ အုတ်ဂူတို့ကို မြင်တွေ့နိုင်ပါသည်။

ဤပန်းခြံကြီးအတွင်း၌ ရွှေတိဂုံရင်ပြင်တော်ပေါ်၌ တစ်ချိန်က မြန်မာတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရာက ကျဆုံးခဲ့သော အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သားတို့၏ အလောင်းများကို ပြောင်းရွှေ့မြှုပ်နှံထားရှိသည်။

------- နေ့က အခမ်းအနားဖြင့် ရွှေတိဂုံရင်ပြင်ပေါ်မှ ရွှေ့ပြောင်းထားရှိခြင်းဖြစ်သည်။






Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ယာဖက်တွင်

※ ကျားသူငွေးလှူဒါန်းသောလိပ်ကန်
ယခုမဟာဝိဇယစေတီတော်ခြေရင်း၌ တည်ရှိသည်။ ခေတ်နှင့်လျော်ညီစွာ ပြုပြင်ထားပြီးဖြစ်သည်။
ရှေးကကဲ့သို့ နတ်စင်များမရှိတော့ပါ။

※ မဟာဝိဇယစေတီတော်တို့ကို ဖူးတွေ့နိုင်ပါသည်။

※ တချိန်ထဲမှာ အင်းလေးဓမ္မာရုံအတွင်း၌ မဟာဝိဇယစေတီတော်အလှူခံဌာန



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ရဟန္တာသမုတ်သောသိမ်တော်
ရန်ကုန်မြို့မှ ရှေးကျပြီးထင်ရှားသောသိမ်တော်
ဘစ်ခုအပါအဝင်ဖြစ်သည်။
မည်သူမဆိုအတွင်းသို့ ဝင်ရောက်ဘုရားဖူးနိုင်ပါသည်။
တောင်ဖက်မုခ်အနီးတွင်တည်ရှိသည်။





Generated by CamScanner from intsig.com

www.burmeseclassic.com



တန့်တော်မူစေတီတော်ကို ကျော်ပြီးသွားပါက
ဝဲဘက်တွင် ခမ်းနားစွာတည်ဆောက်ထားသော
ပိဋကတ်တိုက်ကို တွေ့မြင်ရမည်ဖြစ်သည်။



အသစ်ပြုပြင်ထားသောလမ်းနှင့် ရွှေတိဂုံစေတီတော်မှဘုရားဖူးများ
မဟာဝိဇယစေတီတော်ဖက်သို့ အလွယ်တကူကူးနိုင်ရန်
တည်ဆောက်ထားရှိသော ကျက်သရေရှိလှသည့် လူကူးတံတား



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနား – ခံ့ညား ကြီးကျယ်သော တပ်မတော်မျှော်ရုံကြီး





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



တောင်ဖက်မုခ်တွင် ခြသေ့ကြီးနှစ်ကောင်ကိုတွေ့ရမည်။ အမြင့်ပေ ၃၀ ခန့်ရှိ၏။ ၁၈၈၈ ခုနှစ်တွင် ပုဇွန်တောင် ပွဲစားကြီးတစ်ဦးလှူဒါန်းခဲ့သော ခြသေ့ရုပ်ကြီးများဖြစ်သည်။ ခြသေ့ကြီးများ၏နောက်ကွယ် ဘယ်ဖက်ညာဖက်တွင် မှိုင် ထိုင်ထိုင်နေသော ဘီလူးကြီးနှစ်ရုပ်ကိုတွေ့ရမည်။ ထိုဘီလူးရုပ်ကြီးများမှာ ၁၈၄၁ ခုနှစ်တွင် ရွှေဘိုမင်းခေါ် သာယာဝတီမင်း ရန်ကုန်မြို့သို့ကြွရောက်စဉ်က မုခ်ဝတွင်ထားရှိရန် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

တောင်ဖက်မုခ်မှ ဘုရားဖူးတက်သူတို့သည် ပေ ၃၀ ကျော်မြင့်သည့် ခြသေ့ရုပ်ကြီးများကို စောင်းတန်းထိပ်၌တွေ့ရမည်။




အဝေးမှမြင်တွေ့ရသော ရွှေတိဂုံစေတီတော်
တောင်ဖက်မုခ်နှင့်ခြသေ့ကြီး



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





သာယာဝတီမင်း၏ကောင်းမှု ကျောက်ဘီလူးကြီး



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

**မုခ်ဦးအာရုံခံတန်ဆောင်း**

ရင်ပြင်တော်သည် လင်းလင်းချင်းချင်းရှိလှ၏။ ဘုရင်မကြီး ရှင်စောပုလက်ထက်ကပင် ဤရင်ပြင်၌ ကျောက်ပြား များအပြည့်ခင်းထားသည်။ ဘုရားဖူးသည် တောင်ဖက် မုခ်ဦးတန်ဆောင်း ကွယ်၍နေသောကြောင့် စေတီတော်ကြီးကို ချက်ချင်းဖူးတွေ့ရဦးမည်မဟုတ်၊ တန်ဆောင်းတွင်းမှ ရုပ်ပွားတော်များကိုသာ လှမ်း၍ဖူးနိုင်မည်ဖြစ်သည်။ ဤ မုခ်ဦးတန် ဆောင်းတွင် ဘဒ္ဒကမ္ဘာ၌ပွင့်ခဲ့ပြီးသော ဘုရားလေးဆူအနက် ဒုတိယမြောက်ဖြစ်သော ကောဏာဂုံ (ကောဏာဂမန) ဘုရား ရှင်ကိုယ်တော်ကို ရည်စူး၍ ရုပ်ပွားတည်ထားခြင်းဖြစ်သည်။ ယင်းရုပ်ပွားမှာ အတွင်းအကျဆုံးနေရာတွင် ရှိသည်။ စဥ့်ကူး မင်းကောင်းမှုဖြစ်၏။ တန်ဆောင်းမှ လင်းနို့တောင်ခေါ် တိုင်ဖုံးများမှာ အသန်းတကြွယ် တင့်တယ်လှသည်။ တန်ဆောင်း အတွင်း၌ ဘုရားရှင်ကိုယ်တော်၏ပုံတော် ရုပ်ပွားအဆူဆူရှိသေး၏။ အချို့မှာ အတော်ရှေးကျသော ရုပ်ပွားများဖြစ်သည်။ တန်ဆောင်းလှူသူ မူလကုသိုလ်ရှင်တို့မှာ ဦးဘရီ၊ ဒေါ်သန်းမေတို့ ဖြစ်လေသည်။

အတန်ငယ်မှောင်ရိပ်ကျနေသည့် တဖက်တချက်တွင် ဈေးသည်တွေကအပြည့်– စာအုပ်ဆိုင်များ၊ နံ့သာန်ကုန်များကို အပြိုင်အဆိုင် ရောင်းနေကြသည်ကို တွေ့ရပါမည်။



တောင်ဖက်စောင်းတန်း လှေကားထစ်များအဆုံးတွင် လင်းချင်းသော ရင်ပြင်တော်သို့ ဆိုက်ရောက်၍ တောင်ဖက်မုတ်ဦး အာရုံခံ တန်ဆောင်းကို ဦးတိုက်မိသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# စေတီတော်အနောက်ဘက် စောင်းတန်း

ပြည်သူ့ဥယျာဉ်၊ ဦးဝိစာရလမ်းမကြီးတို့ဘက်က ဝင်ရသော နိုင်ငံတကာ ဧည့်သည်တော်များကို လက်ခံကာ ကြိုဆိုရာ အလွန်ခန်းနားတင့်တယ်ပြီး ကျက်သရေရှိသော စောင်းတန်းဖြစ်၏။ ယခုအခါ-

- ရွှေ့လျားစာတ်လှေကား
- သိဂ္ဂုတ္တရ ဥယျာဉ်တော်
- မဟာဗုဒ္ဓဝင်ပြခန်းတို့ ထပ်ဆင့် တန်ဆာဆင်ထားသဖြင့် အလွန်ပဏာတင့်နေသော စောင်းတန်းကြီးလည်းဖြစ်ပါသည်။

၁၈၅၆ ခုနှစ်ကစပြီး အင်္ဂလိပ်အစိုးရက ရွှေတိဂုံကုန်းတော်ကို ခံတပ်အဖြစ် တည်ဆောက်ခဲ့ရာက အနောက်ဘက် စောင်းတန်းတဝိုက်ကို ဗုဒ္ဓဘာသာဝင်များ ဖြတ်သန်းသွားလာခွင့် မရခဲ့ချေ။ နှစ်ပေါင်း ၁၀၀ ကျော်ကြာပြီး ၁၉၂၉ ခုနှစ်ရောက်မှ မြန်မာတို့လက်သို့ ပြန်လည်အပ်နှင်းသည်။

အနောက်ဘက်စောင်းတန်း ဖွင့်ပွဲပြီးချိန် မကြာမီ စောင်းတန်းကြီးသည် မီးလောင်ကျွမ်းခဲ့သည်။ အနောက်ဘက်စောင်းတန်း၏ မူရင်းဒါယကာမှာ မိဘုရားတစ်ပါးဖြစ်ခဲ့သူ မမြလေးဖြစ်ခဲ့၍ သူမ၏ဘဝမှာလည်း ရင်နင့်စရာ၊ ယင်းအကြောင်းတို့ကို ကျန်စာအုပ် တတိယတွဲတွင်ရှုပါ။

ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်း




Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



**ဓါတ်လှေခါး**

အဆိုပါ သမရိုးကျလှေကားမှ မတက်နိုင်သူများအတွက် ဓါတ်လှေခါးလည်း အသင့်ရှိသည်။ ဓါတ်လှေခါး ၄ စင်း အနက်တစ်စင်းကို နိုင်ငံခြားသားဧည့်သည်များအတွက် သီးသီးသန့်သန့် ထားရှိသည်။ ဓါတ်လှေကားထိပ် ရင်ပြင်တော်ပေါ်တွင် ဒေါက်တာထွန်းနောင်၊ ဒေါ်စံရှားတင်တို့၏ အလှူတော် ရွှေတိဂုံစေတီပော်သမိုင်း ပန်းချီကားချပ်ကြီးများ ရှိသည်။ ယင်းတို့၏ယာဖက်တွင် ရွှေတိဂုံစေတီတော် ဂေါပကရုံးရှိသည်။ ဂေါပကရုံးတွင် မိမိလိုသောအကူအညီ၊ အလှူအတန်း ပြုလုပ်နိုင်သည်။ မသန်မစွမ်းသူများအတွက် လက်တွန်းလှည်းများကိုလည်း အသင့်ထားရှိသည်။

ဂေါပကရုံးထိပ်မှ နတ်သားနတ်သမီးရုပ်နှစ်ခုမှာ ပန်းပုလက်ရာကောင်းမွန်သဖြင့် နိုင်ငံခြားသားများ ဓါတ်ပုံရိုက်ယူကြသည်။

*ဂေါပကရုံးတွင် ဓါတ်ပုံကင်မရာပါလာသူများအတွက် ကင်မရာအလှူငွေ

*နိုင်ငံခြားသားများအတွက် သတ်မှတ်ထားသော အလှူငွေပေးဆောင်ကြရသည်။



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



ရွှေချထားသောတိုင်ကြီးများနှင့် တည်ဆောက်ထားသောသိမ်ကြီးဈေးသူဈေးသားများ၏ အလှူတော်နှစ်ပြားဖြစ်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com







ဦးဝိစာရလမ်းမှ ဝင်ရသောမုခ်ဖြစ်သည် စေတီတော်မုခ်ဝလမ်းတစ်ဘက်တွင် အပန်းဖြေဇရပ် ပြည်သူ့ဥယျာဉ်ကြီးရှိသည်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်စောင်းတန်းတစ်ဝိုက်

ဦးဝိစာရလမ်းဆိုသည်မှာ ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေးအတွက် အစာအငတ်ခံပြီး အသက်စွန့်ခဲ့သောဆရာတော်ဦးဝိစာရကို ဂုဏ်ပြုထားသောလမ်းမကြီး ဖြစ်၏






Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ စောင်းတန်းလှေကားထစ်များကို နင်းရန်မလိုဘဲ ဓာတ်လှေကားဖြင့်ပင် စေတီတော်ရင်ပြင်အရောက် အလွယ်တကူနှင့် တက်ရောက်ဖူးမြော်နိုင်ကြသည်။ သက်ကြီးရွယ်အိုများ နာမကျန်းရှိသူများအတွက် အဆင်ပြေစေသည်။ ဘုရားကြီးကို တပင်တပန်းတက်၍ ဖူးပြီးအားရပါးရကုသိုလ်ယူလိုက်မည် ဆိုသူတို့မှကား ရင်ပြင်တော်ပေါ်သို့ ရှေးဘုရားဖူးများနည်းတူ အရပ်လေးမျက်နှာရှိ စောင်းတန်းလေးသွယ်မှ တက်ရောက်နိုင်ကြသည်။



ရွှေတိဂုံစေတီတော် နှစ်ပြားတန်းဆောင်းအဝင်ဝ စေတီတော်ဘက်မှ မြင်ကွင်း



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# အရှေ့ဘက်မုခ်ဦး ဗဟန်းဘက်မှ

ဗဟန်းဘက် ဘုရားမုခ်တဝိုက် စေတီတော်ကို အဝေးမှ ဖူးတွေ့ရသောပုံ



ယခင် ဤနေရာတစ်ဝိုက်မှာ ကျူးကျော်အိမ်များဖြင့် ဖြစ်ခဲ့ရာက

ယခုအခါ လမ်းကျယ်ကြီးများနှင့် သန့်ပြန့်လျက်ရှိ၏။ ဌာနပေါင်းစုံမှမဏ္ဍာရုံကြီးများကို အပြိုင်တည်ဆောက်လျက်ရှိသည်ကို မြင်တွေ့နိုင်ပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ယခင်က ဤဘုရားတစ်ဝိုက်မှာ ကျူးကျော်အိမ်များဖြင့် ဖြင်ခဲ့ရာက ယခုအခါ လမ်းကျယ်ကြီးများနှင့် သန့်ပြန့်ကျက်မှိုင်း ဌာနပေါင်းစုံမှ ဓမ္မာရုံကြီးများကို အပြိုင်ကြည်ဆောက်လျက်ရှိသည်ကို မြင်တွေ့နိုင်ပါသည်



တောင်းကန်းတစ်နေရာကို အာဇာနည်လမ်းမကြီးက ဖြတ်သန်းသွားရာ၊ ယင်းနေရာ၌ တင့်တယ်သောပြာသာဒ်များဖြင့် ပြုပြင်ထားရှိသည်။ ဤနေရာတွင် ရင်ပြင်ပေါ်တက်ရန် ဓာတ်လှေခါးလည်းရှိသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





အရှေ့ဘက်မုခ်ဦးတစ်ဝိုက်

၊ခန်းနားသော သံတန်ဆောင်းကြီးအတွင်းမှ ကြေးသွန်းရုပ်ပွားတော်နှင့်လိပ်ကန် ရှင်ဥပဂုတ်အဆောင်တော်



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





ဗဟန်းလမ်းမကြီးတစ်လျှောက် အသစ်တည်ဆောက်လျက်ရှိသော ဌာနပေါင်းစုံမှ ဓမ္မာရုံများ



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





အဏ္ဏဝါဓမ္မရုံ ကုန်သွယ်/လယ်ယာဓမ္မရုံ



ရွှေရင်အေး ဓမ္မာရုံ



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ရွှေတိဂုံဘုရား ဝန်းကျင်သည် စင်ကြယ်သော သာသနာ့မြေ ဖြစ်လာ၏။ ရွှေတိဂုံဘုရား၏ တန်ခိုးအရှိန်အဝါနှင့် လိုက်ဖက်စွာ သာသနိက အဆောက်အအုံသစ်များ ပေါ်ထွက်လာသည်မှာ ပန်းရလှ ပေသဖြင့် ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် ကြည်နူး သဒ္ဓါ ဖြစ်ရ ပေတော့သတည်း။

ပညာရေး မျှော်ရုံ



စောင်းတန်းတစ်လျှောက် ပစ္စည်းမျိုးစုံကို ရောင်းချပေးသော ဈေးဆိုင်မျိုးစုံရှိသည်။
(ဤစောင်းတန်းန ဘေးမှ ရွှေတိဂုံစေတီတော်သမိုင်း မှတ်တမ်းကျောက်စာရုံကို ရင်ပြင်တော်ပေါ်ရှိ အဆောက်အဦးသစ်သို့ ပြောင်းရွှေ့ထားရှိပါသည်။)



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်တိုင်း သံဃာအဖွဲ့



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





မွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com





သမိုင်းဝင် တက္ကသိုလ်ကျောင်းသားသပိတ်မှ ပေါက်ဖွားခဲ့သော အမျိုးသားကောလိပ်ဖွင့်ခဲ့သော နေရာများ



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဘက်စောင်းတန်း

ရေးယခင်က လူသွားအနည်းဆုံး ဖြစ်ခဲ့၏။ ရွှေဂုံတိုင်ဘက်မှ ဘုရားဖူးများ တက်ကြသော လမ်းဖြစ်၏။ လွှပ်လပ်ရေးရပြီးချိန်အထိ ဤစောင်းတန်းတွင် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်သို့ ပစ္စည်းများသယ်ချရန် ထရော်လီလမ်းကို ပူးတွဲဖောက်လုပ်ထားသဖြင့် သန့်ရှင်းခြင်း မရှိခဲ့ချေ။

ဤဖက်စောင်းတန်းတစ်ပိုက်တွင်–

(၁) အာဇာနည်ဗိမာန်

(၂) သူရဲကောင်းစစ်သည် ဗိမာန် တို့ကို ဝင်ရောက်လေ့လာ နိုင်သည်။

ရေးခေတ် မြန်မာ့စစ်သည်တော်များ ဓားမှသွေးများကိုဆေးခဲ့သော သွေးဆေးကန်တစ်ဖက်တွင်–

* မူလကမ္ဘာအေး စေတီ
* ဘုရားငါးဆူ တန် ဆောင်း နှင့် အချိန်ပေးနိုင်ပါက
* ရွှေတိဂုံစေတီတော်၌ ဆက်စပ်နေသော ဗောဓိကုန်းဘုရားနှင့် ဗောဓိပင်တို့ကို ဝင်ရောက်ဖူးမြော်နိုင်ပါသည်။

သူရဲကောင်းစစ်သည်ဗိမာန်နှင့်ကပ်လျက်သာ တည်ရှိသော တောလမ်းကလေး မှတစ်ဆင့် လမ်းလျှောက်သွားနိုင်သော နေရာတော်ဖြစ်ပါသည်။

အသစ်ပြုပြင်ဆောက်လုပ်ထားသော မြောက်ဘက်တန်းစောင်း မုခ်ဦး





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်စောင်းတန်း ဓာတ်လှေကား ရင်ပြင်တော်ဘက်မှ မှခ်ဝ



ပြန်လည်ပြုပြင်ပြီးစီးပြီးသော မြောက်ဘက်ဘုရားတန်ဆောင်းနှင့်ဓါတ်လှေကား



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဘုရားရင်ပြင်တော်ပေါ်မှ ဘုရားဖူးပရိသတ်

နံနက်အာရုံတက်ချိန်မှ ည–ဘုရားတံခါးပိတ်ချိန်အထိ ရွှေတိဂုံစေတီတော်မှာ ဘုရားဖူးပရိသတ်များဖြင့် အစဉ်စီကားနေပါသည်။ ဘုရားပွဲတော်နေ့မှာဆိုလျှင် ဆိုဖွယ်ရာမရှိပါ။ ညအိပ်ညနေဘုရားဖူးများဖြင့် ရင်ပြင်တော်မှာ ပြည့်လျှံနေတတ်ပါသည်။ ယင်းတို့အနက် မြင်ကွင်းအချို့ကို ဖော်ပြပါသည်။



ဥပုဒ်နေ့မြင်ကွင်းတစ်ခုရွှေတိဂုံစေတီတော်ရင်ပြင်တွင်
အမြဲဘုရားဖူးပရိတ်သတ်ဖြင့်စည်ကားနေပါသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



မုံနက် အရဏ်မှ ညဥ့်နက်ထိ
စည်ကားသော မြတ်ရွှေတိဂုံ ရင်ပြင်



ဘဝ၏ နေဝင်ချိန် ကာလ အထိ
ရွှေတိဂုံကို ကြည်ညို ဦးစိုက်သည့်
ဘုရားဖူး အဖွားအို



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလှည့် ခရီးသည်တို့ လေ့လာစရာ မကုန်သည့် မြတ်ရွှေတိဂုံ





www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



ဥပုဒ်နေ့မြင်ကွင်းတစ်ခုရွှေတိဂုံစေတီတော်ရင်ပြင်တွင်
အမြဲဘုရားဖူးပရိတ်သတ်ဖြင့်စည်ကားနေပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# စေတီတော်မြတ်အား လက်ျာရစ်၍ဖူးမြော်မည်ဆိုလျှင်

ရွှေတိဂုံစေတီတော်၏မြို့နှင့်အနီးဆုံးမုခ်က တောင်ဘက်မုခ်ဖြစ်သည်။ လူအများဆုံးတက်သောစောင်းတန်းဖြစ်သည်။ မဟာဝိဇယစေတီတော်အနီး တည်ရှိ၏။ ဤစောင်းတန်းအတိုင်းတက်သွားပြီး ဘုရားကြီးကို လက်ျာတင်မပြတ် ဖူးမြော်မည်ဆိုလျှင် –

(ဘုရားဖူး၏ လက်ျာဖက်သည် စေတီတော်ကြီးရှိရာဖက်တွင် အမြဲရှိနေရမည်)

လက်ျာရစ်လှည့်၍ အနည်းငယ်လျှောက်လှမ်းမိလျှင် စေတီတော်ကြီးကိုမော်၍ ဖူးနိုင်ပေပြီ။ တစ်ကြိမ်တစ်ခါမှ မဖူးမြော်ခဲ့ဘူးပါက ဝမ်းသာအံ့အဲ လွန်ကဲသော ကြည်ညိုသဒ္ဓါဖြင့် ဖူးမြော်နိုင်ပြီ။ ဦးနိုက်နိုင်ပြီ။ အကြိမ်ကြိမ် ဖူးမြော်ပြီးပါကလည်း မရောင့်ရဲနိုင်သော ကြည်ညိုသဒ္ဓါဖြင့် ထပ်ကာတလဲဖူးမြော်နိုင်ပေပြီ။ ရှေးက မင်း၊ မိဖုရားတို့၊ မှူးမတ်၊ မင်းညီမင်းသားတို့ တိုင်းသူပြည်သားတို့ ရောက်ခဲ့၊ ဖူးခဲ့၊ လှူဒါန်းပူဇော်ခဲ့ဘူးသော မြတ်ရွှေတိဂုံ၏ အရိပ်အာဝါသကို ငါလည်း ခိုလှုံရချေပြီဟူ၍ တအားတက်ဖွယ်ဖြစ်ပေသည်။

## ဗုဒ္ဓဟူးဂြိုဟ်တိုင်

ထိုအခါ ဘုရားဖူးသည် စေတီတော်ခြေရင်းတွင် ဗုဒ္ဓဟူးဂြိုဟ်တိုင်ကို တွေ့ရလိမ့်မည်။ ဗုဒ္ဓဟူးနံ၏ အမှတ်အသားကား ဆင်ဖြစ်သည်။ ကိုယ်နှစ်ခွနှင့် မနုဿသီဟကျောက်ရုပ်များသည် စေတီခြေတော်ရင်း ထောင့်လေးထောင့်တွင် အမြိုင့်သားထိုင်လျက်ရှိသည်။ ထိုအနီးတွင် ဇော်ဂျီရုပ်၊ နတ်သမီး၊ ဘီလူးရုပ်များကို သူ့နေရာနှင့်သူ အစီအစဉ်သင့်သလို ထုလုပ်ထားပေသည်။ နတ်သမီးရုပ်ကား ဝသုန္ဓရီ နတ်သမီးပင်တည်း။

ဗုဒ္ဓဟူးဂြိုဟ်တိုင်နှင့် မျက်နှာချင်းဆိုင်တွင် စောင်းတန်းထိပ်၏ လက်ဝဲဖက်၌ ၁၈၆၆ ခုနှစ်က ဘုရားဂေါပကဟောင်း ဦးရောင်လေးလှူဒါန်းခဲ့သော ဇရပ်နေရာတွင် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ဆန်လှူရာတန်ဆောင်းရှိသည်။

ဆက်၍လျှောက်ခဲ့ပါလျှင် အနောက်တောင်ထောင့်၌ စနေဂြိုဟ်တိုင်ကိုတွေ့ရမည်။ စနေနံ၏ အမှတ်အသားမှာ နဂါးဖြစ်သည်။ နေ့နံသင့်သောသူတို့သည် ဤနေရာ၌ ရေလှူကြသည်။ ပန်းကပ်ကြသည်။ ဆီမီးပူဇော်ကြသည်။ ထိုထောင့်၌ မျက်နှာချင်းဆိုင်နေရာ လက်ဝဲဖက်တွင် စီ၊ အမ်၊ အေ ခေါ် ပုညကုသလဗဟုကာရအသင်း၏ တန်ဆောင်းရှိသည်။ ခရစ်နှစ် ၁၈၉၈ ခုနှစ်တွင်တည်ထောင်သည်။ တန်ဆောင်းအတွင်း၌ နှစ်ကျိပ်ရစ်ဆွဲရုပ်ပွားများနှင့် ဗုဒ္ဓဝင်ပန်းချီကားများရှိ၏။ ထိုတန်ဆောင်း၏ဘေးတွင် ယခင်က တရုတ်ဘုံကျောင်းပုံ တန်ဆောင်းဖြစ်ခဲ့ပြီး ယခုအခါ အမိုးပြာသာဒ်ကို ပြုပြင်ထားသော ရွှေတောင်ငွေတောင်တန်ဆောင်းကို တွေ့ရမည်။ တန်ဆောင်းအတွင်း၌ တရုတ်အမျိုးသားဟန်လက်ရာများကို တွေ့နိုင်သေးသည်။ မူလကုသိုလ်ရှင်မှာ ဦးတင်ယား၊ ဒေါ်နုဖြစ်ပြီး ဦးကစ်၊ ဒေါ်မလေးတို့က ပြင်ဆင်မွမ်းမံထားသည်။ ထိုတန်ဆောင်းကိုပတ်၍ အနောက်ဖက်သို့ပင်လျှင် ပုညကုသလဗဟုကာရအသင်း၏နောက်၌ လင်းလွန်းပင်တစ်ပင်ရှိလေသည်။ လင်းလွန်းပင်သည် ဘုရားရှင် ပွင့်တော်မူပြီးနောက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ဝင်စားခဲ့ရာ ခုနစ်ခုမြောက်သတ္တာဟဌာနမှ သစ်ပင်မျိုးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့ကလေးစားသမှုပြုကြလေသည်။ အဆိုပါလင်းလွန်းပင်အောက်၌ဘုရားရှင်သီတင်းသုံးတော်မူစဉ် တဖုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့ ဘုရားဖူးခဲ့ကြခြင်းဖြစ်သည်။

## အနောက်တောင်ထောင့်ရင်ပြင်

ဘုရားဖူးသည် ထိုနေရာမှဆက်၍ စေတီခြေရင်းကို မပတ်သေးဘဲ ရင်ပြင်ထောင့်သို့ခြေဦးလှည့်၍ ကြည့်နိုင်သေးသည်။ အနောက်တောင်ထောင့်ရင်ပြင်သည် ၁၉၂၀ ပြည့် ကျောင်းသားသပိတ်ခေါင်းဆောင်များ စည်းဝေးခဲ့သောနေရာဖြစ်သည်။ ဗောဓိညောင်ပင်ရှိရာအရပ်ဖြစ်သည်။ ညောင်ပင်အနီး ရင်ပြင်တံတိုင်းအစပ်မှ အောက်သို့ ငုံ့ကြည့်နိုင်သည်။ ကုန်းတော်အလယ်ပစ္စယာတွင် အင်္ဂလိပ်တပ်များ ခံယမ်းတိုက်ပြုလုပ်ခဲ့ရာနေရာကို လှမ်း၍မြင်နိုင်သည်။ ဤစနေထောင့်တွင် ၁၉၂၀ ပြည့်သပိတ်မှောက်ကျောင်းသားများ အထိမ်းအမှတ်ကျောက်တိုင်ကို ၁၉၇၃ ခုနှစ်တွင်စိုက်ထူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



– ရွှေတောင် ငွေတောင်တန်ဆောင်း
တရုတ်အမျိုးသားဟန်လက်ရာ ကျောက်တွင်းရုပ်တုများကို မြင်တွေ့နိုင်ပါသည်



ရန်ကုန်မြို့မှ တရုတ်ဗုဒ္ဓဘာသာဝင်များ၏ EMA ပုညကုသလအသင်းတည်ရာ တန်ဆောင်း



www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



နေလဘုရားနှင့် အောင်ရွှေထီးဓမ္မာရုံ





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





အောင်ရွှေထီးဝတ်အနီးမှ မြင်ကွင်းတစ်ခု



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်တန်ဆောင်း

## ရခိုင်တန်ဆောင်း

ထိုနေရာမှပင် ခြေတော်ရင်းသို့ ပြန်ရောက်အောင် စေတီကြား၊ စရပ်ကြားမှ ပြန်ထွက်ခဲ့ပါလျှင် သဘော်သူကြီးကိုသင်၊ မသက်ပြင်းတို့တန်ဆောင်းရှိသည်။ မင်းကြီး–ဦးဘတန်ဆောင်းဟုလည်းခေါ်သည်။ ပန်းပုရုပ်များလင်းနို့တောင်တွင်ရှိသည်။ ထိလပ်ပိုးဥဇာတ်နှင့်မောင်ပေါက်ကျိုင်းဇာတ်ကို သရုပ်ဖော်ထားသည်။ ထို့နောက် ဒေါ်ဦးတန်ဆောင်းရှိသည်။ သီလရက္ခိတ ဥပသကာအဖွဲ့တည်ရာဖြစ်၏။ လက်ယာဖက်တွင် ရခိုင်တန်ဆောင်းရှိသည်။ အရှေ့ပါကစ္စတန်မှ



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

ရခိုင်အမျိုးသားပွဲစားများ လှူဒါန်းသောတန်ဆောင်းဖြစ်၏။ စဥ့်အိုးတန်းမှ ရခိုင်ပွဲစားကြီးဦးဘထော်နှင့် ဦးနိုးအောင်တို့ ကြီးမှူးသည်ဟု ကမ္ပည်းထိုးထားသည်။ ဤတန်ဆောင်းသည် ပဒင်းတန်း အာရုံတော် ဝတ်အသင်းတည်ရာဖြစ်သည်။ တန်ဆောင်း၏ အမိုးထက်ရှိ ပြသာဒ်ဘုံဆင့်များမှ ပန်းပုလက်ရာများမှာ မြန်မာဗိသုကာပညာ၏ အစွမ်းကို ဖော်ပြနေသည်သို့ရှိသည်။ မန္တလေးမှ ဗိသုကာဆရာဆိုင်၏ဖခင် ဆရာခင်၏လက်ရာဖြစ်သည်ဟု သိရ၏။

ရခိုင်တန်ဆောင်းကို တောင်ဖက်မှမျက်နှာပြုလျက်ရှိသော စေတီအပါးတွင် နတ်ရုပ်ကြီးနှစ်ခုကို မှန်ပြတင်းနှင့် ထားသည်။ လက်ဝဲဖက်မှနတ်ရုပ်မှာသိကြားမင်းဖြစ်၍ လက်ျာဖက်မှာ ရွှေတိဂုံနတ်ကြီးဖြစ်သည်။ ဤနတ်ရုပ်ကြီးများသို့ ရှင်လောင်းများ၊ ရဟန်းလောင်းများ ဘုရားကိုကြည်ညိုရှင်း နှုတ်ပြုရန်လာလေ့ရှိကြသည်။ နတ်ကြီးများရှိရာ၏အနီးတွင် သစ်ပင်အချို့ရှိသည်။ ထိုသစ်ပင်များအောက်၌ ခေါင်းလောင်းများကို လူတစ်ရပ်ခန့်မြင့်အောင်ချိတ်ဆွဲထားသည်။ အလှူဒါနပြုပြီး သူတို့သည် နတ်လူသာခေါ်နိုင်စေရန် ရိုက်ထုံးကြေညာဖို့ ဖြစ်လေသည်။

ထိုအနီးတွင် သစ်သားတံခွန်တိုင်တစ်ခုရှိသည်။ တံခွန်တိုင်ထိပ်တွင် နဂါးရုံဘုရားဆင်းတုရှိလေသည်။ အခြားတံခွန်တိုင်တစ်ခုမှာ ရခိုင်တန်ဆောင်းရှေ့တွင်ရှိသည်။ တိုင်ထိပ်တွင် သိကြားရုပ်ရှိသည်။

ရခိုင်တန်ဆောင်းကိုလွန်လျှင် လျောင်းတော်မူရုပ်ပွားရှိရာ ဒေါ်ပွင့်တန်ဆောင်းကိုရောက်မည်။ ကျောက်မြောင်းရွှေဂုဏ်မြင့်အဖွဲ့တည်ရာဖြစ်၏။ ရုပ်ပွား၏အလျားတော်မှာ ၂၈ ပေရှိသည်။ ဘုရားကိုယ်တော်မြတ်ကြီး၏ ခြေတော်ရင်းတွင် ညီတော် အာနန္ဒာ၏ပုံကိုလည်းကောင်း၊ ရှေ့နားတွင် ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလန်တို့၏ပုံကိုလည်းကောင်း ဖူးတွေ့ရပေမည်။ ထိုတန်ဆောင်း၏အတွင်း၌ရှိသော ပန်းချီနှင့်ရုပ်ကြွများမှာ ကျိုက်ထီးရိုးစေတီတော်သမိုင်းကို ဖော်ပြထားသည်။ လင်းနို့တောင်များတွင် ပန်းပုဆရာကြီး ဦးရွှေတောင်၏ ပန်းပုရုပ်လုံးများရှိသည်။

ထို့နောက်တွင် ဘုရားဖူးသည် အနောက်မုခ်အတက်ဝရိရာမြောက်ဖက်သို့ ဆက်၍လျှောက်သွားပါလျှင် အုတ်စေတီကိုင့်၍ ၁၉၁၄ ခုနှစ်ကဆောက်ထားသော ဦးချိန်ကန်၊ ဒေါ်ကြည်ကြည်တန်ဆောင်းကိုတွေ့ရမည်။ (စေတီ၏ရှေ့၌ အင်္ဂလန်ပြန် မတ်ရုပ်တော်ဘုရားရှိခဲ့ဖူးသည်။ အင်္ဂလန်ပြည်သို့ ပင့်ဆောင်သွားပြီးမှ ပြန်လည်ပင့်ဆောင်လာသောဘုရားဖြစ်သည်ဟု ဆိုလေသည်။ ခြေတော်ရင်းမှာ ကြာပွင့်ခံထားသည်။ မကြာမီကမှ အင်္ဂါထောင့်ရှိ ဦးမှော်၊ ဒေါ်လေးတို့၏ ဟသ်ာရုပ် တံခွန်တိုင်ခြေရင်းလိုဏ်မှတ်သို့ ပင့်ဆောင်ထားရှိသည်။)



ဒေါ်ပွင့်တန်ဆောင်းအတွင်းမှ လျောင်းတော်မူ ဘုရားရုပ်ပွားတော်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မြောင်း ရွှေဂုဏ်မြင့်အဖွဲ့တည်ရာ ဒေါ်ပွင့်တန်ဆောင်း



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်မှပြန်ယူလာခဲ့သော ပြည်တော်ပြန်ဘုရားမတ်ရပ်တော်



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com




ယခုနေရာသစ်၌ ဖူးတွေ့ရသော အင်္ဂလန်မှပြန်ယူလာခဲ့သော ပြည်တော်ပြန်ဘုရား။





www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com



အနောက်တောင်ဇက် ပထမ ပစ္စယာ ဒုယင်မှ
သိကြားမင်းနှင့် မယ်လမုရုပ်တု

## သိကြားမင်းနှင့် မယ်လမု

ဘုရားဖူးသည် ထိုမှနေ၍ လက်ျာဖက်ရှိ စေတီတော်ပန်းတင်ခုံအနီးသို့ ချဉ်းကပ်ခဲ့ပါက ပထမပစ္စယာ ထောင့် ဒုရင်တွင် ရိုက်ဆွဲထားသောအရုပ်နှစ်ရုပ်ကို တွေ့ရမည်။ ယင်းမှာ သိကြားမင်းနှင့် မယ်လမုတို့၏ ရုပ်တုများဖြစ်သည်၊ ရွှေတိဂုံစေတီကိုတည်သော ဥက္ကလာပမင်းကြီးသည် သိကြားမင်းနှင့် မယ်လမုတို့ သင့်မြတ်၍ မွေးဖွားသောသား သည်ဟူသော ဘုရားသမိုင်းပါအချက်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ဦးချိန်တန် ဒေါ်ကြည်ကြည်တန်ဆောင်း

**အနောက်ဖက်မုခ်အာရုံခံနှင့် စောင်းတန်း**

ထိုမှ မြောက်ဖက်သို့ဆက်၍လျှောက်ခဲ့လျှင် အနောက်ဖက်မုခ်အာရုံခံတန်ဆောင်းအနီးသို့ ရောက်လာပေမည်။ အနောက်ဖက်မုခ်မှတက်သော စောင်းတန်းသည် မုခ်ဦး အာရုံခံတန်ဆောင်းကို ဦးတိုက်လျက်ရှိသည်။

အနောက်မုခ် ဓါတ်လှေကားကို အဆင်ပြေစေရန် မြောက်ဖက်မုခ်သို့ ပြောင်းရွှေ့ဆောက်လုပ်ထားသည်။ အနောက်စောင်းတန်းတွင် ယခုအခါ ခေတ်မှီရွှေ့လျား ဓါတ်လှေကားတပ်ဆင်ထားသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

## စုပေါင်းဒါန နှစ်ပြားတန်ဆောင်း

အနောက်ပက်မုခ် တန်ဆောင်းသည် ခေတ်မီတန်ဆောင်းကြီးဖြစ်၏။ ရွှေပွတ်လုံးတိုင်ကြီးများဖြင့် အလှဆင် အတယ်ဆောက်လုပ်ထားသော ပြည်သူတို့၏ ကုသိုလ်ဒါနဖြစ်သည်။ ဤတန်ဆောင်းကို "နှစ်ပြားတန်ဆောင်း" ဟုခေါ် သည်။ ကျပ်၊ ပဲ၊ ပြားသုံးကြသော အင်္ဂလိပ်လက်ထက်က ရန်ကုန်မြို့သိမ်ကြီးဈေးမှ ဈေးသူဈေးသားတို့သည် တစ်နေ့ လျှင် နှစ်ပြား (ပဲဝက်) မျှ မှန်မှန်ကောက်ခံစုဆောင်းထားသောငွေကို တန်ဆောင်းဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်၊ ရွှေအများဆုံး ချထားသော တန်ဆောင်းကြီးဖြစ်သည်။ စောင်းတန်းလှေကားထစ်များမှာလည်း စောင်းတန်းဖြက်ကျယ် သလောက် ကျယ်ပြန့်၏။ လှေကားအဆင့်ပေါင်းခြောက်ဆင့်ရှိ၍ လှေကားထစ်ပေါင်း ၁၇၅ ထစ်ရှိသည်။ ဤစောင်း တန်းကြီးကို ၁၉၃၂ ခုနှစ်တွင်ပန္နက်ချပြီး ၁၉၃၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပေသည်။၊

ဤစောင်းတန်းကား ပြည်သူပြည်သားအများ စုပေါင်းဒါန၏ သရုပ်ဖြစ်သည်။

အနောက်ဖက်မုခ်ဦး အာရုံခံတန်ဆောင်းမှာ ၁၈၄၀ ပြည့်နှစ်တွင် တစ်ကြိမ် ဆောက်လုပ်ပြီးစီးခဲ့သည်။ ယင်း နောက် ၁၉၀၀ ပြည့်တွင် ပုဇွန်တောင်မှ ဦးအောင်ကြီး ဒေါ်စောညွန့်တို့ကပြုပြင်သည်။ ၁၉၃၁ ခုနှစ်တွင်မီးကြီးသဖြင့် အလှူရှင်ဦးအောင်ကြီး ဆောက်လုပ်လှူဒါန်းသော မန္တလေးဆရာခင်၏ လက်ရာမြောက် ရာမဇာတ်ရုပ်လုံးများ ပါသည့် ပန်းပုလက်ရာများပါ ပျက်စီးဆုံးပါးခဲ့ရသည်။ ယနေ့တွေ့မြင်ရသော မုခ်ဦးအာရုံခံ–တန်ဆောင်းမှာ မီးကြီးခပြီးနောက်မှ အသစ်ပြုပြင်ထားရသောတန်ဆောင်းဖြစ်သည်။ အနောက်မုခ်ဖက် အာရုံခံတန်ဆောင်းအတွင်းဖက်ဆုံးရှိ ရုပ်ပွားတော်မှာ ကဿပဘုရားရှင်ကိုရည်စူး၍ တည်ထားခြင်းဖြစ်သည်။ ဤတန်ဆောင်းကို ခရစ်နှစ် ၁၉၇၁ ခုနှစ်တွင် သဘာဝဓမ္မဆရာ တော် ဦးစိန္တာကြီးမှူး၍ တိုင်လုံးမှပန်းများကို ကနုတ်ပန်းနွယ်များဖြင့် လှပစွာ အသစ်ပြုပြင်ထားသည်။

## တန်ဆောင်းပြာသာဒ်အမျိုးမျိုး

ထိုနေရာမှနေ၍ ရင်ပြင်စင်္ကြံ၏အပြင်ရံအနောက်မြောက်ဆီသို့ လှမ်းကြည့်လိုက်မည်ဆိုလျှင် ဇရပ်တန်ဆောင်း တို့၏ ပြာသဒ်အမျိုးမျိုးကို လေ့လာနိုင်သည်။ ပရိက္ခရာကုန်သည် ဦးမောင်ကလေး–ဒေါ်ကျုပ် ကောင်းမှုအဆောက်အအုံ မှာ ယွန်းဆောင်ပုံဖြစ်၍ ထူးခြားလှပသည်။

ထိုတန်ဆောင်း၏ မြောက်ဘက်တွင် မြင်းပျံမတင့် အာရုံတော်အဖွဲ့တည်ရှိရာ ဒေါ်ဖွားတန်ဆောင်းဖြစ်၏၊ ထို့နောက် လကျာ်ဖက်မှတန်ဆောင်းမှာ ဦးအေးမောင်ကောင်းမှု စေတနာသမ္မာရ ဝတ်အသင်းတည်ရာဖြစ်၏။ ထိုတန် ဆောင်းကို တိုင်ရှည်များနှင့်ဟပ်မိအောင် တစ်နည်းတစ်ဖုံထွင်၍ဆောက်လုပ်ထား၏။ ဤတန်ဆောင်းပုံများမှာ ဗိုဒါဂါလီ ပုံဟုခေါ်သော ခေတ်သစ်တွင်ဆောက်လုပ်ကြသောပုံမျိုးဖြစ်၏၊ ပြာသာဒ်အမိုးတွင် လွလိုးပန်းများကိုတပ်ဆင်လေ့ရှိသည်။

စေတီများလွန်လျှင် သက္ကရာဇ် ၁၂၈၇ ခုနှစ်က ဦးဘိုး၊ ဒေါ်မိုးကောင်းမှုကို ပြင်ဆင်ထားသော တန်ဆောင်း၊ ထိုဘေးမှတန်ဆောင်းမှာ အမိုးတန်းရှည်ပြီး ပြာသာဒ်သုံးဆောင်ရှိသည်။ ခြောက်ပင်ငါးခန်းဖြစ်၍ ရှေးကျသောပုံစံဖြစ် သည်။ သက္ကရာဇ် ၁၂၈၀ ပြည့်တွင်တည်ထောင်သော ဝိဝဋ္ဋနိဿိတဝတ်အသင်းတည်ရာ ဦးဘထော်တန်ဆောင်းဖြစ်၏၊ ထိုတန်ဆောင်းကြီး၏ ရှေ့နားရင်ပြင်ကျယ်တွင် အထွတ်၌ရွှေချထားသော စေတီငယ်တစ်ဆူရှိသည်။ ထိုစေတီမှာ ထောင့် ရှစ်ထောင့်ရှိ၍ မျက်နှာရှစ်ဖက်တွင် မုခ်ပေါက်များထွင်းထားသည်။ နေ့ရှစ်နေ့၊ ဂြိုဟ်ရှစ်လုံးကိုပြသည်။ အရုပ်ရှစ်မျက်နှာ အလိုက် တစ်မျက်နှာတွင် တနင်္လာ၊ အင်္ဂါစသည်ဖြင့်ပြထားပြီး ဆိုင်ရာဂြိုဟ်ရုပ်များကိုလည်း နေ့နံအလိုက် ပြထားလေ သည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## စဥ့်ကူးမင်းခေါင်းလောင်း

ရှစ်မျက်နှာဘုရား၏ အနောက်ဖက်တွင် စဥ့်ကူးမင်း၏ မဟာဂန္ဓာခေါင်းလောင်းကြီး ရှိသည်။ ခေါင်းလောင်းဧရပ်၏အုတ်ခုံမှာ ရင်ညွန့်ခန့်မြင့်သည်။ ဦးဘိုးကြီး၊ ဒေါ်ကြီး တန်ဆောင်းဟုခေါ်သည်။ ၁၂၈၃ ခု၊ ဦးရွှေနီ-ဒေါ်မောကောင်းမှု ကမ္ပည်းကိုလည်း တွေ့ရသည်။ ၁၇၇၈ ခုနှစ်အတွင်း သွန်းလုပ်ခဲ့ခြင်းဖြစ်၍ နှစ်ပေါင်း ၂၀၀ နီးပါး ရှိခဲ့ပြီ။ အင်္ဂလိပ်တို့က သယ်ယူသွားရာတွင် ရန်ကုန်မြစ်အတွင်းသို့ကျ၍ ၁၈၂၄ ခုနှစ်တွင် မြန်မာတို့ကဆယ်ယူထားသော ခေါင်းလောင်းကြီးဖြစ်သည်။

စဥ့်ကူးမင်းခေါင်းလောင်း၏အလေးချိန်မှာ ၁၅,၅၅၅ ပိဿာရှိသဖြင့် တန်ချိန်အားဖြင့် ၂၄ တန်ခန့်လေးသည်။

ခေါင်းလောင်းကြီးတန်ဆောင်း၏ညာဖက်တွင် တောင်ဖက်ကိုမျက်နှာပြုထားသော ကျယ်ဝန်းသည့်တန်ဆောင်းကြီးတစ်ဆောင်ရှိသည်။ ယခင်က လူထုစည်းဝေးပွဲများ ကျင်းပခဲ့ရာနေရာဖြစ်သည်။ တန်ဆောင်းတွင်းရှိ တင်ပျဉ်ခွေရုပ်ပွားမှာ ဉာဏ်တော် ပေ ၃၀ ခန့်မြင့်သည်။ တန်ဆောင်းဒါယကာမှာ ဦးစံထွန်း-ဒေါ်နှစ်တို့ဖြစ်သည်။ ဦးဘိုးကင်း-ဒေါ်သက်စု ကောင်းမှု ကမ္ပည်းထိုးထားသော တန်ဆောင်းမှာ ရုပ်ပွားတော်ကြီးရှေ့မှ ဖြစ်သည်။ တန်ဆောင်းအတွင်း၌ သီတင်းနေ့များတွင် တရားပွဲရှိသည်။ ယင်း၏ဘေးအနောက်ဖက်မှ အမိုးချင်း ယှဉ်လျက်ရှိသောတန်ဆောင်းမှာ ဦးဘိုးသောင်း-ဒေါ်ဒေါ်စု၏ ၁၉၂၃ ခုနှစ်ကကောင်းမှုဖြစ်သည်။ ဘုရားဖူးသည် ဤတန်ဆောင်းအတွင်းမှနေ၍ စေတီတော်ကို ကောင်းစွာဖူးမြော်ကြည်ညိုနိုင်သည်။

စဥ့်ကူးမင်းခေါင်းလောင်းဆောင်ရှိရာ ပြာသာဒ်



အနောက်ဖက်မုခ်ဦး အာရုံခံတန်ဆောင်း အတွင်းမှနေ၍ အနောက်မြောက်ရင်ပြင် တစ်ခွင်သို့ကြည့်လျှင် ဦးစံထွန်း တန်ဆောင်းနှင့် မုခ်ပေါက်ရှစ်ခုရှိသော ရှစ်မျက်နှာစေတီတို့ကို တွေ့နိုင်သည်။ စဥ့်ကူးမင်းခေါင်းလောင်းတန်ဆောင်းမှာ လက်ဝဲဖက်၌ မီးစင်နှင့်တညီတည်းရှိသော ပြာသာဒ်များရှိရာတန်ဆောင်းဖြစ်သည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ရှစ်ထောင့်ရှိ နေ့ရှစ်နေ့ ဂြိုဟ်ရှစ်လုံးကို ပြထားသောစေတီငယ်



ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်း တန်ဆောင်း



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



နေ့နံ့စေတီနှင့် စည်းဝေးပွဲများ တရားပွဲများကျင်းပရာ ချမ်းသာကြီးတန်ဆောင်းကြီး





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





ရွှေတိဂုံစေတီတော် ရင်ပြင်တန်ဆောင်းများသည်
ဗုဒ္ဓဘာသာတိုးတက်ထွန်းကားစေရန် အမြဲတစေ အထောက်အကူပြုလျက် ရှိပါသည်။

ဗုဒ္ဓစွယ်တော်ပွား ကိန်းဝပ်စံပါယ်တော်မူရာ ချမ်းသာကြီးဘုရားရှေ့ အာရုံခံတန်ဆောင်း



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ရှင်စောပု ဆုတောင်းပြည့်ဘုရား



ဤတန်ဆောင်းနှစ်ခုကိုဖြတ်၍ ရင်ပြင်အနောက်ဖက်ထောင့်သို့အဝင်တွင် ဘုရားဖူးသည် ပန်း၊ ဆီမီး၊ အမွှေးဘိုင်တို့မပြတ်ရှိနေသော ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့နိုင်မည်။ ရုပ်ပွားမှာ စေတီငယ်တစ်ဆူ၏ လိုဏ်မုဒ်အတွင်း၌ရှိသည်။ ဆုတောင်းပြည့်ဘုရား (ရှင်စောပုဘုရား)ဟုဆိုကြသည်။ စေတီအနီးတွင် စကားဝါပင်တစ်ပင် ရှိလေသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ယွန်းပုံတန်ဆောင်းဟုခေါ်သည့် ဦးမောင်ကလေး–ဒေါ်ကျုပ်တန်ဆောင်းသည် ရင်ပြင်တော်ပေါ်၌
တစ်ဘာသာထူးခြားသော လက်ရာဖြစ်သည်။



ဒေါ်စောမြ၊ ဦးချစ်မာန်၊ ဒေါ်ချစ်ညွန့်တို့၏ ယခုခေတ်အလှူတော်၊ အတွင်း၌ ကြည်ညိုဖွယ်ရာ ကြေးဆင်းတုတော်များ
ရှိပါသည်၊



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

**အနောက်မြောက်ထောင့်မှဗောဓိပင်**

ထိုစေတီကိုလွန်၍ ထွက်ခဲ့သော် ဇရပ်၊ စေတီအများအပြားကို တွေ့ရမည်။ ဤနေရာ ရင်ပြင်ပေါ်တွင် ကျယ်ဝန်းသော ကွက်လပ်တစ်နေရာဖြစ်သည်။ အနောက်ဖက် တံတိုင်းနှင့် မြောက်ဖက်တံတိုင်းတို့ ဆုံရာအနီးတွင် ဗောဓိပင် တစ်ပင်ရှိသည်။ အိန္ဒိယပြည်ရှိ မဟာဗောဓိပင်မှအကိုင်းကိုယူဆောင်၍ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်၊ မြန်မာ့လွတ်လပ်ရေးနေ့တွင် စိုက်ပျိုးခဲ့သောအပင်ဖြစ်သည်။

ဘုရားဖူးသည် ထိုဗောဓိပင်၏လက်ျာဖက်တွင် အခြားဗောဓိပင်တစ်ပင်ကိုတွေ့နိုင်သေးသည်။ ယင်းမှာ ဘဏ္ဍာထိန်းအဖွဲ့မှ စိုက်ပျိုးထားခဲ့သော ဗောဓိပင်ဖြစ်လေသည်။

ဤထောင့်ရှိတံတိုင်းအစပ်မှနေ၍ ကုန်းတော်အနောက်မြောက် တစ်ခွင်တစ်ပြင်ကိုကြည့်ရှုနိုင်သည်။ ကြည့်မြင်တိုင်၊ ကမာရွတ်၊ အင်းစိန်ဖက်ကိုလှမ်းမျှော်နိုင်သည်။ လှိုင်မြစ်၏တစွန်းတစကိုလည်း တွေ့မြင်နိုင်သည်။ အာဇာနည်ကုန်းရှိရာဖက်ကိုလည်း စိုး၍ကြည့်နိုင်ပေသည်။ ကုန်းတော်အလယ်ပစ္စယာသို့ ငုံ့၍ကြည့်ပါက အင်္ဂလိပ်တပ်စွဲသွားခဲ့သော ခံတပ်နေရာတစွန်းတစကို တွေ့နိုင်သည်။

ပြီးတော့ စေတီတော်အသစ်တည်ဆောက်ထားသော ပြတိုက်နှင့် ပိဋကတ်တိုက်ကြီးကို ဝင်ရောက်လာနိုင်ပါသည်။ မြောက်ဖက်မုခ်ဆီသို့ တံတိုင်းအနီးမှဖြတ်၍လျှောက်ခဲ့ပါမူ ပါရမီအဖွဲ့တန်ဆောင်းနှင့် ကုဋိ၊ အိမ်သာနှင့် ဝေယျာဝစ္စသန့်ရှင်းရေးအဖွဲ့တည်ရာ တန်ဆောင်းများကိုတွေ့ရမည်။ လက်ဝဲဖက်တွင် ရင်ပြင်တံတိုင်းကို ကျောပေး၍ ဆောက်ထားသော ဇရပ်များကိုလည်း တွေ့ရမည်။

ထိုလမ်းကိုဆုံးအောင်မသွားဘဲ ပါရမီတန်ဆောင်းဘေးမှဖြတ်၍ စေတီတော်ကြီးရှိရာ အတွင်းရင်ပြင်သို့ပြန်၍ဝင်လျှင် ဦးစံထွန်း–ဒေါ်နှစ် တန်ဆောင်းဘေးသို့ ပြန်၍ရောက်ပေမည်။

ဘုရားဖူး၏လက်ျာဖက်တွင် ဦးစံထွန်း–ဒေါ်နှစ် တန်ဆောင်းရှိ၍ လက်ဝဲဖက်တွင် ကျယ်ဝန်းသော အုတ်တန်ဆောင်းတစ်ခုကိုတွေ့ရမည်။ အတွင်းတွင် အဖျောက်မြို့မှပင့်လာသော ကြေးဆင်းတုတော်ကြီးနှစ်ဆူကို ဖူးတွေ့နိုင်သည်။ သီတင်းနေ့များ၌ တရားပွဲရှိသည်။ တန်ဆောင်းထိပ်တွင် ဦးပွကြီး–သား ဦးဖိုးငွေဟူသော အလှူရှင်တို့၏ ကောင်းမှုစာတန်းရှိသည်။

**မာဖီယားတန်ဆောင်း**

ဘုရားဖူးသူသည် ဦးပွကြီးတန်ဆောင်း ရှေ့မှဖြတ်၍ စေတီတော်ဆီသို့ မချဉ်းကပ်သေးပဲ အရှေ့ဖက်သို့ လျှောက်ခဲ့ပါမူ မာဖီယားတန်ဆောင်းဟု ခေါ်ကြသော တန်ဆောင်းတစ်ခုကိုတွေ့ရမည်။ ဦးသက်ရှေ–ဒေါ်အိမ်စောင့်နှင့် စံမဖိ–ဒေါ်အေးမြဟု ကမ္ပည်းထိုးထားသည်။ အတွင်း၌ ရုပ်ပွားတော်ကြီးရှိသည်။ ရုပ်ပွားတော်ရှေ့က တရုတ်ဟန်မှန်ပြူတင်းဝိုင်းကြီးဖေါက်၍ထားသည်။ ဤတန်ဆောင်းမှာ ပြာသာဒ်စိန်တောင်နှင့် ထောင့်ဒုရင်ပေါ်တွင် သစ်သားပန်းပုရုပ်လုံးများရှိသည်။ လင်းနို့တောင်များတွင် အနုစိပ်ပန်းလက်ရာများရှိသည်။ ကျိုးပဲ့မည်စိုးသောကြောင့် သံဆန်ကာ ကာရံ၍ထားသည်။

မာဖီယားတန်ဆောင်း အရှေ့မှဖြတ်၍ မြောက်ဖက်မုတ်ရှိရာ အရှေ့ဖက်သို့ဆက်၍ လျှောက်လာပါလျှင် တိုင်နံဘေး၌ရပ်နေသော ကုလားရုပ်နှစ်ခုကိုတွေ့ရမည်။ ထောင့်ချိုး၌ လက်ဝဲဖက်သို့ ကွေ့လိုက်လျှင် နောက်ထပ်အလားတူ အရုပ်ကြီးနှစ်ခုကိုတွေ့ရလိမ့်မည်။ တိုတန်ဆောင်းသည် ဦးရာသီ–ဒေါ်ကျုံးတို့၏ကောင်းမှုဖြစ်သည်။ အတွင်း၌ နဂါးရုပ်ခွေပတ်ထားသော ခြေတော်ရာရှိလေသည်။ တန်ဆောင်းအတွင်း၌ရှိသော မတ်ရပ်ကိုယ်တော်ရစ်ဆူမှာ ကျွန်းသားဖြင့်ထုလုပ်ထားပြီး ရွှေချထားခြင်းဖြစ်သည်။ ဤတန်ဆောင်းမှ မယ်ဥကျားချီဟန်ရုပ်ကြွများမှာ ပန်းပုဆရာ ဦးဘိုးသက်၏လက်ရာဖြစ်သည်။

ထိုတန်ဆောင်းကိုလွန်ပြီးနောက် အခြားတန်ဆောင်းတစ်ခုကိုထောင့်ချိုးပတ်လိုက်ပါက ခြင်္သေ့ရုပ်နှစ်ရုပ်ကိုတွေ့ရမည်။ မြန်မာလက်ရာထက် ဗြိတိသျှလက်ရာက လွှမ်းမိုးနေသော ခြင်္သေ့ရုပ်များဖြစ်လေသည်။ ခြင်္သေ့များမှာ သံဖြင့်ပြုလုပ်ထားသည်။ ဤတန်ဆောင်းသည် သက္ကရာဇ် ၁၂၅၇ ခု ဦးဘိုးညွန့်–ဒေါ်ပုတို့၏ ကောင်းမှုဖြစ်သည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ရင်ပြင်တော်မြောက်ဖက်ရှိ မာဖီးယားတန်ဆောင်းထိပ် ပြာသာဒ်စွန်းမှ ပန်းပုလက်ရာများမှာ လေဒဏ်မိုးဒဏ်တို့
နှစ်အဆက်ဆက် ကြုံခဲ့ရသော်လည်း အလှကြွယ်၍ တင့်တယ်လျက်ပင်ရှိသေးသည်။

Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



မာဖီးယားတန်ဆောင်းမှ ရုပ်ကြွဖော်ထားသောပန်းပုလက်ရာများသည်
မြန်မာအနုပညာရှင်တို့၏ ပညာအတတ်အနက်ကို ဖော်ပြလျက်ရှိသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

**မြောက်ဖက်စောင်းတန်း**

ဤတန်ဆောင်းများအတိုင်း ဆက်၍လျှောက်လျှင် ဘုရားဖူးသည် မြောက်ဖက်မုခ် စောင်းတန်း (၃၁) ကို ဦးတိုက်၍ လျှောက်ဖိပေမည်။ မြောက်ဖက်မုခ်စောင်းတန်း၏ အတက်အဆင်းမှာ ဖင်ပြေပြေဖြစ်သည်။ လှေကားအဆင့် ၁၇ ဆင့်ရှိ၍ လှေကားထစ် ၁၂၈ ခုရှိလေသည်။

ထိုစောင်းတန်းတွင် လေးလံသောဝန်များကို ဘုရားပေါ်သို့တင်ရန် ဓာတ်လှေကားလမ်းရှိသည်။ စောင်းတန်း တစ်လျှောက် မျက်နှာကြက်အနီးတွင် ဗုဒ္ဓဝင်ပန်းချီ ရုပ်ကြွများရှိသည်။ စေတီတော်သမိုင်းဓာတ်လမ်းကိုလည်း သရုပ်ဖော်ထားသည်။

မြောက်ဖက်မုတ်မှ စောင်းတန်းကို ၁၉၂၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ စောင်းတန်း၏ အုတ်လှေကား ဘောင်များမှ မိကျောင်းရုပ်ကြီးများနှင့် စောင်းတန်းအတက် အရှေ့ဖက်ထိပ်မှ ဘီလူးရုပ်ကြီးမှာ ဘုရင်မကြီး ရှင်စောပု လက်ထက်က ပြုလုပ်လှူဒါန်းခဲ့သော ကောင်းမှုဖြစ်လေသည်။

ယခုခေတ် ၁၉၉၀ တွင် ဤစောင်းတန်းကို ပြည်သူတို့၏ အလှူငွေဖြင့် ခေတ်မှီအောင်ပြုပြင်ထားပြီးရှိသည်။ ဓါတ်လှေကားလည်း တပ်ဆင်ထားပြီးရှိသည်။

ဤမြောက်ဖက်စောင်းတန်းမှပင် မြန်မာတပ်သားများသည် ကုန်းတော်ပေါ်ရှိ အင်္ဂလိပ်တပ်ကို ၁၈၂၄ ခုနှစ် စစ်ပွဲတွင် ရွပ်ရွပ်ချွံချွံတက်၍ တိုက်ခဲ့ကြ၏။ စောင်းတန်း၏ အရှေ့ဖက်နားတွင် လမ်းမကြီးခြားလျက် လက်ျာဖက်တွင် သွေးဆေးကန်ရှိသည်။ မြန်မာစစ်သည်တို့၏ဓားတွင် ပေနေသောသွေးများကို ဆေးကြောကြသောကန်ဟု ဆိုကြသည်။ ရွှေတိဂုံဘုရားကြီးကို စောင့်ရှောက်ခဲ့သော ဆရာတော်ဦးပြားအား သွေးဆေးကန်ဆရာတော်ကြီးဟုလည်း ခေါ်တွင်ကြသည်။

မြောက်ဖက်မုခ်ထိပ်တွင် လိပ်ကန်တစ်ခုရှိသည်။ ထိုမှဆင်းလျှင် အာဇာနည်လမ်းကိုရောက်သည်။ လမ်းမကို ကျော်လိုက်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ၏ အုတ်ဂူများရှိရာ အာဇာနည်ကုန်းသို့ ရောက်နိုင်သည်။ အာဇာနည်ကုန်းနှင့် လျှိုတစ်ခုခြားလျက်ရှိသောကုန်းမှအထိမ်းအမှတ်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကစိုက်ထူခဲ့သောအာဇာနည် ကျောက်တိုင်ဖြစ်သည်။ ယခု ဤနေရာတွင် သူရဲကောင်းဗိမာန် တည်ဆောက်ထားသည်။





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

**ခရီးတဝက်**

ခရီးတစ်ဝက်ကျိုးပေပြီ။ တစ်ပတ်ပြည့်အောင် လက်ျာရစ်ခရီးကိုဆက်ရလျှင် မြောက်ဖက်စောင်းတန်းအတိုင်း စေတီတော်ရင်ပြင်ထက်သို့ ပြန်၍လျှောက်သွားလျှင် မြောက်ဖက်စောင်းတန်းထိပ် လှေကားဆုံး၍ မြောက်ဖက်မုခ် အာရုံခံတန်ဆောင်းကိုတူရူပြု၍ လာသောလမ်းသည် အခြားလမ်းများထက် ထူးခြားချက်တစ်ရပ်ရှိသည်။ ယင်းမှာအခြား မဟုတ် စောင်းတန်းထိပ်နှင့် ခြေတော်ရင်းရှိမုခ်ဦးတန်ဆောင်းတို့မှာ အခြားမုခ်များထက် ကွာလှမ်းသောကြောင့် စေတီ တော်ကို ပြည့်ပြည့်ဝဝလှမ်း၍ဖူးနိုင်ခြင်းဖြစ်သည်။ ထိုခရီး၏ခုလတ်အကြား၌ လက်ဝဲ၊ လက်ျာတို့မှ ထန်းပင်အချို့ရှိ သောကြောင့် စေတီပုံပန်းချီကားချပ်ကြီးတွင် ပုံတော်ကိုဖူးသာကြည်ညိုသာဖြစ်အောင် ပန်းချီဆန်ဆန် အားဖြည့်ပေးလျက် ရှိလေသည်။

ဤမြောက်ဖက် ရင်ပြင်မှနေ၍ စေတီတော်ကို ဓါတ်ပုံရိုက်ယူလေ့ရှိကြသည်။ ပန်းချီလည်းဆွဲလေ့ရှိကြသည်။ လက်ဝဲဖက်တွင် လွတ်လပ်ရေးရပြီးခေတ်တွင်မှ လှူဒါန်းသည့်ကောင်းမှုဖြစ်သော မဟာဗောဓိစေတီနှင့် ဒဂုန်ခင်ခင်လေး တန်ဆောင်းက အထင်အရှားဖြစ်နေပါတော့သည်။ စေတီတော်ကြီးအတွက် ထီးတော်ကပ်လှူစဉ်က ဤမြောက်ဖက်စောင်း တန်းထိပ်နားကပင် ငုတ်တိုင်စိုက်၍ စက်ကြိုးဆင်ခဲ့ကြသည်။

ဘုရားဖူးသည် မြောက်ဖက်စောင်းတန်းထိပ်မှ ဘုရားကြီးအား အာရုံပြုရင်းလျှောက်လှမ်းခဲ့လျှင် စကြံ၏အစ လက်ဝဲဖက်၌ နောင်တော်ကြီးစေတီကို ရံ၍နေသော စေတီများ၊ တန်ဆောင်းများကိုတွေ့ရမည်။ လက်ဝဲဖက်အနီးတော် တွင် ၁၈၇၉ ခုနှစ်က ကယားစော်ဘွား စောလဖော်တည်ခဲ့သော စေတီရှိသည်။

ထိုမှရှေ့သို့လာလျှင် အလာတုန်းကပတ်၍ကြည့်ခဲ့သော ခြေတော်ရာတန်ဆောင်းကိုကျော်ပါက စေတီယင်္ဂဏ အသင်းတန်ဆောင်းကို တွေ့ရလိမ့်မည်။ ဤနေရာကား ဒေါ်ဖွားတန်ဆောင်းနေရာဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုဖြစ်သော ထီးတော်ကို ကုန်းတော်သို့ သယ်ယူခဲ့ပြီးနောက် စေတီအထွတ်သို့မတင်မီ ဤနေရာ၌ ထီးတော်ရုံ ဆောက်၍ အပူဇော်ခံသည်။ ထီးတော်ရုံအလှူရှင်မှာ အသက် ၂၀ ကျော်အရွယ်ရှိ မဖွားဖြစ်သည်။ ယခုသော် ၁၈၉၄ ခုနှစ်တွင်တည်ထောင်သော စေတီယင်္ဂဏအသင်း၏ အဆောက်အအုံဖြစ်နေပေသည်။ ကုန်းတော်ပေါ်တွင်ဘုံပြာသာဒ်မရှိ၊ တမူခြားနားသောအဆောက်အအုံပါပေ။ ဤနေရာတွင်ပင် ပိဋကတ်တော်နှင့် ပရိယတ္တိစာပေတို့ကိုလည်းသိမ်းထားသည်။



စေတီယင်္ဂဏပရိယတ္တိမှာနုဂ္ဂဟအသင်း ပိဋကတ်တိုက်တော်ကြီး



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



- ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ဝ သာသနာ့အကျိုးဆောင် ရှမ်းတန်ဆောင်း
- စနေသန့်ရှင်းရေးအသင်း



သုကကာရီ တံမျက်လှည်းသန့်ရှင်းရေးအသင်း ကောင်းမှုတန်ဆောင်း



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

**နောင်တော်ကြီးစေတီ**

စေတီယင်္ဂဏအသင်းတိုက်နှင့် မျက်နှာမူရာတွင် ပြန်မာပြည် သုကကာရီ တံပြက်လှည်းအသင်း တန်ဆောင်း
သစ်ကြီးရှိသည်။ မူလကြည့်မြင်တိုင်ဈေးကြီး ဘုံတန်ဆောင်းဖြစ်သည်။ ယင်းတန်ဆောင်း၏မြောက်ဖက်တွင် စစ်ကွင်း
ဆရာတော်တန်ဆောင်းရှိသည်။ တန်ဆောင်းပတ်လည်များ၌ နိပါတ်တော်ရုပ်လုံးများကို လင်းနို့တောင်တွင် ပေါ်၍ထား
သည်။ ၁၉၆၅ ခုနှစ်က ဆောက်လုပ်သော တန်ဆောင်းသစ်ဖြစ်၏။
စစ်ကွင်းဆရာတော်တန်ဆောင်းမှာ နောင်တော်ကြီးစေတီ၏ အနောက်ဖက်မုခ်ဦး တန်ဆောင်းပင်ဖြစ်သည်။
ထိုတန်ဆောင်းဘေးမှပတ်၍ နောင်တော်ကြီးစေတီကို ဝင်၍ဖူးနိုင်ပေသည်။ နောင်တော်ကြီးစေတီ၏ မြောက်ဖက် မုခ်
ဦးတန်ဆောင်းမှာ ရှင်မထီးတန်ဆောင်းဟုခေါ်သော ဦးစံဖြူ – ဒေါ်သာနုတန်ဆောင်းဖြစ်၏။ အရှေ့ဖက်မုခ်ဦးမှာ ဦးကံ–
ဒေါ်ဖော့တန်ဆောင်းဖြစ်သည်။ တောင်ဖက်မုခ်ဦးအရှက်ခံမှာ ရှင်အဇ္ဇဂေါဏတန်ဆောင်းဖြစ်သည်။

နောင်တော်ကြီးစေတီ တည်ရာနေရာမှာ ဆံတော်ရှစ်ဆူကို ပင့်ဆောင်လာစဉ်က ထိုနေရာတွင် ခေတ္တကိန်းဝပ်
တော်မူခဲ့သော နေရာဖြစ်သည်ဟုဆိုသည်။ ထိုနေရာတွင် မူလစေတီကိုငုံ၍ အဆင့်ဆင့်တည်ထားခဲ့ရာမှ ၁၈၇၆ ခုနှစ်
တွင် မော်လမြိုင်မှ ကုန်သည်ကြီး ဦးမွန်ထော်က ပြုပြင်၍ တည်ခဲ့သည်။ ဦးမွန်ထော်သည် ထီးတော်ရုံတန်ဆောင်းအမ
ဒေါ်ဖွား၏ ခင်ပွန်းဖြစ်သည်။





Generated by CamScanner from intsig.com

www.burmeseclassic.com



ဆံတော်တွင်းတည်ရှိရာ တန်ဆောင်း။

ရွှေတိဂုံ
ဆံတော်တွင်းဟု
လူသိများနေသော
၂၅–ပေခန့်
အနက်ရှိသည့်တွင်းကို
မုခ်ပေါက်လေးပေါက်ရှိ
ဂူဘုရား
တည်ထားလေသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒဂုံခင်ခင်လေးကောင်းမှု ခေတ်သစ်လက်ရာတန်ဆောင်း



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

**မြောက်ဖက်အရှေ့စံတန်ဆောင်း**

မြောက်ဖက်မုခ်ဦး အာရုံခံတန်ဆောင်းမှာ အခြားမုခ်သုံးဖက်ရှိ အရှေ့စံတန်ဆောင်းများနည်းတူ စေတီတော် ပန်းတင်ခုံကိုမှီ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တန်ဆောင်းတွင်း၌ စံပယ်လျက်ရှိသော ရုပ်ပွားတော်ကြီးမှ ပွင့်ခဲ့ပြီး သော ဘုရားရှင်လေးဆူတွင် စတုတ္ထမြောက်ဖြစ်သော ဂေါတမမြတ်စွာဘုရားကို ရည်မှတ်၍ တည်ထားခြင်းဖြစ်သည်။ ဤတန်ဆောင်းရှိလင်းနို့တောင်များမှာ ပန်းပုဆရာဦးသံရောင်၏အနုစိတ်ပန်းပုလက်ရာများဖြစ်ပေသည်။ မူလတန်ဆောင်း ဒါယကာမှာ ဆာဘိုးသာဖြစ်သည်။

ဘုရားဖူးသည် မြောက်ဖက်အာရုံခံကိုလည်း ဝင်ခဲ့ဖူးခဲ့ပြီဆိုပါစို့။ ရင်ပြင်ပတ်လမ်း၌ အရှေ့ဖက်သို့လျှောက် ခဲ့ရပေမည်။ ထိုအခါ မဟာဗောဓိစေတီကိုလွန်သောနေရာ၌ တန်ဆောင်းတစ်ခုကိုတွေ့ရမည်။ ဤတန်ဆောင်းမှာလည်း နေ့စဉ် အနည်းငယ်မျှသောအလှူငွေကိုစုဆောင်း၍ ၁၉၁၄ ခုနှစ်က ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်သည်။ ကမ်းနား ဈေးအသင်းတန်ဆောင်းဟုခေါ်ကြသည်၊ အလှူရှင်များမှာ ရန်ကုန်မြို့ကမ်းနားဈေး၊ ဗိုလ်ချုပ်ဈေး ဈေးသူဈေးသားများ ဖြစ်ကြသည်။ ယခုသာသနာ့ဓမ္မရက္ခိတအသင်း တည်ရှိသောတန်ဆောင်းဖြစ်၏။ ဤတန်ဆောင်းမှာ ဦးမောင်ကလေး၏ လက်ရာလှပသော သစ်သားတန်ဆောင်းဖြစ်သည်။ ပြာသာဒ်ဘုံဆင့်များတွင် ရုပ်လုံးမပါဘဲ ပန်းများသက်သက်ဖြင့်ထုလုပ် ထားသည်။ တန်ဆောင်းတွင်းရုပ်ပွားတစ်ဆူ၏နောက်တွင်တွင်းပေါက်တစ်ခုရှိသည်။ ထိုရုပ်ပွားရှိနေရာသည် တန်ဆောင်း ၏နောက်ဖက်၌ ကပ်လျက်ရှိသောအုတ်စေတီ၏ အတွင်းသို့ရောက်လေသည်။ ထိုနေရာမှနေ၍ ဆံတော်များကိန်းဝပ်ရာ ဌာပနာတိုက်သို့ ဝင်ရောက်နိုင်သည်ဟု ပြောစမှတ်ရှိကြသည်။



ပြာသာဒ်လက်ရာကောင်းတစ်ခုဖြစ်၍ နှစ်ပြားတန်ဆောင်းကဲ့သို့ပင် တစ်ဦးချင်းနေ့စဉ်လှူဒါန်းကြသော အလှူငွေကိုစု၍ ဆောက်လုပ်ထားသော ကမ်းနားဈေး နှစ်ပြားတန်ဆောင်း



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

ဤရုပ်ပွားကို ဆုတောင်းပြည့်ဘုရားဟုခေါ်သည်။ ဤနေရာသည်ပင်လျှင် ရွှေတိဂုံစေတီတော်ကြီး၏သမိုင်း၌ အစောဆုံးဖြစ်ရပ်တစ်ခုနှင့် ဆက်စပ်နေသဖြင့် အစဉ်အဆက်မှတ်သားကြသော အကြောင်းတစ်ခုရှိလေသည်။ ဂေါတမဘုရားရှင်လက်ထက်၌ ဥက္ကလာပမင်းကြီးသည် ဤနေရာသို့ လာရောက်၍ ဤကုန်းမြေပေါ်တွင် ဆုတောင်းခဲ့သည်။ ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော်မွေတော်တို့ ဤအရပ်၌ ကိန်းဝပ်ပြီးဖြစ်သဖြင့် စတုတ္ထမြောက်ပွင့်တော်မူသောဂေါတမဘုရားရှင်၏ ဓာတ်တော်၊ မွေတော်ကိုလည်း ဌာပနာရပါလို၏ဟု ဆုတောင်းရာတွင် ဂေါတမဘုရားရှင်ကိုယ်တိုင်ထင်ရှားပြ၍ လိုရာဆန္ဒအတိုင်းပြည့်စုံစေဟု ဆုပေးခဲ့သည်ဟုဆိုလေသည်။ ထို့ကြောင့် တန်ဆောင်းတွင်းရှိ ရုပ်ပွားကြီးသုံးဆူတွင် အလယ်မှရုပ်ပွားတော်ကို ဆုတောင်းပြည့်ဘုရားဟု အမှတ်သညာထားလျက် ဘုရားကိုဝတ်ပြုပြီး လိုရာဆုတောင်းရင်း အဓိဋ္ဌာန်ကျောက်တုံးကို ချီမကြလေသည်။ ယခုအခါ ဘိုးဘိုးအောင်ဆုတောင်းပြည့်လိုဏ်ဂူဘုရားဟုလည်း ခေါ်တွင်ကြသည်။



ကမ်းနားဈေး နှစ်ပြားတန်ဆောင်းအတွင်းမှ ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရား



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

**ရှင်အဇ္ဇဂေါဏတန်ဆောင်း**

ကမ်းနားဈေးတန်ဆောင်းရှေ့မှ ဝင်၍သွားပါက ရှင်အဇ္ဇဂေါဏတန်ဆောင်းသို့ ရောက်ပေမည်။ ရှင်အဇ္ဇဂေါဏကား ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက်ရှိသော ကိုယ်တော်ဟု ထင်ရှားသည်။ အင်္ဂလိပ်တန်ခိုးဖြင့် ပုဂံခေတ်က ရွှေမိုးငွေမိုးရွာအောင် ဆောင်မခဲ့သောကိုယ်တော်ဟု သမိုင်းစာပေတို့၌ ဆိုလေသည်။ တန်ဆောင်းထဲရှိလက်ဝဲအစွန်မှ မတ်ရပ်ရပ်ပွားမှာ ယင်းကိုယ်တော်ကိုရည်ရွယ်၍ မျက်လုံးများကို တစ်ဖက်နှင့်တစ်ဖက် အရွယ်ချင်းမတူအောင် ထုလုပ်ထားသည်။ တန်ဆောင်းဒါယကာများမှာ ဦးဘသောင်း-ဒေါ်သီတို့ဖြစ်သည်။

ဤနေရာတွင် စိတ်ဝင်စားဘွယ် အဆိုတရပ်ကား နောင်တော်ကြီးစေတီ၏ ဗဟိုချက်တစ်နေရာ၊ မဟာဗောဓိနှင့် ကမ်းနားဈေး တန်ဆောင်းကြားရှိ စေတီငယ်၏ ဗဟိုချက်တစ်နေရာနှင့် ရွှေတိဂုံစေတီတော်၏ ဗဟိုချက်နေရာ စုစုပေါင်း သုံးနေရာတို့သည် တဖြောင့်တည်းဖြစ်သည်ဟူသော အဆိုဖြစ်သည်။ ဆံတော်တိုက်သို့ ဝင်ရာလမ်းနေရာမှာ အထက်ပါစေတီငယ်၏အတွင်း၌ စတင်သည်ဟု အဆိုရှိလေသည်။





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## သာယာဝတီမင်းခေါင်းလောင်း

ထိုမှ ဦးဘရီ–ဒေါ်သန်းမေ တန်ဆောင်းကိုကျော်လျှင် ခေါင်းလောင်းဇရပ်ကြီး တစ်ခုကိုရောက်မည်။ ၁၈၄၁ ခုနှစ်တွင် သွန်းလုပ်သော သာယာဝတီမင်း၏ မဟာတိသဒ္ဒဃဏ္ဍာခေါင်းလောင်းကြီး ချိတ်ဆွဲထားရာ နေရာဖြစ်သည်။ အနောက်မြောက်ထောင့်ရှိ စဥ့်ကူးမင်းခေါင်းလောင်းဇရပ်ထက် သစ်လွင်သည်။ ဤခေါင်းလောင်းကြီး၏ အတိုင်းအတာမှာ ခေါင်းလောင်းသက်သက် ခုနစ်ပေအမြင့်ရှိပြီး အဝအကျယ် ခြောက်ပေရှစ်လက်မရှိသည်။ အလေးချိန်မှာတန်ချိန် ၄၂ တန်ခန့်ရှိလေသည်။ ခေါင်းလောင်းကြီး၏ အထက်ချိတ်နေရာတွင် မနုသီဟရုပ်များ ပေါ်ထားလေသည်။ မျက်နှာကြက်တွင် ယွန်းလက်ရာဆန်ဆန် အလှအပများပေါ်ထားသည်မှာ ပန်းပုဆရာ ဦးရွှေတောင်၏ လက်ရာများဖြစ်သည်။

ဘုရားဖူးသည် မဟာတိသဒ္ဒဃဏ္ဍာ ခေါင်းလောင်းဇရပ်ကြီး၏ နောက်ရှိ တနင်္ဂနွေထောင့်အတွင်း အခြားတန်ဆောင်းတစ်ခုသို့ရောက်အောင် လက်ဝဲဖက်မှချီးသွားပါလျှင် ရှေးသစ်သားပန်းပုလက်ရာ အများရှိသော တန်ဆောင်းတစ်ခုကိုတွေ့ရပေမည်။ ထိုတန်ဆောင်းမှာဦးဘိုးထုံးတန်ဆောင်းဖြစ်လေသည်။ တန်ဆောင်းအတွင်း၌ ဇာတ်နိပါတ်များမှ ဇာတ်လမ်းများကို ရုပ်ကြွများဖြင့် ပန်းချီရေးသားထားသည်။ သက္ကရာဇ် ၁၂၈၇ ခုနှစ်က ဗိသုကာဆရာခင်၏ လက်ရာများဖြစ်သည်။

ဦးဘိုးထုံးတန်ဆောင်း၏ တောင်ဖက်မှကပ်လျက် ခေါင်းလောင်းကြီးတန်ဆောင်းနှင့် ဘေးတိုက်တွင် နှစ်ကျိပ်ရှစ်ဆူသိမ်ရှိသည်။

## တနင်္ဂနွေထောင့်

ထိုကမှတစ်ဖန် ရင်ပြင်ကျယ်သို့ထွက်ခဲ့၍ စေတီတော်အောက်ခြေ ပန်းတင်ခုံဆီသို့ လှမ်းကြည့်ပါမူ ပန်းတင်ခုံထောင့်၌ အရှေ့မြောက်အရပ်ကို ဖေါ်ပြသော တနင်္ဂနွေဂြိုဟ်တိုင်ကို တွေ့ရပေမည်။ တနင်္ဂနွေဂြိုဟ်၏ အမှတ်အသားကား ဂဠုန်ဖြစ်သည်။ ရင်ပြင်၏တစ်ဖက် ဂြိုဟ်တိုင်နှင့်မျက်နှာချင်းဆိုင် လက်ဝဲဖက်တွင် ကျောက်သားတံခွန်တိုင်သုံးတိုင်ကို တွေ့ရပေမည်။ အထက်တွင် စေတီတင်ထားသည်။ ၁၈၄၈ ခုနှစ်က ရန်ကုန်မြို့ဝန်–ဦးဒိုက် လှူဒါန်းစိုက်ထူခဲ့သော တံခွန်တိုင်တစ်ခုမှာ ဤနေရာတွင်ရှိခဲ့သည်။



သာယာဝတီမင်းကြီး အေဒီ ၁၈၄၁–ခုနှစ်က လှူဒါန်းခဲ့သော ခေါင်းလောင်းတော်
အလေးချိန်တန်–၄၀ ရှိသည်။ အမြင့် ၁၁ ပေခွဲ၊ ထု ၁ ပေရှိသည်။
သာယာဝတီမင်းကြီးသည် ဘုရားကြီးအား ရွှေအပြည့်ချခဲ့သေးသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

## ထီးတော်ပုံစေတီများ

ထိုအနီးတွင် ကျောက်သားစေတီနှစ်ဆူကို ဖူးရမည်။ ထူးခြားသော စေတီများပါတကားဟု ရုတ်တရက်အား ဖြင့် ထင်ရန်ရှိသည်။ အမှန်စင်စစ် ထီးတော်ပုံစေတီများဖြစ်ပေသည်။ စေတီနှစ်ဆူအနက် စေတီငယ်မှာ ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင်တင်လှူသော ဆင်ဖြူရှင်မင်းတရား၏ ထီးတော်ပုံဖြစ်သည်။ စေတီအကြီးမှာ မင်းတုန်းမင်းတရားကြီး ၁၈၇၁ ခုနှစ်တွင် လှူဒါန်းသော လက်ရှိထီးတော်ပုံစေတီ ဖြစ်လေသည်။

ဘုရားဖူးသည် ထိုနေရာမှ တောင်ဖက်သို့ လျှောက်ခဲ့သော် အရှေ့ဖက် အရဏ်ခံတန်ဆောင်းအနီးသို့ ရောက် ပေမည်။ ထိုနေရာတွင် ပန်းတင်ခုံအနီး၌စိုက်ထူထားသော ရွှေထီးကြီးနှစ်စင်းကို စေတီများအကြား၌တွေ့ရမည်။ ယင်း တို့ကို ရှမ်းထီးဟူ၍လည်းကောင်း၊ ယိုးဒယားထီးဟူ၍လည်းကောင်း ခေါ်လေသည်။ အခြားရှမ်းထီးတစင်းမှာ မြောက် ဖက်အရဏ်ခံတန်ဆောင်း၏ လက်ျာဖက်ဘေးရှိ သောကြာဂြိုဟ်တိုင်အနီးတွင် တွေ့ရပေမည်။

ရှမ်းထီးကြီးများနှင့် မျက်နှာချင်းဆိုင် လက်ဝဲဖက်ရင်ပြင်တွင် ဒေါ်ငွေဇင်ကောင်းမှု ရေကြည်တော်ဝတ်အသင်း တန်ဆောင်းကြီးရှိသည်။ တန်ဆောင်းဟောင်းမှာ မီးလောင်စဉ်ကပါသွား၏။ ထိုစဉ်ကရှိခဲ့သော ဗုဒ္ဓဝင်ဇာတ်နိပါတ်အရုပ် များကို အစွဲပြု၍ ဗုဒ္ဓဝင်တန်ဆောင်းဟု ခေါ်ကြသည်။ ဤအသင်းတန်ဆောင်းတွင် တန်ဆောင်မုန်းလပြည့် အကြိုည၌ မသိုးသက်န်းရက်ပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။



ဆင်ဖြူရှင်မင်းတရားကြီး၏ ထီးတော်ပုံစေတီ တော်



Generated by CamScanner from intsig.com

www.burmeseclassic.com

အရှေ့ဖက်စောင်းတန်းသည် အရှည်ဆုံး စောင်းတန်းပင်ဖြစ်သည်။ လှေကားအဆင့် ပေါင်း ၃၆ ဆင့်ရှိ၍ လှေကားထစ်ပေါင်း ၁၆၉ ထစ်ရှိသည်။ စောင်းတန်းအမိုးအောက်ကိုဖြတ်၍ တောင်ဖက်မုခ်ရှိ ဘုရားလမ်းနှင့် ဦးထောင်ဗိုလ်လမ်းဖက်တို့မှလာသော ထရန်စပို့လမ်းသည် အာဇာနည်ကုန်းရှိရာမြောက်ဖက်မုခ်သို့ ပတ်၍သွားသည်။ ထိုလမ်း၏ဝဲယာတို့တွင် စာတိုက်ဌာန၊ အမြတ်တော်ခွန်ဌာန၊ မီးကုတ်မြို့နယ်အသင်းတို့မှ ဓမ္မာရုံများလည်း အစီအရီရှိကြလေသည်။

အရှေ့ဖက်စောင်းတန်းတွင် ခရစ်နှစ် ၁၉၃၂ ခုနှင့် ၁၉၃၅ ခုတို့တွင် ဆောက်လုပ်ခဲ့သည့် အမှတ်အသားများရှိသည်။ ၁၉၃၁ ခုနှစ် စေတီတော်ကြီးကို မီးခစဉ်က အနောက်ဖက်စောင်းတန်းမှ တက်လာသောမီးသည် အရှေ့ဖက်စောင်းတန်းရှိ ဓမ္မစေတီ ကျောက်စာရုံအပါအဝင် အဆောက်အအုံအချို့ကိုပါ လောင်ကျွမ်းပျက်စီးစေခဲ့လေသည်။

**ဓမ္မစေတီကျောက်စာတိုင်များ**

ဓမ္မစေတီကျောက်စာတိုင်သုံးချပ်မှာ ပါဠိ၊ မွန်၊ မြန်မာသုံးဘာသာဖြင့် ခရစ်နှစ် ၁၄၈၅ ခုတွင် စိုက်ထူထားခြင်းဖြစ်သည်။ ထိုကျောက်စာတိုင်သည် ကုန်းတော်ပေါ်မှ အရှေ့ဖက်စောင်းတန်းသို့အဆင်းတွင် ဘုရားဖူး၏လက်ဝဲဖက်၊ အလယ်ပစ္စယာတွင်ရှိသည်။ မီးခရာတွင်ပါသွားသောကျောက်စာရုံတန်ဆောင်းနေရာတွင် ဦးသာထွန်းက အသစ်ဆောက်လုပ်လှူဒါန်းထားသည်။ ဤကျောက်စာတိုင်များမှာ မူလမြေတွင် မြုပ်နေရာမှ ခရစ်နှစ် ၁၈၈၀ ခုတွင် ကျောက်စာဝန်ဒေါက်တာဖော်ခင်းမားက ထိပ်ပိုင်းအစအနကိုတွေ့၍ ပြန်လည်တူးဖော်ထားခဲ့သည်ဟုဆိုသည်။ ယခုဤကျောက်စာတိုင်များကို နောင်တော်ကြီးစေတီအနီး အဆောက်အအုံသစ်သို့ ပြောင်းရွှေ့နေရာ ချထားသည်။




ဗုဒ္ဓတစ်ထောင်စေတီတော် သမိုင်းအကျဉ်း ကျောက်စာကိုပါ
လေ့လာနိုင်ပါသည်၊ တန်ဆောင်းအတွင်း။



Generated by CamScanner from intsig.com

www.burmeseclassic.com

## ဦးညိုဟန်ဆောင်း

အရှေ့ဖက်စောင်းတန်းသို့ ဆင်းခဲ့သော ဘုရားဖူးသည် ကျောက်စာရုံနှင့် နိဗ္ဗာန်ကုန်ဈေးတန်းတစ်လျှောက်ကို ကြည့်ရှုခဲ့ပြီးနောက် ထိုစောင်းတန်းအတိုင်းပင် ပြန်၍တက်ခဲ့ပါက ကုန်းတော်ပေါ်ပြန်အရောက် လက်ဝဲဖက်နံပါးတွင် ဒေါက်တာဦးညို၏တန်ဆောင်းကို တွေ့နိုင်သည်။ တန်ဆောင်းအတွင်း၌ ဘုရားရုပ်ပွားတော်ကြီးလေးဆူရှိသည်။ ဘုရားအလောင်းဖြစ်တော်စဉ်များကို ရုပ်လုံးဖော်ထားခြင်းဖြစ်သည်။ တန်ဆောင်း၏နဖူးစည်းမှာ သံပန်းများဖြင့် တန်ဆာဆင်ထားသည်။

တန်ဆောင်းအတွင်း၌ရှိသော မျက်နှာကြက်ဆီမှပန်းပုရုပ်လုံးများတွင် ဂေါတမမြတ်စွာဘုရား အလောင်းတော်ဖြစ်သော သိဒ္ဓတ္ထမင်းသားကိုမွေးဖွားပြီးနောက် ကာလဒေဝီလရသေ့နှင့်တွေ့ခန်း၊ ကောဏ္ဍညပုဏ္ဏားက သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ခန်း၊ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုခန်း၊ သိဒ္ဓတ္ထမင်းသား လေးစွမ်းပြခန်း၊ ယသော်ဓရာဒေဝီနှင့်ထိမ်းမြားခန်း၊ ဥယျာဉ်တော်တွင် နမိတ်ကြီးလေးပါးကိုတွေ့မြင်ခန်း၊ သန်းခေါင်ယံတွင် ယသော်ဓရာနှင့် သားငယ်ရာဟုလာကို ကြည့်ရှုပြီး တောထွက်ခန်း၊ နန်းတော်မှခွာခန်း၊ ဆံတော်ပယ်ခန်း၊ သုဇာတာ ဃနာနို့ဆွမ်းကပ်ခန်း၊ နေရဥ္ဇရာမြစ်တွင် ရွှေခွက်မျှောခန်း၊ မာရ်နတ်က ဘုရားအလောင်းအား စစ်ထိုးခန်း၊ မိဂဒါဝုန်တောတွင် ပဥ္စဝဂ္ဂီတို့အားတရားဟောခန်း၊ တန်ခိုးပြာဋိဟာပြခန်း၊ သုဒ္ဓေါဒနမင်းကြီးအား တရားဟောခန်း၊ တာဝတိံသာနတ်ပြည်မှ ဆင်းသက်ခန်း၊ မာရ်နတ်က အာယုသင်္ခါရလွှတ်ရန် ပြောကြားခန်းတို့ကို အစဉ်အလိုက် ရုပ်လုံးဖော်ပြထားလေသည်။

ဤတန်ဆောင်းတွင်ပင် အနောက်ဖက်နှင့် မြောက်ဖက် နဖူးစည်းအတွင်းဖက်များ၌ သုမေဓာရှင်ရသေ့ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ဗျာဒိတ်ခံခန်းနှင့် သုဝဏ္ဏသျှံသတို့သား၏ မိခင်၊ ဖခင်တို့အား သားရွှေအိုးထမ်းလာသည်ကို မြင်ရစေရန် သိကြားမင်းက ဆုသုံးပါးပေးခန်းတို့ကိုလည်း ရုပ်လုံးဖော်ထားလေသည်။

ဤတန်ဆောင်းတွင် အတွင်း၌တိုင်လုံးများကိုမှန်စီရွှေချထားသည်။ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးလေးဆူရှိသည်။ တန်ဆောင်းဒါယကာ သူဌေးဦးညို၏ ဓာတ်ပုံကိုလည်း အတွင်း၌ချိတ်ဆွဲထားသည်။ ဤတန်ဆောင်းတွင်ရှိ လက်ရာများမှာ ယခင်ကဒုဋ္ဌဂါမဏိမင်းရေးဆွဲထားသောပုံကားများရှိသဖြင့် ဒုဋ္ဌဂါမဏိတန်ဆောင်းဟုလူသိများသည်။ တန်ဆောင်းကို ဆောက်လုပ်သောအချိန်မှာ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကလေးတွင်ဖြစ်သည်။ တန်ဆောင်းအထက်မှ လက်ရာများမှာ ရေကျော်ရုပ်နေ မန္တလေးဆရာသန့်ဆိုသူ၏ လက်ရာဖြစ်သည်။





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

ထိုမှတောင်ဖက်သို့ဆက်သော် ရုပ်ပွားတော်အ ုားအပြားရှိရာ ဦးဝရွာ–ဒေါ်ပုတန်ဆောင်း၊ ပုဏ္ဏတောင်တပ်မြေ နိမ္မာန်ဆော်ဝတ်အဖွဲ့ တည်ရှိရာ ဆာဘိုးသာ–ဒေါ်ရီတန်ဆောင်း၊ တို့နောက် မြို့မဗဟို ဆွမ်းလောင်းအသင်း တည်ရှိရာ ဦးဘအေး–ဒေါ်စောတင်တန်ဆောင်းတို့သို့ ရောက်ပေမည်။

ဤတန်ဆောင်းများတွင် နေနေနားနားထိုင်၍ နံနက်ပိုင်း၌ စေတီတော်ကြီးအား ကြည်ညိုဖူးမြော်ရသည်မှာ နေရောင်ခြည်ခလျက်ရှိသော စေတီတော်ကြီးသည် တစ်နည်းတစ်ဖုံ သပ္ပာယ်ကြည်ညိုဖွယ် ရှိလှပေသည်။

စေတီရင်ပြင် အရှေ့တောင်ထောင့်ရှိ ဦးဘအေး–ဒေါ်စောတင် တန်ဆောင်း လက်ဝဲဘက်ဘေး၌ တံခွန်တိုင် ရှိသည်။ တံခွန်တိုင်ထိပ်တွင် ဟင်္သာရုပ်ရှိသည်။ တိုင်ခြေရင်း အုတ်သားလိုဏ်မုခ် အတွင်း၌ နှစ်ပြားတန်ဆောင်းအနီး ဦးချိန်ကန် – ဒေါ်ကြည်ကြည်တန်ဆောင်းမှ မကြာသေးမီကပင်ဆောင်လာသော အင်္ဂလန်ပြန် ကြာပွင့်ခံ မတ်ရုပ်ရုပ်ပွားရှိ သည်။ မလှမ်းမကမ်းရှိသစ်သားတံခွန်တိုင် ဆုတောင်းပြည့်ပြည်တော်ပြန် (အောင်သစ္စာသမာဓိသာသနာပြုအဖွဲ့ အင်္ဂါနေ့ သန့်ရှင်းရေးအသင်း) တွင် ရဟန်းတစ်ပါး၏ရုပ်တုရှိသည်။ တံခွန်တိုင်ခြေရင်းတွင် တိဗ္ဗတက္ကဒွန်းနှစ်ဦးက တိုင်ကိုတွယ် ဖက်တက်နေဟန် ထုလုပ်ထားသည်။

ဤတံခွန်တိုင်အနီး ရေစည်များအနားတွင် ချိတ်ဆွဲထားသောခေါင်းလောင်းတစ်လုံးရှိသည်။ ထိုခေါင်းလောင်း ၏ပုံပန်းမှာ ထူးခြား၏။ ရေးကျသော်လည်း မြန်မာမဆန်သောပုံပန်းဖြင့် သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းဖြစ်သည်။



ဒေါက်တာဦးညိုတန်ဆောင်းအတွင်း၌ ဗုဒ္ဓဝင်ရုပ်ကြွ ဇာတ်လမ်းများရှိသည်။



www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com

အရှေ့တောင်ထောင့်ညောင်ပင်သည် အိန္ဒိယပြည် ဗုဒ္ဓဂါယာအရပ်ရှိ ဗောဓိညောင်ပင်မှအစေ့ကို စိုက်ပျိုးထားခြင်းဖြစ်သည်။ အရှေ့တောင်ထောင့် ရင်ပြင်တံတိုင်းတစ်လျှောက်မှ မျှော်လေလျှင် ကန်တော်ကြီး၏တစ်စိတ်တစ်ဒေသသည်လည်းကောင်း၊ ရန်ကုန်မြစ်ကိုကျော်ကြည့်လျှင် မြန်မာနိုင်ငံတွင် နယ်ချဲ့သမားတို့ စတင်အခြေစိုက်ရာ စခန်းတစ်ခုဖြစ်သည့် သံလျင်မြို့တည်ရာ အရပ်ကိုတွေ့ရမည်။ တောအုပ်စိမ်းစိမ်းတက်၌ တောင်ကုန်းမြင့်မြင့်ပေါ်တွင် ရပ်တည်လျက်ရှိသော ရွှေရောင်တဝင်းဝင်းနှင့်စေတီကား သံလျင်မြို့မှတန်ခိုးကြီးကျိုက်ခေါက်စေတီတော်ဖြစ်လေသည်။ ဆီးနှင်းမှုန်နှိုင်းမိ၍ မိုးသက်မုန်တိုင်းမရှိပါက ဤကျိုက်ခေါက်စေတီတော်ကို ကုန်းဘောင်ပေါ်မှနေ၍ နေ့အခါ အချိန်မရွေး ဖူးတွေ့နိုင်လေသည်။

အင်္ဂါထောင့်မှနေ၍ လက်ျာရစ်ခရီးအတိုင်း အနောက်ဖက်သို့အထွက်တွင် ဦးဘကဲ-ဒေါ်ဒေါ်သိန်းတန်ဆောင်းရှိသည်။ အတွင်း၌ မြတ်စွာဘုရားရှင်၏ ခြေတော်ရာပုံစံနှစ်ဆူရှိသည်။

ထိုတန်ဆောင်း၏မြောက်ဖက်မှကပ်၍နေသောတန်ဆောင်းမှာ ဦးဘိုက်-ဒေါ်သူတန်ဆောင်းဖြစ်သည်။ ရုပ်ပွားတော်အများအပြားရှိသည်။

အင်္ဂါထောင့်ရင်ပြင်သည် အနောက်မြောက်ထောင့် ရင်ပြင်ကဲ့သို့ပင် စေတီနှင့် ဂန္ဓကုဋိတိုက်စေတီများပေါများသည်။ ဘုရားဖူးသည် ထိုထောင့်မှ အနောက်ဖက်သို့ထွက်ခဲ့လျှင် ရောင်တော်ဖွင့်အသင်းတည်ရာ အဖျောက်တန်ဆောင်းရှေ့က ဖြတ်ရမည်။ ဦးဘိုးနီ-ဒေါ်ခင်ကောင်းမှုဖြစ်၏။

ထိုတန်ဆောင်းကိုလွန်လျှင် ဘဏ္ဍာထိန်းအဖွဲ့ရုံးရှေ့မှတန်ဆောင်းသို့ရောက်မည်။ ထိုတန်ဆောင်းမှာဘုရားကြီးသို့ အဖူးအမြော်အလည်အပတ်လာရောက်သော ဧည့်သည်များအတွက် နားနေရန်နှင့် ဧည့်ခံရာဌာနဖြစ်သည်။

ဘဏ္ဍာထိန်းအဖွဲ့၏ရုံးမှာ ကုန်းတော်နှင့်ဆက်လျက် နှစ်ထပ်တိုက်သစ် ဆောက်လုပ်ထားသည်။ ဘုရားကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်ကို ထိုနေရာတွင် ထားရှိလေသည်။

ထိုတန်ဆောင်းကိုလွန်လျှင် လုံခြုံရေးအဖွဲ့ထားရှိရာဒေါ်မြတန်ဆောင်းကိုတွေ့ရမည်။ အတွင်း၌ မန္တလေးမြို့တွင် တမ္ပဝတီရပ်နေ ဦးမြသောင်းအား ပုံသွင်းသွန်းလောင်းစေ၍ ၁၉၆၃ ခုနှစ်က လှူဒါန်းသော ရွှေတိဂုံစေတီပုံတော်အငယ်စားတစ်ဆူရှိသည်။

ထိုကမှဘုရားကြီး၏ပြတိုက်တန်ဆောင်းသို့ရောက်ရှိမည်။ ပြတိုက်ထဲတွင်ရွှေတိဂုံစေတီတော်ကြီးကို လှူဒါန်းထားသော ရွှေ၊ ငွေ၊ လက်ဝတ်ပစ္စည်းအမျိုးမျိုး၊ အဖိုးတန်ရတနာအမျိုးမျိုး၊ ရှေးအသုံးအဆောင်အမျိုးမျိုးနှင့် စေတီရုပ်ပွားအမျိုးမျိုးတို့ကို တွေ့ရမည် ဖြစ်လေသည်။ ယခုအခါ ပြတိုက်အတွင်းမှပစ္စည်းများကို ပြတိုက်နှင့် ပိဋကတ်တိုက်အဆောက်အဦသို့ ပြောင်းရွှေ့နေရာချထားပါသည်။

ပြတိုက်ဟောင်းထဲမှထွက်ခဲ့လျှင် ဘုရားဖူးသည် ပြတိုက်ရှေ့ရှိ အာရုံခံတန်ဆောင်းတစ်ခုသို့ ရောက်ပေမည်။ ထိုတန်ဆောင်းမှာ ဦးစံချိန်တန်ဆောင်းဖြစ်၏။ တိုင်လုံးများကိုရွှေချထားသည်။ လင်းနို့တောင်နှင့် နဖူးစည်းတွင် ရုပ်လုံးရုပ်ကြွများရှိသည်။ ထိုတန်ဆောင်းထဲတွင် နားနားနေနေဖြင့် စေတီတော်ကြီးကို ဝတ်ပြုနိုင်သည်။ စေတီကိုယ်လုံးတော်နှင့် ထီးတော်၊ ငှက်မြတ်နားတို့ကို မော်၍ဖူးနိုင်လေသည်။ ပြာသဒ်မှာ ကုန်းတော်ပေါ်တွင် အမြင့်ဆုံးဖြစ်လေသည်။

ဦးစံချိန်တန်ဆောင်း၏ အနောက်ဖက်ဘေးတွင် စမ်းချောင်းရပ်ကွက်မှ အလှူရှင် ဒေါ်နန်းလှိုင်တန်ဆောင်းရှိသည်။ ဤနေရာမှရှေ့သို့ဆက်လျှင် တောင်ဖက်စောင်းတန်းသို့ထိပ်သို့ ရောက်မည်ဖြစ်သဖြင့် ဘုရားကြီးအား ရင်ပြင်တစ်ပိုက် လက်ျာရစ်လှည့်ဖူးခဲ့သည်မှာ တပတ်တင်းတင်း ပြည့်ပေပြီ။

## ကုန်းတော်အလယ်ပစ္စယာသို့

ဘုရားဖူးသည် ယခုအခါကုန်းတော်ရင်ပြင်၌လည်းကောင်း၊ စေတီတော်အထက်၌လည်းကောင်း လှည့်ပတ်ဖူးမြော်ခဲ့၍ စုံသင့်သလောက် စုံပေပြီ။ ထို့ကြောင့် သိဂုံတ္တရ ကုန်းတော်မြေအနှံ့ သွားရောက်ကြည့်ရှုချင်သေးသည်ဆိုလျှင် ကုန်းတော်မြေအလယ်ပစ္စယာသို့ခရီးဆန့်နိုင်သည်။ ကုန်းတော်မြေအလယ်ပစ္စယာတွင် ဇရပ်များ၊ တန်ဆောင်းများရှိသည်။ ကုန်းတော်အလယ်ပစ္စယာသို့ ဆင်းလိုက လေးဖက်လေးတန်သော စောင်းတန်းတို့မှ ဆင်းသက်၍ လှည့်ပတ်သွားနိုင်

ဘုရားကြီးကုန်းတော်ပေါ်ပတ်လည်၌ဥပုသ်ဇရပ်၊ တရားနာစရပ်နှင့် မွှာရုံများကားမြောက်မြားစွာရှိလေသည်။ ဥပုသ်ရက်များ၊ ဝါတွင်းကာလများတွင် ထိုဇရပ်များ၊ မွှာရုံများ၌ ဥပုသ်ယူသူ၊ တရားနာသူတို့နှင့် မစဲအောင်ရှိတတ်လေသည်။ ဘုရားဖူးသူလှည့်လည်ကြည့်ညိုလျက်ရှိသော ဘုရားကုန်းမြေသည် ၁၄ ဧကမျှကျယ်ဝန်းလေသည်။ ပင်လယ်ရေမျက်နှာပြင်၏အထက် အမြင့်ပေ ၁၉၀ တွင်ရှိသော တောင်ထိပ်တွင် စေတီတော်ကို တည်ထားခြင်းဖြစ်သည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



အလယ်ပစ္စယံမှ ပုံတော်စေတီ

**ခံတပ်ဟောင်းများ**

ကုန်းတော်ပေါ်တွင် အင်္ဂလိပ်–မြန်မာ စစ်ပွဲများအတွင်းက မြန်မာတို့ပြုလုပ်ခဲ့သည့် ခံတပ်များကို ယနေ့မတွေ့ရတော့ပေ။ ယခုတွေ့ရသည်မှာ အင်္ဂလိပ်တို့ပြုပြင်ထိမ်းထားသော ခံတပ်များဖြစ်သည်။ ထိုခံတပ်များကို အင်္ဂလိပ်စစ်တပ်များသည် ၁၈၅၂ ခုနှစ်မှစ၍ ၁၉၃၀ ခန့်အထိ တပ်စွဲနေခဲ့လေသည်။ အင်္ဂလိပ်တို့သည် ကုန်းတော်ပေါ်တွင် လက်နက်ခဲယမ်း မီးကျောက်တိုက်ကို ထားရှိသောကြောင့်လည်းကောင်း၊ ပြည်တွင်းဆူပူမှုများ ထပ်မံပေါ်ပေါက်ခဲ့လျှင် အရံသင့်အခိုင်အမာပြုရန်နေရာအဖြစ် ရည်မှန်းချက်ရှိသောကြောင့်လည်းကောင်း ကုန်းတော်ရှိခံတပ်ကို စစ်ပွဲများပြီးသည့်နောက်၌ပင် ခိုင်လုံအောင် ဆက်လက်ပြုပြင် စောင့်ရှောက်ထားခဲ့လေသည်။

ကုန်းတော်မြေတစ်ဝိုက်တွင် ကျုံးမြောင်းရံစေ၍ အုတ်တံတိုင်းဖြင့် ခတ်သောလုပ်ငန်းကို အင်္ဂလိပ်အစိုးရသည် ၁၈၆၇ ခုနှစ်တွင်စတင်၍ ၁၈၇၆ ခုနှစ်တွင် အပြီးသတ်လေသည်။ ထိုလုပ်ငန်းပြီးစီးသောအခါ လက်နက်ခဲယမ်းတိုက်မှာ စေတီတော်ရှိရာအပိုင်းနှင့်ပင် အဆက်အဆံမရှိဘဲ တသီးတခြားကဲ့သို့ ဖြစ်သွားလေသည်။



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



**အင်္ဂလိပ်တို့ ကုန်းတော်မြေကို အခိုင်အမာပြုလုပ်ခဲ့သည့် အနောက်တောင်ထောင့်မှ ခံတပ်တနေရာ**

ကုန်းတော်ပေါ်ရှိ ခံကတုတ်များကို အပြင်ခံကတုတ်၊ အလယ်ခံကတုတ်နှင့် အတွင်းခံကတုတ်ဟူ၍ သုံးဆင့် ပြုလုပ်ထားသည်။ ခံကတုတ်ရင်တားများ၌ သေနတ်တင်၍ ပစ်နိုင်ရန် ဗူးလည်ပေါက်များကို ဖောက်ထားလေသည်။

ကုန်းတော်အရှေ့ဖက်၌ အပြင်ခံကတုတ် တံတိုင်း၏အထူမှာ နှစ်ပေနှင့်လေးလက်မ ရှိသည်။ တံတိုင်းအပြင်ဘက်တွင် ဆင်ခြေလျှောပြုလုပ်ထားသည်။ အလယ်ခံကတုတ်မှာ လေးပေနှင့် ၁၀ လက်မထူသည်။ ထိုခံကတုတ်တွင်လည်း အပြင်ဖက်မှ ဆင်ခြေလျှော ပြုလုပ်ထားသည်။ ထိုအပြင် ဆင်ခြေလျှော၏အလျားမှာ ၁၆ ပေနှင့် လေးလက်မ ဖြစ်သည်။ အတွင်းခံကတုတ်၏ တံတိုင်းအထူမှာ အကြမ်းဖျင်းအားဖြင့် အလယ်ခံကတုတ်၏ အတိုင်းအတာအတိုင်း ဖြစ်သည်။

ကုန်းတော်၏အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်ထောင့်နှင့် အရှေ့တောင်ထောင့်တို့တွင် အမြောက်ထိုင်ရာများရှိသည်။ စုစုပေါင်း အမြောက်ထိုင်နေရာ ၂၆ နေရာ ရှိခဲ့၏။ အမြောက်ထိုင်နေရာများတွင် လက်နက်ခဲယမ်းထားသော ဥမင်များကိုလည်း တစ်ခုစီထားရှိသည်။ အမြောက်လှည့်ပတ် ရွှေ့ပြောင်းရန် လမ်းများကိုလည်း ပြုလုပ်ထားသည်။

အနောက်တောင်လက်နက်ဥမင်တွင် အခန်းသုံးခန်းရှိသည်။ အင်္ဂလိပ်စစ်တပ်က ကုန်းတော်ကိုအခိုင်အမာတပ်စွဲထားချိန်၌ ခဲယမ်းမီးကျောက်များကို ယင်းအနောက်တောင်ထောင့်ရှိ ကုန်းတော်အောက်ပစ္စယာတွင် ထားလေ့ရှိသည်။ ထိုအခါက တောင်ဖက်စောင်းတန်းမှအတက် ခရီးတစ်ဝက်တွင် ကျုံးသဖွယ် မြောင်းကြီးခံထား၍ ထိုမြောင်းပေါ်တွင် ကြိုးဆွဲသစ်သားတံတားရှင်တစ်ခု ထားရှိသည်။ ယခုသော် မြောင်းပေါ်တွင် အုတ်တံတားဖြစ်၍နေချေပြီ၊

ထိုတံတားရှိသည့်နေရာတွင် သံတံခါးတစ်ခု တပ်ထားသည်။ သံတံခါးမှာ ထိုးတံခါးဖြစ်သည်။ တံခါးရွက်၌ သေနတ်တင်၍ပစ်ရန် အပေါက် (ဗူးလည်ပေါက်) များဖောက်၍ထားသည်။ ထိုစဉ်က ညတိုင်ကျလျှင် သံတံခါးကြီးကို ဆွဲ၍ပိတ်ထားလိုက်သည်။ ယခုအခါမူကား သံတံခါးကြီးကို အမြဲတမ်းဖွင့်ပေးထားလေသည်။ ထိုတံခါးရှိသောနေရာနှင့် ကိုက်အနည်းငယ် ကွာဝေးသောနေရာမှစ၍ အင်္ဂလိပ်တို့ကာထားသော အုတ်တံတိုင်းအစပ်ကို တွေ့နိုင်ပေသည်။ ယင်းတံတိုင်း၌လည်း သေနတ်နှင့်ပစ်ရန် အပေါက်များကို ဖောက်လုပ်ထားသည်။

**ဝန်ခံချက်။** ။ ဤစာတမ်းကို မောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံစာအုပ်ကို အခြေပြု၍ ရေးသားပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



တောင်ဖက် စောင်းတန်းမှ
အတက်တွင် ခရီးတဝက်၌ရှိသော
စင်ကျုံး တံခါးပေါက်နေရာကို
စောင်းတန်းဘေးမှတွေ့ရပုံ။
သံတံခါးကြီးနှင့် သေနတ်ပေါက်များ
ကိုလည်း အုတ်တန်တိုင်းအစပ်တွင်
တွေ့နိုင်သည်။



၁၉ရ၁–ခုနှစ်
ဇန္နဝါရီလအတွင်း
ရွှေတိဂုံရာဟုထောင့်
ဗုဒ္ဓဇယန္တီ မော်ရုံအနီးရှိ
လိုဏ်ဂူအတွင်းပိုင်းသို့
ရဟန်းရှင်လူများဝင်ရောက်
ကြည့်ရှုလေ့လာနေကြစဉ်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဝေယျာဝစ္စအသင်းတည်ရှိရာ
ဗဟိုလေဟာပြင်ဈေးဝတ်အတွင်းမှရုပ်ပွားတော်





Generated by CamScanner from intsig.com

www.burmeseclassic.com



ဂေါပကရုံးအနီးမှတန်ဆောင်း

ယခင် နိုင်ငံကကာဧည့်သည်တော်များ ဧည့်သည်တော်လက်မှတ်ရေးထိုးရာနေရာ





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကြည်ညိုသူတို့ လှူဒါန်းထားကြသော ပြတိုက်အတွင်းရှိ
ပန္နည်းမျိုးစုံကို လေ့လာကြည့်ရှုနေသူတစ်စု



ရှေးကျသော တံခွန်တိုင်တစ်ခုပုံ
အထက်တွင်ဟင်္သာရှိ၍ တိုင်ခြေရင်း၌ တိတ္တိများကဖက်တက်နေပုံ



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



မြတိုက်ဘောရှိ ဒေါ်မြတန်ဆောင်းအတွင်း၌ရှိသော
ရွှေတိဂုံစေတီတော်ပုံတူ ကြေးစေတီ



ဘဏ္ဍာထိန်း အဖွဲ့ရုံးအတွင်းမှ ပန်းစိရွှေချ နတ်သမီးရုပ်



ရှမ်းထီးဟူ၍ လည်းကောင်း၊ ယိုးဒယားထီးဟူ၍ လည်းကောင်း ခေါ်ကြသော ထီးကြီးများ ရိုက်ထူပူဇော်ထားသည်ကို စေတီတော်ခြေရင်းတွင် တွေ့နိုင်သည်။



အရှေ့တောင်ရင်ပြင် တံခွန်တိုင်ထိပ်မှ ဟင်္သာရုပ်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားပြတိုက်ကြီးသို့ပင် မပင့်ဆောင်မီ ရွှေတိဂုံရင်ပြင်တော် တန်ဆောင်းတစ်ခု၌ ယာယီ သီတင်းသုံးနေတော်မူသော ပုဂံရှေးဟောင်းရုပ်ပွားတော်များ

ရွှေတိဂုံစေတီတော်၌ အမြို့မြို့အနယ်နယ်မှ တန်ခိုးကြီးဘုရားများကို မကြာခဏ ပင်ဆောင်ပူဇော်လေ့ရှိပါသည်။

ကုန်းတော် အလယ်ပစ္စယာကို အခြေပြု၍ ရင်ပြင်တော်နှင့် တပြေးတည်း ဆောက်ထားသော ဘဏ္ဍာထိန်းအဖွဲ့ ရုံးတည်ရာ နှစ်ထပ်တိုက်ကို တောင်ဖက်မုတ်ခတ်လှေကားကြီးမှ မြင်ရပုံ





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံဘိုးဘိုးကြီးနတ်နန်းနှင့် ဒုလ္လဘာရဟန်းတော်များ



ရွှေတိဂုံဘိုးဘိုးကြီး၊ + သိကြားမင်းတို့ဖါနတ်နန်း



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





- ရွှေတိဂုံဘိုးဘိုးကြီး + သိကြားမင်းတို့၏နတ်နန်း
- နတ်ပြနေကြသော ရှင်လောင်း၊ ရဟန်းလောင်းများ



Generated by CamScanner from intsig.com

www.burmeseclassic.com





ရဟန်းရှင်ပြုပွဲများဆိုလျှင် နေအိမ်မှာဆံချ–ပြီးတော့
ရွှေတိဂုံစေတီတော်သို့ ဘုရားပြ နတ်ပြရန်
သွားရောက်လေ့ရှိကြသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ဒုလဘ ရဟန်းသစ်များ ရွှေတိဂုံဘုရားသို့
ဖူးမျှော်ရန် ကြွရောက်ကြစဉ်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ညချမ်းချိန်ခါ

ရွှေတိဂုံစေတီတော်သည် ရန်ကုန်မြို့လယ်၌တည်ရှိ၏။ ညအချိန် မီးဆလိုက်များဖြင့် ဘုရားကို မီးထိုးထားသဖြင့် ရင်ပြင်တော်တစ်ခုလုံး ထိန်လင်းနေပြီး ထူးခြားသောမြင်ကွင်းကို ဖြစ်စေပါသည်။

သို့ကြောင့် ညချမ်းချိန်ခါ၌ ဘုရားဖူးသူများနှင့် စည်ကားနေလေ့ရှိပါသည်။ ညဦးချိန်ခါမြင်ကွင်းမှ ပုံတော်အချို့ကို ဖော်ပြပါသည်။

ကရဝိက်ဟိုတယ်၌ ညနေ နေဝင်ချိန်မြင်တွေ့ရသော မီးထွန်းထားသော ရွှေတိဂုံစေတီတော်၏ မြင်ကွင်းကို နိုင်ငံခြားသားများက ဆိပ်ငြိမ်အေးချမ်းသောသဘောကို ဆောင်သည်ဟု ချီးကျူးလေ့ရှိပါသည်။

ရွှေတိဂုံစေတီတော် ညချမ်းချိန်ခါ





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော် ညချမ်းချိန်ခါ



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com






တန်ဆောင်မုန်းလပြည့်နေ့ညဥ့် ဖူးတွေ့ရသော စေတီတော်



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော် ညချမ်းချိန်ခါ





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံ ရင်ပြင်တော်ပေါ်မှ အထူးသတိပြု လေ့လာသင့်သော နေရာတော်အချို့

၁၈၄၁ ခုနှစ်တွင် သွန်းလုပ်ခဲ့သော သာယာဝတီမင်း၏ မဟာတိသဒ္ဒဃဏ္ဍာ ခေါင်းလောင်းကြီး ချိတ်ဆွဲထားရာ နေရာဖြစ်သည်။ အနောက်မြောက်ထောင့်ရှိ စဥ့်ကူးမင်း ခေါင်းလောင်းဇရပ်ထက် သစ်လွင်သည်။ ဤခေါင်းလောင်းကြီး၏ အတိုင်းအတာမှာ ခေါင်းလောင်းသက်သက် ခုနစ်ပေအမြင့်ရှိပြီး အဝအကျယ် ခြောက်ပေရှစ်လက်မ ရှိသည်။ နှုတ်ခမ်းသား တစ်ပေထု ရှိသည်။

ခေါင်းလောင်းကြီး၌ ခေါင်းလောင်းစာ ပါရှိသည်။ အလေးချိန် ပိဿာ ၂၆၀၀၀ ဖြစ်၍ ၄၂ တန်ခန့် ရှိသည်။ ခေါင်းလောင်းကြီး၏ အထက်နေရာတွင် မနုဿီဟရုပ်များ ဖော်ပြထားသည်။ မျက်နှာကြက်တွင် ယွန်းလက်ရာဆန်ဆန် အလှအပများ ဖော်ထားသည်မှာ ပန်းပုဆရာကြီး ဦးရွှေတော်၏ လက်ရာများဖြစ်၏။



သာယာဝတီမင်း ခေါင်းလောင်း



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

ခေတ်အဆက်ဆက်ကလှူဒါန်းခဲ့သောခေါင်းလောင်းများ

အသေးစိတ်ကို အထူးထုတ် ရွှေတိဂုံသုတေသနစာစောင် (၁) တွင် ရှုပါ

သက္ကရာဇ် ၁၁၄၀ ပြည့် တပို့တွဲလဆန်း (၁) ရက်နေ့တွင် ရွှေတိဂုံရင်ပြင်တော် ရာဟုထောင့်၌ မူလက
လှူဒါန်းခဲ့သော "မဟာဃဏ္ဍာ"ဘွဲ့ရ စဉ့်ကူးမင်းခေါင်းလောင်းတော်





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



laung-daw-gyi Pagoda, Rangoon (Rangoon Division)

## နောင်တော်ကြီးစေတီတော်

ယခု နောင်တော်ကြီးတည်ရှိရာ နေရာမှာ ဆံတော်ရှစ်ဆူကို ပင့်ဆောင်လာစဉ်က ထိုနေရာတွင် ခေတ္တကိန်းဝပ်စေခဲ့သော နေရာဖြစ်သည်ဆို၏။ ထိုနေရာတွင် မူလစေတီတော်ကို ငုံ၍ အဆင့်ဆင့်တည်ထားခဲ့ရာမှ ၁၈၅၆ ခုနှစ်တွင် မော်လမြိုင်မှ ကုန်သည်ကြီး ဦးမွန်ထော်က ပြုပြင်၍ တည်ထားခဲ့သည်။ ဦးမွန်ထော်သည် ထီးတော်ရုံ တန်ဆောင်းအစ်မကြီး ဒေါ်ဖွား၏ ခင်ပွန်းဖြစ်၏။

ဤနေရာတွင် စိတ်ဝင်စားဖွယ်အဆိုတစ်ရပ်ကား နောင်တော်ကြီးစေတီတော်၏ ဗဟိုချက်တစ်နေရာ၊ မဟာဗောဓိနှင့် ကမ်းနား‌ဈေးတန်ဆောင်းကြားရှိ စေတီငယ်၏ ဗဟိုချက်တစ်နေရာနှင့် ရွှေတိဂုံစေတီတော်၏ ဗဟိုချက်နေရာ စုစုပေါင်းသုံးနေရာတို့သည် တဖြောင့်တည်းဖြစ်သည်ဆိုသော အဆိုဖြစ်၏။

နောင်တော်ကြီးစေတီအထက် ရင်ပြင်တော်ပေါ်ဝယ် ပုတီးအဓိဋ္ဌာန်ဝင်လေ့ရှိကြသည်။ သမာဓိအားကောင်းသော ပုတီးအဓိဋ္ဌာန်ဝင်သူများသည် ဤအထက် ရင်ပြင်တော်ပေါ်ဝယ် ထူးထွေဆန်းပြားသော အဖြစ်အပျက်များနှင့် ကြုံတွေ့လျက်ရှိသည်ဆို၏။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





မမ္မစေတီကျောက်စာ
တန်ဆောင်း

ရွှေတိဂုံရင်ပြင် အရှေ့မြောက်ထောင့် တည့်တည့်တွင် တည်ရှိသည်။ မမ္မစေတီကျောက်စာတိုင် သုံးချပ်မှာ ပါဠိ၊ မွန်၊ မြန်မာသုံးဘာသာဖြင့် ခရစ်နှစ် ၁၄၈၅ ခုနှစ်တွင် စိုက်ထူထားခြင်းဖြစ်သည်။ ယခင်က ထိုကျောက်စာတိုင်များသည် ကုန်းတော်ပေါ်မှ အရှေ့ဘက်စောင်းတန်းသို့ အဆင်းတွင် ဘုရားဖူး၏ လက်ဝဲဘက် အလယ်ပစ္စယံတွင်ရှိသည်။ မီးခရာတွင်ပါဝင်သွားသော ကျောက်စာရုံတန်ဆောင်းနေရာတွင် ဦးသာထွန်းက အသစ်ဆောက်လုပ်လှူထားသည်။ ယခုမှ ဤနေရာသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။ ဤကျောက်စာတိုင်များမှာ မူလက မြေတွင်မြုပ်နေရာမှ ခရစ်နှစ် ၁၈၈၀ ခုနှစ်တွင် ကျောက်စာဝန် ဒေါက်တာ ဖော်ခင်းမားက ထိပ်ပိုင်းအစအနကို တွေ့ရှိ၍ ပြန်လည်တူးဖော်ထားခဲ့သည် ဆို၏။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# ထီးတော်ပုံတော်စေတီများ

ရွှေတိဂုံရင်ပြင်တော်မှ ထီးတော်ပုံတော်စေတီများ






ထီးတော်အကြီးပုံတော်မှာ သက္ကရာဇ် ၁၈၇၁ ခု AD ၌ မင်းတုန်းမင်းတရားကြီး တင်လှူခဲ့သောထီးတော်၏ ပုံတူဖြစ်သည်။ အလေးချိန် ၁ ၃/၄ တန် ရှိ၍ အမြင့် ၃၃ ပေ ရှိသည်။ ထီးတော်စေတီအငယ်မှာ သက္ကရာဇ် ၁၇၇၄ ၌ တင်လှူခဲ့သော ဆင်ဖြူရှင်မင်းတရားကြီး၏ ထီးတော်ပုံဖြစ်သည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့အကြီးဆုံးဘဏ်တိုက်နှင့်နှိုင်းယှဉ်လို့ရသော
# စိန်ရွှေရတနာများစုဝေးရာနေရာတော်



စိန်ဖူးထိပ်တွင် စိန်လုံးများ
အုပ်ထားသော စိန်ကြီး

ခေတ်အဆက်ဆက်မှ ဘုရင်များနှင့် ပြည်သူတို့၏ အလှူများကို အနီးကပ်မြင်တွေ့နိုင်ရန် ပုံတော်များကို မောင်ဆုရှင်၏ မြတ်ဘုရားရွှေတိဂုံစာအုပ်နှင့် SHWEDAGON BY WINPE စာအုပ်များမှ ကူးယူဖော်ပြပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ဝင်းလျှံလျက်ရှိသော ကြာနှုအထက်
စေတီတော် အပေါ်ပိုင်းကို ဖူးရပုံ



အဖိုးတန် ကျောက်မျက်မျိုးစုံ
စီခြယ်ထားသည့် စိန်ဖူးတော်ကြီး

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com



Diamond orb at summit of Shwe Dagon



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com







Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## ဤမြို့များပြားသော ရွှေငွေရတနာမျိုးစုံ ဘယ်ကရခဲ့သလဲ

ရှေးဘုရင်အဆက်ဆက်နှင့် လုပ်သားပြည်သူအများ၏ တစ်ဦးချင်း သို့မဟုတ် အများစုပေါင်းအလှူဖြစ်၏။ ခေတ်အဆက်ဆက်မှ ဘုရားလူကြီးတို့ တာဝန်ယူ ထိမ်းသိမ်းထားနိုင်၍လည်းဖြစ်၏။ ပြည်သူတို့၏ ရွှေပြားအလှူတော်ကို ဥပမာအဖြစ် ကြည့်မြင်တိုင်မြို့နယ် ပဒင်းတန်း အာရုံတော်ဝတ်အသင်းကြီး ၏ ရွှေစင်ရွှေပြား သင်္ကန်းတော် လှည့်လည်ပူဇော်ပွဲတွင် ရွှေပြားတစ်ချပ်စီကို ဆင်ဖြူတော်များပေါ်တွင် ဗြဟ္မာမင်းကြီးများ ကိုင်ဆောင်ပူဇော်ဟန် မြင်ကွင်းများကို ကောက်နုတ်ဖော်ပြပါသည်။

ဝ

ဤအသင်းကြီးမှကြီးမှူး၍ (၅၃) ကြိမ်မြောက်အထိ တစ်ပေပတ်လည်စီရှိသော ရွှေပြားသင်္ကန်းတော် ပေါင်း (၂၀၂) ပြား၊ စုစုပေါင်းရွှေအလေးချိန် (၉) ပိဿာ (၄) ကျပ်သားနှင့် ပိဋကတ်သုံးပုံ (၂) စုံတို့ကို အောင်မြင်စွာလှူဒါန်းပြီးစီးခဲ့ပါသည်။ ၁၉၉၆ ခုနှစ် (၅၄) ကြိမ်မြောက်တွင်လည်း ရွှေအလေးချိန် (၂) ကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော်ပေါင်း (၂၆) ပြား၊ စုစုပေါင်းရွှေအလေးချိန် (၅၈) ကျပ်သား တန်ဖိုးငွေ စုစုပေါင်း ၁၅ သိန်းကျော်ဖိုးကို လှူဒါန်းနိုင်ခဲ့ပါသည်။





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



Lotus petals, banana bud and *hti*



ကြည့်မြင်တိုင် ပဒင်းတန်း အာရုံတော်ဝတ်အသင်း ရွှေတိဂုံစေတီတော် ရွှေစင်ရွှေပြားသက်န်း အလှူတော် မင်္ဂလာလှည့်လည်ပွဲ



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ရင်ပြင်တော်ပေါ်မှဗောဓိပင်များ

## အရှေ့တောင်ထောင့်ရင်ပြင်မှ ဗောဓိညောင်ပင်

ဘုရားဖူးသည်အရှေ့တောင်ထောင့်ရင်ပြင် အင်္ဂါထောင့်အတွင်းဖက်သို့ဆက်၍လျှောက်ခဲ့လျှင် ဗောဓိညောင်ပင်တစ်ပင်ကို တွေ့ရမည်။ ညောင်ပင်ခြေရင်းတွင် အုတ်ဘိနပ်ဝိုင်း၍ထားသည်။ ဤညောင်ပင်ကား ကဆုန်လပြည့်နေ့တွင် ကုန်းတော်ပေါ်၌ ရေသွန်းရာညောင်ပင်ဖြစ်လေသည်။ ကဆုန်လပြည့်နေ့၌အရှေ့တောင်ထောင့်တွင် ဤဗောဓိညောင်ပင်တစ်ဝိုက်၌ ညောင်ရေသွန်းသူ ပရိသတ်များ၊ အသင်းအဖွဲ့များဖြင့် အထူးစည်ကားလေသည်။





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ဇောမိညောင်ပင်ရင်း၌ ဗုဒ္ဓရုပ်ပွားတော်ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်





ဇောမိညောင်ပင်ရင်းမှ နတ်ရုပ်၊ ဘီလူးရုပ်များ



www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com

ထိုစေတီကိုလွန်၍ ထွက်ခဲ့သော် ဇရပ်၊ စေတီအများအပြားကို တွေ့ရမည်။ ဤနေရာ ရင်ပြင်ပေါ်တွင် ကျယ်ဝန်းသော ကွက်လပ်တစ်နေရာဖြစ်သည်။ အနောက်ဖက် တံတိုင်းနှင့် မြောက်ဖက်တံတိုင်းတို့ ဆုံရာအနီးတွင် ဗောဓိပင်တစ်ပင်ရှိသည်။ အိန္ဒိယပြည်ရှိ မဟာဗောဓိပင်မှအကိုင်းကိုယူဆောင်၍ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်၊ မြန်မာ့လွတ်လပ်ရေးနေ့တွင် စိုက်ပျိုးခဲ့သောအပင်ဖြစ်သည်။

ဘုရားဖူးသည် ထိုဗောဓိပင်၏လက်ျာဖက်တွင် အခြားဗောဓိပင်တစ်ပင်ကိုတွေ့နိုင်သေးသည်။ ယင်းမှာ ဘဏ္ဍာထိန်းအဖွဲ့မှ စိုက်ပျိုးထားခဲ့သော ဗောဓိပင်ဖြစ်လေသည်။



မြန်မာပြည် လွတ်လပ်ရေးနေ့က စိုက်ပျိုးခဲ့သော အိန္ဒိယမှ ပင့်ဆောင်လာသည့် ဗောဓိညောင်ပင်ကို အနောက်မြောက် ရာဟုထောင့်တွင် တွေ့နိုင်သည်။



၁၉၂၀ ပြည့်နှစ် သပိတ် ကျောင်းသားခေါင်းဆောင်များဆွေးနွေးခဲ့ရာ အနောက်တောင်
စနေထောင့်ရင်ပြင်မှ ညောင်ပင်



Generated by CamScanner from intsig.com

www.burmeseclassic.com



မပြုပြင်သေးမီကာလက ဗောဓိညောင်ပင်
ယခုဗောဓိညောင်ပင်တိုင်း၏ ခြေရင်းတွင်ကျောက်ဆင်းတုတော်များကို
ကြည်ညိုစရာ ပြာသာဒ်များအတွင်း၌ ဖူးတွေ့နိုင်ပါသည်။





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဂယာမဟာဗောဓိပင်

ဤဗုဒ္ဓဂယာမဟာဗောဓိပင်ကို အိန္ဒိယနိုင်ငံမြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာမှဘုရားဖူးအဖွဲ့ အမှတ်စဉ်(၂)သည် ကောဇာသက္ကရာဇ် ၁၃၄၅ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ပင့်ဆောင်ပူဇော်ပါသည်။ ကောဇာသက္ကရာဇ် ၁၃၄၅ခု၊ ဝါဆိုလဆန်း ၁၁ ရက်နေ့နံနက်၉နာရီအချိန်တွင် ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်၌ ဂေါပကအဖွဲ့ဝင်လူကြီး ဦးခင်မောင်လေး နှင့် ဦးဖေယျတို့မှ အောင်မြင်စွာစိုက်ပျိုးပါသည်။ ကောဇာသက္ကရာဇ် ၁၃၄၅ ခု တပေါင်းလပြည့်နေ့တွင် မဟာဗောဓိပလ္လင်တော် ပြီးမြောက်အောင်မြင်ပါသည်။

ဗုဒ္ဓသာသနာစိရံတိဋ္ဌတု

(နောင်တော်ကြီးစေတီတော်အနီးတွင်တည်ရှိသည်)

(နောက်ဆုံးစိုက်ပျိုးထားသော မဟာဗောဓိပင်ဖြစ်ပါသည်)





Generated by CamScanner from intsig.com

www.burmeseclassic.com

# အထက်ပစ္စယံ

တောင်ဘက် အရှေ့ဘက် ခံတန်ဆောင်းအနီးတွင် စေတီတော် အထက်ပစ္စယံသို့ တက်သောလမ်းရှိသည်။ ယင်း အထက်ပစ္စယံသို့တက်ရန် ဘဏ္ဍာထိန်းအဖွဲ့မှ ခွင့်ပြုချက်လက်မှတ် ယူရသည်။ အမျိုးသမီးများ တက်ရောက်ခွင့်မရှိပါ။

အေးချမ်းဆိတ်ငြိမ်သော နေရာဖြစ်သည်။ ဤနေရာတွင် တရားဘာဝနာ ပွားများသူများနှင့် အဓိဋ္ဌာန်ပုတီး စိပ်နေသူများကို အစဉ်တွေ့ရလေ့ရှိသည်။

အထက်ပစ္စယံသည် အောပတ်လည်သို့ ပေ ၂၀ ခန့် အကျယ်ရှိသည်။ အထက်ပစ္စယံတွင် စေတီတော်ခြေရင်း ပန်းတင်ခုံပေါ်၌ စေတီရံ ၆၈ ဆူ တည်ထားသည်။ ၆၄ ဆူမှာ အရံစေတီငယ်များဖြစ်၍ လေးဆူမှာ မုခ်လေးဘက်မှ မုခ်ဦးစေတီများ ဖြစ်ကြသည်။

အထက်ပစ္စယံမှ ဆုတောင်းပြည့် ပတ္တမြားမျက်ရှင် တဝဂုရုပ်ပွားတော်ကို အနီးကပ် ဖူးမြော်နိုင်ပါသည်။

အထက်ပစ္စယာသည် အောပတ်လည်သို့ ပေ ၂၀ ခန့် အကျယ်ရှိသည်။

မြတ်ရွှေတိဂုံ အထက်ပစ္စယံနှင့် ဆုတောင်းပြည့် ပတ္တမြားမျက်ရှင် တဝဂု ဗုဒ္ဓရုပ်ပွားတော်





Generated by CamScanner from intsig.com

www.burmeseclassic.com



အထက်ပစ္စယာ၏ အရှေ့ဖက်ရင်ပြင်တွင် တဝဂူဆုတောင်းပြည့် ဘုရားရှိသည်။ ပတ္တမြားမျက်ရှင်ဘုရား
ဟုလည်းခေါ်သည်။ ဘဏ္ဍာထိန်းအဖွဲ့၌ ခွင့်တောင်း၍ ဘုရားဖူးများ တကူးတက
တက်ရောက်ကြည်ညိုကြသော နေရာဖြစ်သည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





ဘိနပ်တော် ပတ်လည်
တွင် သံတိုင်များဖြင့်
ဝန်းရံထားသောနေရာ
အနီးမှ သစ်သား လှေ
ကားများရှိသည်။ ထို
လှေကားများ အနီးမှ
တက် ၍ ကြည့် လျှင်
အထက် ပစ္စယာ ခိုနန်း
ချီးများကို ဤသို့ တင့်
တယ်စွာ တွေ့ရသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





Looking down on upper platform



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

View on upper platform





တရားဘာဝနာပွားသူများအတွက် အထက်ပစ္စယာ



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

# ရာသီမပြတ်ပွဲတော်များ

(ယခုခေတ်)

ရွှေတိဂုံစေတီတော်၏ သတ်မှတ်ထားသော ဘုရားပွဲတော်ရက်မှာ တပေါင်းလပြည့်နေ့ဖြစ်သည်။ သို့သော် အခါကြီး ရက်ကြီးတိုင်း၌လိုပင် ဘုရားကုန်းတော်နှင့် ရင်ပြင်များ၌ ဘုရားဖူးများ၊ ဥပုသ်သည်များဖြင့် စည်ကားနေလေ့ရှိသည်။ ထိုနေ့များ၌ နံနက်အရုဏ်တက် ဆွမ်း၊ ပန်း၊ သစ်သီးကပ်ချိန်မှစ၍ ညဖက် ပန်း၊ နံ့သာ၊ ဆီးမီးများကပ်လှူချိန်အထိ ဘုရားဖူးလာသူ၊ ဘုရားမှပြန်သူတို့ဖြင့် ကုန်းတော်စောင်းတန်းလေးသွယ်တို့တွင် အထွက်အဝင် စည်းကားလှသည်။



Western platform during festival

ဗုဒ္ဓဘာသာဆိုင်ရာ အခါကြီးရက်ကြီးများ၌ စေတီတော်ရင်ပြင်တွင် ဘုရားဖူးများနှင့် တိုးမပေါက်အောင်ရှိသည်။
ဤပုံမှာ တပေါင်းပွဲတော်အတွင်း အရှေ့တောင်ဖက် ရင်ပြင်၌ တွေ့ရသော
ဘုရားဖူး ပရိသတ်ဖြစ်သည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်မှ ထင်ရှားသောပွဲတော်အချို့




အစဉ်အလာအရ ညောင်ရေသွန်းပွဲတော် ကျင်းပလေ့ရှိသည်။
ရင်ပြင်ပေါ်မှ ဗောဓိညောင်ပင်

## ကဆုန်ညောင်ရေပွဲ

ကုန်းတော်ပေါ်ရှိ အရှေ့တောင်အရပ်၌ မဟာဗောဓိအသင်းမှစိုက်ပျိုးထားသော ညောင်ပင်ခြေရင်းတွင် အေးမြကြည်လင်သော ရေစင်ဖြင့် သွန်းလောင်းကြလေသည်။ ထိုပွဲတော်ကို သက္ကရာဇ် ၁၂၈၇ ခုနှစ်မှစ၍ ကျင်းပလာခဲ့သည်။ အသင်းအဖွဲ့များအလိုက် အမျိုးသမီးများသည် သဘက်ကို ပခုံးတွင်တင်၍ ညောင်ရေအိုး ကိုယ်စီရွက်၍ ရပ်ကွက်အလိုက်၊ ဘုရားသို့တက်ကြသည့် ရှုခင်းမှာ တစ်ဘာသာထူးခြား၍နေပေသည်။

ပွဲတော်ကျင်းပပုံကား ကဆုန်လပြည့်နေ့ နံနက် ၅ နာရီခန့်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ကြီးမှူး၍ ညောင်ရေသွန်းမည့် အသင်းအဖွဲ့များသည် မဟာဗောဓိပင်၌ အသင်းအဖွဲ့ပေါင်းစုံ နေရာယူသည်။ နံနက် ၆ နာရီခန့်တွင် စေတီတော်ကို လက်ျာရစ် လှည့်ပတ်ပူဇော်ကြသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com




ရွှေတိဂုံစေတီတော်က အဖိတ်နေ့ည ဆွမ်းတော်ကြီးတင်ပွဲမှာလည်း စာတင်လောက်အောင် စည်ကားပါသည်။ အခွင့်အလမ်းကြုံလျှင် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာကြပါဟု ဖိတ်ခေါ်လိုပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပသောအခါ အရှေ့တောင်ထောင့်ရှိ ဗောဓိညောင်ပင်၌ ရေစင်မသွန်းလောင်းမီ အတီးအမှုတ် အကအခုန်များဖြင့် အသင်းအဖွဲ့အလိုက် နှစ်စဉ် သိုက်ပန်းစည်ကားစွာ လာရောက်ကြသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## ဝါဝင်နှင့် ဝါထွက်အလှူများ

ဝါဆိုပွဲကား ဝါတော်ဝင်ဦး အခါရက်ဖြစ်၍ ဥပုသ်သီတင်းဆောက်တည်ရင်း ဘုရားဖူးတက်ကြသူ ဗုဒ္ဓဘာသာဝင်တို့ များပြားသည်။ ရှေးကတည်းကပင် စေတီတော်၏ ကုန်းမြေနှင့် ရင်ပြင်တဝိုက်၌ အေးချမ်းဆိတ်ငြိမ်ရာကိုရှာ၍ တရားဘာဝနာအားထုတ်ကြရင်း ညနေစောင်းမှ ကုန်းတော်ပေါ်က ဆင်းလေ့ရှိကြသည်။ ဝါဆိုလပြည့်အခါ ဟိုပုထိုးတို့၌ ဝါဆိုပန်းကပ်သော အစဉ်အလာရှိသည်ဖြစ်ရာ ရွှေတိဂုံစေတီတော်ကြီးတွင် ဝါဆိုပန်းများလည်း ခါတိုင်းထက်ပင် တလန်းလန်း တကြိုင်ကြိုင်ရှိပေသည်။



သီတင်းကျွတ်ပွဲတော်၌ စေတီတော်ခြေရင်းတွင် ဆီမီးပူဇော်နေကြသော အမျိုးသမီးတစ်စု



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



## သီတင်းကျွတ်ပွဲတော်

သက်ဿနဂိုရ်ပြည်မှ ကြွမြန်းလာသော ဗုဒ္ဓမြတ်စွာဘုရားအား ဆီးကြိုပူဇော်သော ထုံးတမ်းအစဉ်အလာအရ မီးထွန်းပွဲများ ကျင်းပကြသည်။

လွန်ခဲ့သော အနှစ် ၈၀ ကျော်က ရန်ကုန်မြို့သူမြို့သားတို့၏ ဓလေ့မှာ သီတင်းကျွတ်လပြည့် အဖိတ်နေ့ ညမှစ၍ ဇရပ်ဒါယကာ၊ တန်ဆောင်းဒါယကာများသည် အတီးအမှုတ် အကအခုန်တို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။ မိမိတို့ဇရပ်ရှေ့မှနေ၍ ဘုရားကြီးကုန်းတော် ခြေရင်းအရောက် မှန်ယုန်နားရွက် မီးအိမ်များတွင် ဖယောင်းတိုင်တပ်၍ ထွန်းညှိပြီး မီးစောင်းတန်း ပူဇော်ကြသည်။ မိမိတို့ဇရပ်တွင် ဆွမ်းတော်ကြီးကပ်လှူသည်။ စတုမဓုဆေးကျို၍ ဘုရားကို ကပ်လှူသည်။ လပြည့်နေ့နံနက်တွင် သံဃာတော်များကို ပင့်ဖိတ်၍ စတုမဓုဆွမ်း ကပ်လှူပြီး လူအများကိုလည်း ကျွေးမွေးလေ့ရှိသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

## မသိုးသင်္ကန်းကပ်လှူသော တန်ဆောင်တိုင်

တန်ဆောင်တိုင်ပွဲတော်ကား ရွှေတိဂုံစေတီတော်အား မသိုးသင်္ကန်းကပ်လှူသောပွဲဖြစ်သည်။ ဆီမီးပူဇော်ပွဲလည်းဖြစ်သည်။ အဖိတ်နေ့ညနေကပင် ကုန်းတော်ရင်ပြင်၌ ဘုရားဖူးများ စည်ကားလှသည်။ မဏ္ဍပ်များတွင် အပျော်ယမ်ကာနှင့် မုန့်များကို စတုဒိသာကျွေးမွေးကြသည်။ စေတီတော်ရင်ပြင်၌ ဆီမီးခွက်များ၊ ဖယောင်းတိုင်များဖြင့် ပူဇော်ကြသည်။ ကုန်းတော်အောက် အရပ်လေးမျက်နှာရှိ မြို့ကြီးတစ်ခုလုံးမှာလည်း တန်ဆောင်ဆီမီးရောင်ဖြင့် တထိန်ထိန်ရှိနေပေတော့သည်။

ရေကြည်တော်ဝတ်အသင်း ဇရပ်၌ မသိုးသင်္ကန်းများကို အပြိုင်ရက်လေ့ရှိကြသည်။ သင်္ကန်းတစ်ထည်ကို ချည်ခင်အဖြစ်မှအစ ချည်ချောထည်အထိ ဖြစ်အောင် အားသွန်၍ ညနေ ၄ နာရီမှစပြီး မနားတမ်းပြိုင်ကာ ရက်လုပ်ကြခြင်းဖြစ်သည်။ ထိုသင်္ကန်းကို လူထုပရိသတ်က သယ်ဆောင်၍ တပျော်တပါး ကပ်လှူပူဇော်ကြလေသည်။



Sacred robe woven overnight

တန်ဆောင်မုန်းလပြည့်နေ့ အကြိုညဉ့် ရေကြည်တော်ဝတ်အသင်းတန်ဆောင်းတွင် မသိုးသင်္ကန်းများကို အဖွဲ့လိုက်ယှဉ်ပြိုင်၍ ရက်ကြပြီး လပြည့်နေ့နံနက် အရုဏ်တက်တွင် မှခ်ဦးဘုရားရှင်များသို့ ပူဇော်ရန် တစ်ယောက်တစ်လက် သယ်ဆောင်၍ တပျော်တပါး ကပ်လှူကြသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်မှ မသိုးသင်္ကန်းကပ်လှူပွဲ မြင်ကွင်းအချို့



BUDDH.



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



weaving contest.



WEAVERS AIDES beautify the finely woven robes with decorative cutouts



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## တပေါင်းပွဲတော်

တပေါင်းလပွဲတော်မှာ စေတီတော်ကြီးကို စတင်တည်ထားသော အထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပခြင်းဖြစ်သည်။ ရှေးကတည်းက ထင်ရှားသော ပွဲတော်ဖြစ်သည်။ ဘုရင်ကိုယ်စား မြို့ဝန်က ဘုရားဖူးတက်၍ အခမ်းအနားအဆောင်အယောင်ဖြင့် လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းရသည်။ အငြိမ့်၊ ရုပ်သေး၊ ဇာတ်သဘင် စုံလင်စွာခင်းကျင်းကြသည်။

ခေတ်သစ်ပိုင်းတွင် တပေါင်းပွဲတော်ကို ပြည်သူလူထုကပင်ဆက်၍ ဆင်နွှဲခင်းကျင်းကြသည်။ တစ်ဦးချင်း၊ တစ်မိသားချင်း၊ အပေါင်းအဖော်တစ်စုချင်း ဘုရားဖူးလာကြသည့်နည်းတူ အသင်းအဖွဲ့အလိုက် အစုအဝေးနှင့် လှေတစ်တန်၊ လှည်းတစ်တန် လာကြသည်လည်းရှိသည်။ ထို့ကြောင့် ကုန်းတော်ဝန်းကျင် ဇရပ်များ၊ ကျောင်းများ၊ စောင်းတန်းများနှင့် ရင်ပြင်အနှံ့တွင်လည်း ဘုရားဖူးများမှာ တိုး၍မပေါက်အောင် စည်ကားလေသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်က ရန်ကုန်မြို့၊ အရပ်အသီးသီးမှ လူများသည် တပေါင်းလပြည့်နေ့ကို နွှဲရန်အတွက် အဖိတ်နေ့ညကပင် ကန်တော်မင်ပန်းခြံ၌ နေရာယူပြီး မနက်အရုဏ်ကပ်ရန် ချက်ပြုတ်ကြသည်။ ညအခါ အနောက်မုခ်တွင်ပြနေသော ရုပ်ပွဲ ကြည့်ချင်ပွဲများသို့ သွားကြသည်။ ပြပွဲပြိုင်ပွဲများသို့လည်း သွား၍ကြည့်ကြသည်။

ဘုန်းကြီးပျံပွဲများကိုပင်လျှင် တပေါင်းလအခါကိုစောင့်၍ စည်စည်ကားကား အန္တိမဈာပနသဘင် ဆင်ယင်ကြသည်။ ဘုန်းကြီးပျံပွဲများကို တောင်ဘက်မုခ်နှင့် အရှေ့ဘက်မုခ်အကြား ကွက်လပ်တွင် ပြုလုပ်လေ့ရှိပေသည်။

Shwe Dagon platform on festival day



ရွှေတိဂုံ ဆွယ်တော်ကြီးတင် တပေါင်းလပြည့်အဖိတ်ည



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com





www.burmeseclassic.com



Generated by CamScanner from intsig.com

www.burmeseclassic.com



ပွဲတော်ကျင်းပနေသည့်အလား၊ ရွှေတိဂုံရင်ပြင်တော်များ – အမြဲလိုလို
ဘုရားဖူးများနှင့် ပြည့်လျှမ်းနေတတ်သည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# ယခုခေတ်တည်ဆောက်မှုများ

## ယခုခေတ်တည်ဆောက်ရေးလုပ်ငန်းများ

(၁) ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့က အနောက်မုခ်မြေကွက်လပ်ကြီးကို စိမ်းစိုရှင်လန်း ပန်းမာလ်အသွယ်သွယ်လှမျိုးကြွယ်အောင် ခြယ်လှယ်စိုက်ပျိုး ဖြိုးဖြိုးဝေဆာ ဗိသုကာအင်ဂျင်နီယာတို့၏ အတတ်ဆန်းဖြင့် ရေပန်းရေမွှား သီကြားရေစင် ပုံတော်ဆင်၍ သိဂ္ဂတ္တရဥယျာဉ်ကြီးကို (၈၅) သိန်းကျော်မျှ အကုန်အကျခံ၍ တည်ထောင်နိုင်ခဲ့သည်။

(၂) ၁၉၉၁ ခုနှစ် ဧပြီလ ၁၇ ရက်နေ့၌ မကိုင့်အောင်ချာဘဂဝါမုနိစောဘုန်းရှိ၏၊ သာကီယနွယ်ဝင် ဖွားမြင်တော်မူခန်းအစ လေးဝနိမိတ် နတ်ပြပိတ်ကြောင့် သောင်ရိပ်နိကာ အနော်မာကကိုကူးခါ ဆံပယ်ငါးသွယ်မာရ်နှင့် ဗောဓိပင်နှင့် ပလ္လင်အောင်ခန်း လက်ရာဆန်းတို့ဖြင့် ရှုမခန်းအောင်စီစဉ်၍ သိန်းပေါင်း (၂၁၀) အကုန်အကျခံကာ မဟာဗုဒ္ဓဇယန္တိ ဗုဒ္ဓဝင်ပြခန်းတော်ကြီးကို ဖွင့်လှစ်၍ ဂုဏ်တင်တော်မူခဲ့သည်။

(၃) လေးဆူဓါတ်စုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘုရားဖူးလာကြသူ ပြည်သူအများ ခြေမညောင်း မပင်ပန်းဘဲ ရွှင်လန်းလွယ်ကူစွာ ကုန်းတော်သာသို့ရောက်အောင် အနောက်မုခ်စောင်းတန်းဖက်တွင် စက်မှုအင်ဂျင်နီယာတို့စွမ်းအားဖြင့် (၇၄) သိန်းတန် ရွေ့လျားစက်လှေကား တပ်ဆင်အောင်မြင်ခဲ့သည်။

(၄) ဟောင်းနွမ်းနေပြီဖြစ်သောစေတီရံများနှင့် ပင်မစေတီတော်ကြီး၏လုံးပတ်တော်တွင် ရွှေစင်ရွှေသား ရွှေပြားသက်န်းတော်ကပ်လှူရန် စီမံချက်ချရာမှာလည်း (၉) လတာမျှသောအချိန်တိုကလေးနှင့်ပင် နိုင်ငံတော်၏စေတနာ ပြည်သူတို့၏ သဒ္ဓါဖြင့် (၁၂၅၈) သိန်းဖိုး ရွှေသက်န်းတော် ကပ်လှူပူဇော်နိုင်ခဲ့သည်။

## ရွှေတိဂုံစေတီတော်
## ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်

**ပြတိုက်တွင်**

- ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရှေးဟောင်း ရွှေသားစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊
- စေတီတော်ကြီးသို့ ခေတ်အဆက်ဆက်မှလှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စေတီတော်များ
- နိုင်ငံရပ်ခြားတိုင်းပြည်များမှ လှူဒါန်းထားသော ဗုဒ္ဓသာသနိကပစ္စည်းများ
- အများပြည်သူတို့လှူဒါန်းထားသော ရွှေ၊ ငွေ၊ ကျောက်မျက် အစရှိသော အဖိုးတန်ရတနာပစ္စည်းများနှင့်
- အနုပညာလက်ရာပစ္စည်းများကို လေ့လာကြည်ညို သဒ္ဓါပွားနိုင်ကြစေရန် ခင်းကျင်းပြသထားပါသည်။

**ပိဋကတ်တိုက်တွင်**

- ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော သုတ်၊ ဝိနည်း အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်စာပေများကို လေ့လာဖတ်ရှုနိုင်ပါသည်။
- ဗုဒ္ဓသာသနာတော်နှင့်သက်ဆိုင်သော တိုင်းရင်းသားဘာသာ၊ နိုင်ငံခြားဘာသာတို့ဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများ၊ စာစောင်များကို ဖတ်ရှုလေ့လာနိုင်ပါသည်။
- ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းဆိုင်ရာစာပေများကို လေ့လာဖတ်ရှုနိုင်ပါသည်။

**မော်ကွန်းတိုက်တွင်**

- ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများ၊ ကုသိုလ်တော်လုပ်ငန်းများ မှတ်တမ်းမှတ်ရာများနှင့် ဓါတ်ပုံ၊ မြေပုံ၊ တိပ်ခွေ စသည်တို့ကို စနစ်တကျ စုဆောင်းသိမ်းဆည်းထားရန် စီစဉ်ထားပါသည်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



# ရွှေတိဂုံစေတီတော်

မြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်

ဖွင့်ပွဲအခမ်းအနား

မြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်

**ရည်ရွယ်ချက်**

- ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာမှ အစပြု၍ လှူဒါန်းထားသောဗုဒ္ဓရုပ်ပွားဆင်းတုတော်များစေတီတော်များနှင့် ဗုဒ္ဓသန္တက ပစ္စည်းများကို အများပြည်သူတို့လေ့လာကြည်ညို သဒ္ဓါပွားနိုင်ကြစေရန်။
- စေတီတော်ကြီး၏ သမိုင်းဝင်ပစ္စည်းများ၊သိမှတ်ဖွယ်ရာများကို လေ့လာကြည်ညို နိုင်ကြစေရန်။
- မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများကို လေ့လာနိုင်ကြစေရန်။
- ရဟန်း ရှင် လူ ပြည်သူများက မိမိတို့ နှစ်သက်မြတ်နိုး တန်ဖိုးထားသည့် ပစ္စည်း များ၊ ရတနာများအား စေတီတော်ကြီးသို့ လှူဒါန်းထားကြသည်များကို သဒ္ဓါ ပွားနိုင်ကြစေရန်။
- ဗုဒ္ဓသာသနာတော်၏ အရင်းအမြစ်ဖြစ်သော ပရိယတ္တိသာသနာတော် အရှည် တည်တံ့၍ ဗုဒ္ဓစာပေ ကမ္ဘာသို့တိုင် ပြန့်ပွားစေရန်။
- ရွှေတိဂုံစေတီတော်သို့ ဖူးမြော်ကြည်ညိုရန် ကြွရောက်လာကြသော ရဟန်းရှင် လူ ပြည်သူအပေါင်းတို့သည် ဗုဒ္ဓစာပေများကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ကြ စေရန်။
- ရွှေတိဂုံစေတီတော်မြတ်ကြီး၏နောက်ခံသမိုင်းများကို လေ့လာ သုတေသနပြုရာ တွင် အထောက်အထားများ ရရှိနိုင်မည့် ကျမ်းဂန်စာပေများကို လေ့လာဖတ်ရှု နိုင်ကြစေရန်။
- စေတီတော်မြတ်ကြီးတွင် ဆောင်ရွက်နေသော ကုသိုလ်တော် လုပ်ငန်းများ၏ မှတ်တမ်းမှတ်ရာများ၊ မြေပုံ၊ ဓာတ်ပုံ၊ တိပ်ခွေ စသည်တို့ကို စနစ်တကျ ထိန်း သိမ်းထားရှိရန်။
- မော်ကွန်းမှတ်တမ်းများကိုစနစ်တကျထိန်းသိမ်းထားခြင်းဖြင့် နောင်နှစ်ပေါင်း များစွာအတွက် သမိုင်းအထောက်အထားများကို အလယ်တကူ ရှာဖွေလေ့လာ

Generated by CamScanner from intsig.com
www.burmeseclassic.com







ပြတိုက်

- ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရှေးဟောင်း ရွှေသား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်၊
- စေတီတော်ကြီးသို့ ခေတ်အဆက်ဆက်မှ လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စေတီတော်များ၊
- နိုင်ငံရပ်ခြားတိုင်းပြည်များမှ လှူဒါန်းထားသော ဗုဒ္ဓသာသနိကပစ္စည်းများ၊
- အများပြည်သူတို့ လှူဒါန်းထားသော ရွှေ၊ ငွေ၊ ကျောက်မျက် အစရှိသော အဖိုးတန် ရတနာပစ္စည်းများနှင့်
- အနုပညာ လက်ရာ ပစ္စည်းများကို လေ့လာ ကြည်ညို သဒ္ဓါပွားနိုင်ကြစေရန် ခင်းကျင်းပြသထားပါသည်။

www.burmeseclassic.com





## ပိဋကတ်တိုက်

- ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်စာပေများကို လေ့လာ ဖတ်ရှုနိုင်ပါသည်။
- ဗုဒ္ဓသာသနာတော်နှင့်သက်ဆိုင်သော တိုင်းရင်းသားဘာသာ၊နိုင်ငံခြားဘာသာတို့ဖြင့် ရေးသားထားသည့် စာအုပ်၊ စာတမ်းများ၊ စာစောင်များကို ဖတ်ရှုလေ့လာနိုင်ပါသည်။
- ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းဆိုင်ရာ စာပေများကို လေ့လာဖတ်ရှုနိုင်ပါသည်။





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com







**မော်ကွန်းတိုက်**

– ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများ၊ ကုသိုလ်တော်လုပ်ငန်းများ၊ မှတ်တမ်းမှတ်ရာများနှင့် ဓာတ်ပုံ၊ မြေပုံ၊ တိပ်ခွေ စသည်တို့ကို စနစ်တကျ စုဆောင်းသိမ်းဆည်းထားရန် စီစဉ်ထားပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

## ကြိုးပမ်းဆောင်ရွက်မှု

— ၁၉၇၉ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့် တို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရန်ကိစ္စကို ရွှေတိဂုံစေတီတော် သြဝါဒါစရိယာ ဆရာတော်များထံ လျှောက်ထား သြဝါဒခံယူခဲ့ရာ သြဝါဒါစရိယ ဆရာတော်များမှ ဝမ်းမြောက်ဝမ်းသာ သာခု အနုမောဒနာ ပြုကြပါသည်။

— ထို့နောက် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့် သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် စီမံကိန်းလုပ်ငန်းကြီး ၃ ရပ်ဖြစ်သော-

(၁) သိင်္ဂုတ္တရဥယျာဉ်တော်တည်ဆောက်ရေးလုပ်ငန်း၊

(၂) ဗုဒ္ဓဇယန္တိဗုဒ္ဓဝင်ပြခန်းကြီးတည်ဆောက်ရေးလုပ်ငန်း၊

(၃) ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးလုပ်ငန်းများ၏ ဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကက်စိန်၊ ၎င်းနောက် ဗိုလ်မှူးကြီး စိန်ထွား ဥက္ကဋ္ဌအဖြစ်ပါဝင် သော စီမံကိန်းလုပ်ငန်းကြီး ၂ ရပ်ဖြစ်သည့် ဗုဒ္ဓဇယန္တိ ဗုဒ္ဓဝင်ပြခန်းကြီး တည်ဆောက်ရေးလုပ်ငန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးလုပ်ငန်းအဖွဲ့သည် ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ သီတင်းကျွတ်လပြည့်နေ့တွင် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်း တိုက်ကို စတင်အုတ်မြစ်ချ၍ တည်ဆောက်ခဲ့ပါသည်။ ပြတိုက်၊ ပိဋကတ် တိုက်၊ မော်ကွန်းတိုက် တည်ဆောက်မှုလုပ်ငန်းကို အမှတ် (၂) စက်မှု ဝန်ကြီးဌာန၊ စက်မှုဆောင်ရွက်မှုလုပ်ငန်းမှ တာဝန် ဆောင်ရွက်ပြီး၊ ပုံစံ ပြုစုခြင်းနှင့် လျှပ်စစ်ဆက်သွယ်မှုလုပ်ငန်းကို ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

— ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်အတွက် သံကူကွန်ကရစ်မြေထိန်းနံရံကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ တိုင်းဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့ (၁၁) မှ တာဝန်ယူ ဆောက်လုပ်ခဲ့ပါသည်။






Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်မှုအခြေအနေ

| | | |
|---|---|---|
| စတင်ဆောက်ရွက်သည့်နေ့ | .... .... | ၁၄-၁၀-၇၉ |
| ပြီးစီးသည့်နေ့ | .... .... .... | ၁၄-၇-၈၂ |

**လုပ်ငန်းတန်ဖိုး**

| | | | | |
|---|---|---|---|---|
| မူလလုပ်ငန်း | .... .... | ကျပ် | ၂၆၆.၅၄ | သိန်း |
| လျှပ်စစ်လုပ်ငန်း | .... .... | ကျပ် | ၁၉.၉၂ | သိန်း |
| ရေသန့်နှင့် အခြားလုပ်ငန်း | .... | ကျပ် | ၆.၇၆ | သိန်း |
| စုစုပေါင်း | .... | ကျပ် | ၂၉၃.၃၂ | သိန်း |
| နိုင်ငံခြားသုံးငွေ(စင်ကာပူဒေါ်လာ) | .... | | ၂.၁၀ | သိန်း |
| သံကူကွန်ကရစ်မြေထိန်း နံရံလုပ်ငန်း | .... | ကျပ် | ၇၇.၄၆ | သိန်း |



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်
ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် ဖွင့်ပွဲ
၁၃၃၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ (၁၄·၇·၇၂)





ရွှေတိဂုံစေတီတော်
ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် ဖွင့်ပွဲ
(၁၄·၇·၇၂)





Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

လေးရွှေဓါတ်ပုံ

# ရွှေတိဂုံစေတီတော်

## ဗုဒ္ဓရယံနှင့် ဗုဒ္ဓဝင်ပြခန်း



၁၃၅၃ ခု၊ ကဆုန်လဆန်း (၅) ရက်
နှစ်ဆန်းတစ်ရက် (၁၇-၄-၉၁)
စတင်ဖွင့်လှစ်ပါသည်



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com





မဟာဗုဒ္ဓဝင်ပြခန်းသွားရာလမ်းမှ လွှမ်းစေတီများနှင့် မဟာဗုဒ္ဓဝင်ပြခန်းအဝင်မုခ်ဝ။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဇယန္တီ ဗုဒ္ဓဝင်ပြခန်း

## ရည်ရွယ်ချက်

- ဒေလးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဖူးမြော်ကြည်ညိုရန် ရောက်ရှိလာကြသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ဗုဒ္ဓမြတ်စွာရှင်တော်မြတ် ဘုရားအား ဖူးမြော်ကြည်ညို၍ ဗုဒ္ဓဝင်ဆိုင်ရာ သိမှတ်ဖွယ်ရာအဖြာဖြာတို့ကို သိရှိမှတ်သား သဒ္ဓါပွားနိုင်ရန်။
- ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော တရားဒေသနာတော်များကို ရဟန်းရှင်လူ ပြည်သူအများ သိရှိလိုက်နာနိုင်ကြစေရန်။
- ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များကို ကျမ်းဂန်စာပေများတွင် ဖတ်ရှုလေ့လာရန် အခွင့်မသာသူများအတွက် အချိန်တိုအတွင်း တွေ့မြင်ကြားသိရခြင်းဖြင့် ရှင်းလင်းလွယ်ကူစွာ လေ့လာမှတ်သား သဒ္ဓါပွားနိုင်ကြရန်။
- ဗုဒ္ဓသာသနာဝင်ဆိုင်ရာ အကြောင်းအချက်များကို သင်ယူလေ့လာမှတ်သားနေကြသော သောတုဇနသုတေသီများအတွက် ပညာ၊ ဗဟုသုတ တိုးပွားကြစေရန်။
- ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှု အနုပညာဆိုင်ရာ အထွတ်အခေါင် ကျက်သရေဆောင်ဖြစ်သော ရွှေတိဂုံ စေတီတော် မြတ်ကြီး တွင် မျက်မှောက်ခေတ် ပန်းချီ၊ ပန်းပု ပညာရှင်များ၏ အနုပညာ လက်ရာများဖြင့် သရုပ်ဖော်ပြသထားသော ဗုဒ္ဓဝင်ပြခန်း၊ ပြကွက်အသီးသီးကို တစ်စုတစ်ဝေးတည်း လေ့လာကြည်ညိုနိုင်ရန်။



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## သင်္ဂါယနာတင် သပိုင်းပန်းချီကားကြီးများ

ဗုဒ္ဓပြုတ်ေတ္ထာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန်နှင့် ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားစေရန် အတွက် ရဟန်းသံဃာတော်များ၊ ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့် ရှောက်လိုသော မင်းများ၏ ပဓ္ဓယာနုဂ္ဂဟကိုယ်ပြု၍ တိုင်းသူပြည်သားများ၏ အလှူဒါနဖြင့် သင်္ဂါယနာ ၆ ကြိမ်တိုင်တိုင် တင်ခဲ့ပုံများကိုလည်းကောင်း၊ သင်္ဂါယနာတင်ရန် ဖြစ်ပေါ်လာရသော အကြောင်းရင်းများနှင့် သင်္ဂါယနာ တင်ပြီးနောက် သာသနာတော် စည်ပင်ပြန့်ပွားလာပုံများကို လည်းကောင်း အလျား ၄၈ ပေ၊ အနံ ၁၇ ပေ ပမာဏရှိသော ပန်းချီကားကြီးတစ်ချပ်စီတွင် ဂန္ထဝင်မြောက်အနုပညာ ပန်းချီလက်ရာများဖြင့် ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ခမ်းနားထည်ဝါစွာ ရေးဆွဲပြသထားပါသည်။



တတိယသင်္ဂါယနာတင်တော်မူပုံ

### ဗုဒ္ဓဇယန္တိ ဗုဒ္ဓဝင်ပြခန်းများ တည်ဆောက်မှု အခြေအနေ

| | | |
|---|---|---|
| စတင်ဆောင်ရွက်သည့်နေ့ ... | .... | ၁-၁၉-၅၈ [illegible] |
| ပြီးစီးသည့်နေ့ .... | .... | [illegible] |

**လုပ်ငန်းတန်ဖိုး**

| | | |
|---|---|---|
| မွမ်းမံလုပ်ငန်း .... | .... | ကျပ် ၁၁[illegible] သိန်း |
| ချပ်စစ်လုပ်ငန်း .... | .... | ကျပ် ၂၃ သိန်း |
| ရေသန့်နှင့်အခြားလုပ်ငန်း | .... | ကျပ် ၁၂ သိန်း |
| စုစုပေါင်း | .... | ကျပ် ၁၅၀ သိန်း |



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



ဝပ္ပစကြာ တရားဟောတော်မူခန်း

## ဗုဒ္ဓဝင်ပြခန်းအဆောက်အအုံအတွင်း တည်ဆောက်ထားသော ဗုဒ္ဓဝင် ပြခန်း ၂၈ ခန်း

အလောင်းတော် သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူသည်မှ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ သက်တော်ထင်ရှား မြတ်စွာဘုရား၏ အဂပိုင်း ဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ မြတ်စွာဘုရားသည် ဝေနေယျ သတ္တဝါများအား တရားရေအေး အမြိုက်ဆေး တိုက် ကျွေး ခဲ့ပုံ များ ကို လည်းကောင်း အခန်းပေါင်း ၂၈ ခန်း၌ ပန်းချီပန်းပု၊ ရုပ်လုံးရုပ်ထု၊ ရုပ်ကြွများနှင့် ရောင်စုံလျှပ်စစ်မီးများ ပေါင်းစပ်ပြီး သာယာနာပျော်ဖွယ် သော စကားအလင်္ကာတေးသံသာများဖြင့် ပြသမှုကို ခေတ်မီနည်းစနစ်များဖြင့် ဖြည့်စွက်၍ ကြည်ညိုဖွယ်ရာ ပြသထားပါသည်။

အဘိဓမ္မာတရား ဟောကြားတော်မူခန်း



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

## ကြိုးပမ်းဆောင်ရွက်မှု

- လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက် စောင်းတန်းမှ မြောက်ဘက် ပေငါးရာခန့်အကွာတွင် သာသနာနှစ် ၂၅၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ဆောက်လုပ် လှူဒါန်းခဲ့သော ''ဗုဒ္ဓဇယန္တိဓမ္မာရုံ''ကြီး တည်ရှိခဲ့ပါသည်။
- ထို ဗုဒ္ဓဇယန္တိဓမ္မာရုံကြီး ဆောက်လုပ်ထားသည်မှာ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ဟောင်းနွမ်းပျက်စီးစ ပြုလာပါသည်။ ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့နှင့် ရွှေတိဂုံစေတီတော် စေတနာ ပညာရှင် အဖွဲ့တို့သည် ဟောင်းနွမ်းပျက်စီးနေသော ဗုဒ္ဓဇယန္တိဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံ၍ ဗုဒ္ဓဝင်ပြခန်းများ တည်ဆောက်ရန် ရည်မှန်းချက်များ ထားရှိခဲ့ပါသည်။
- ၁၉၇၉ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်တို့သည် ဗုဒ္ဓဇယန္တိဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံ၍ ဗုဒ္ဓဝင်ပြခန်းများ တည်ဆောက်ရန်ကိစ္စကို ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်များထံ လျှောက်ထားဩဝါဒခံယူခဲ့ရာ ဩဝါဒါစရိယဆရာတော်များက ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုကြပါသည်။
- ထို့နောက် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးညွန့်သည် ...ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့်စီမံ...န်းလုပ်ငန်းကြီး ၃ ရပ် ဖြစ်သော (၁) သိင်္ဂုတ္တရ ဥယျာဉ်တော် တည်ဆောက်ရေးလုပ်ငန်း၊ (၂) ဗုဒ္ဓဇယန္တိဗုဒ္ဓဝင်ပြခန်းကြီး တည်ဆောက်ရေးလုပ်ငန်း၊ (၃) ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးလုပ်ငန်းများ၏ ဗဟိုအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ရန်ကုန်တိုင် စစ်ဌာနချုပ်ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး ကက်စိန်၊ ၎င်းနောက် ဗိုလ်မှူးကြီးစိန်ထွား ဥက္ကဋ္ဌအဖြစ်ပါဝင်သော စီမံကိန်း လုပ်ငန်းကြီး ၂ ရပ်ဖြစ်သည့် ဗုဒ္ဓဇယန္တိ ဗုဒ္ဓဝင်ပြခန်းကြီး တည်ဆောက် ရေးနှင့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးလုပ်ငန်း အဖွဲ့သည် ၁၉၇၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ စတင်၍ ဗုဒ္ဓဝင် ပြခန်းတည်ဆောက်မည့် ဗုဒ္ဓဇယန္တိ ဓမ္မာရုံကြီးကို ပြုပြင်မွမ်းမံခဲ့ပါသည်။

ဗုဒ္ဓဝင်ပြခန်း အခင်းမှုခ်ဦးဆောင်





Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံရှိဗုဒ္ဓသာသနိကအဆောက်အအုံများပြခန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်၊ ဗုဒ္ဓသာသနာ အထူးစည်ပင် ထွန်းကားသော နိုင်ငံတစ်ခုဖြစ်သည့်အလျောက်၊ သာသနာ့သမိုင်းဝင် ဗုဒ္ဓသာသနိက အဆောက်အအုံများ ပေါများကြွယ်ဝလှပါသည်။ ယင်းသို့ ပေါများကြွယ်ဝလှသော ဗုဒ္ဓသာသနိက အဆောက်အအုံများတည်ရှိရာ မြန်မာ နိုင်ငံတော်တစ်ဝန်းလုံးကို လွှမ်းခြုံ၍၊ ဗုဒ္ဓသာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုခွင့်ရစေရန် ပြကွက်များဖြင့် သရုပ်ဖော် ပြသထားပါသည်။ ထိုမှုမက မြန်မာနိုင်ငံအတွင်းသို့ ဗုဒ္ဓသာသနာ ပြန့်ပွားရောက်ရှိလာပုံများ ကိုလည်း လျှပ်စစ်မီးများဖြင့်ပြသထားပါသည်။



မြန်မာနိုင်ငံရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများ

## မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာတော်ပေါ်ထွန်းလာပုံနှင့် ပျံ့နှံ့လာပုံပြခန်း

မြတ်စွာဘုရား ဖွားမြင်တော်မူသည်မှ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး၊ ပရိနိဗ္ဗာန်စံဝင်တော်မူသည်အထိ (၄၅)ဝါပတ်လုံး အလှည့်အလည် စံမြန်းခဲ့သော မဇ္ဈိမဒေသရှိ ဗုဒ္ဓဝင်ဆိုင်ရာ သာသနာ့သမိုင်းဝင်ဌာနများကို လေ့လာကြည်ညိုနိုင် ရန်အတွက် "ဗုဒ္ဓဂါယာ ဘုရားဖူး ခရီးစဉ်ပြကွက်"၊ "ဗုဒ္ဓဂါယာ ဒေသမြေပုံ ပြကွက်" နှင့် ဘုရားရှင်ပွင့်တော်မူရာ သတ္တသတ္တာဟ (၇)ဌာန ပြကွက်ဟူ၍ ပြကွက်သုံးခုဖြင့် သရုပ်ဖော် ပြသထားသည်။



www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

## နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ပန်းချီကားများ

နှစ်ကျိပ်ရှစ်ဆူသော ဘုရားများနှင့် ထိုဘုရားရှင်တို့ပွင့်တော်မူရာ ဗောဓိပင်များကို လည်းကောင်း၊ ဂေါတမ ဘုရားအလောင်းတော်သည် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားများထံမှ အနိယတ ဗျာဒိတ်တော် ခံယူခဲ့ပုံများနှင့် ဒီပင်္ကရာမြတ်စွာဘုရားမှ အစပြု၍ ကဿပမြတ်စွာဘုရားတိုင်အောင် နိယတ ဗျာဒိတ်တော် ခံယူခဲ့ပုံများကို လည်းကောင်း ပန်းချီကားများဖြင့် သရုပ်ဖော်ပြသထားပါသည်။



သုဇာတ မြတ်စွာဘုရား



ဓမ္မဒဿီ မြတ်စွာဘုရား



Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com

" လေးဆူဓါတ်စုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဘုရားဖူးလာကြသူပြည်သူအများ ခြေမညောင်း မပင်ပန်းဘဲ မှင်လန်းလွယ်ကူစွာ ကုန်းတော်သာသို့ရောက်အောင် အနောက်မုခ်စောင်းတန်းဖက်တွင် စက်မှုအင်ဂျင်နီယာတို့စွမ်းအားဖြင့် (၇၄) သိန်းတန် ရွေ့လျားစက်လှေကား တပ်ဆင်အောင်မြင်ခဲ့သည်။



ယခု အသစ်တပ်ဆင်ထားသော ရွေ့လျားစက်လှေကား



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com



## သိင်္ဂုတ္တရ ဥယျာဉ်တော်

ရွှေတိဂုံစေတီတော် အနောက်ဘက်တွင် တည်ရှိပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားမြတ်စွာတို့ အမှီသဟဲပြု၍ ပွင့်တော်မူရာ ဗောဓိပင်များ၊ ပဋ္ဌိစ္စသမုပ္ပါဒ် ဝက်ပါ၊ ကနုတ် ပန်းကွက်များ၊ စိန်ထောင် ပန်းကွက်များ၊ သိကြားမင်း ရုပ်တုပါသော ပဌာန်း (၂၄) ပစ္စည်း ရေကန်ငယ်နှင့် နဂါးမင်းရုပ်တုများဖြင့် လျှပ်စစ်မီးပန်းဆိုင်းများ၊ မြကမ္ဗလာ မြက်ခင်းများဖြင့် တန်ဆာဆင် မွမ်းမံ ထားပါသည်။



Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com







Generated by CamScanner from intsig.com

www.burmeseclassic.com

www.burmeseclassic.com



လယ်ယာနှင့် သစ်တောဌာနမှ အလှူအဖြစ် စောင့်ရှောက်ထိန်းသိမ်းထားသော
ဥယျာဉ်ကြီးအတွင်း ရေကန်ကြီးအလယ်မှ ရှင်ဥပဂုတ်ကိုယ်တော်နှင့်ပြာသာဒ်





www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com

# တည်ဆောက်ပြုပြင်စေစဉ်ကာလ ၁၉၉၆ နှစ်ဦးမြင်ကွင်းများ

လွန်ခဲ့သောနှစ်ပေါင်း ၁၂၅နှစ်လောက်က အလှူ - ဆွေးမြေ့နေသော ကျွန်းတိုင်များနေရာတွင် ကွန်ကရစ်တိုင်များဖြင့် အစားထိုးပြီး - တောင်ဘက်စောင်းတန်းဟောင်းကြီး တစ်ခုလုံးကို အသစ်ပြန်လည် ပြုပြင်လျက်ရှိစဉ်။







Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

# တင့်ရွှေစာအုပ်တိုက်တွင် ရရှိနိုင်သော စာအုပ်များ

အောက်တိုဘာလ ၁၉၉၆ ရရှိနိုင်သောစာအုပ်များ

| | |
|---|---|
| (၁) အသက်လေးဆယ်ကျော်လျှင် (ဒုတိယအကြိမ်) | |
| ရဟန်းသံဃာတော်များ လူကြီးမိဘများအားကန်တော့ရန် | |
| အကြံပြုလိုသောစာအုပ် | ၁၈၀ ကျပ် |
| (၂) အထွေထွေဗဟုသုတ လေ့လာနည်းပညာ | |
| ပထမတွဲ အထက်တန်းကျောင်းသူကျောင်းသားများအတွက် | ၁၂၀ ကျပ် |
| ဒုတိယတွဲ တက္ကသိုလ်ကျောင်းသားများအတွက် | ၁၅၀ ကျပ် |
| (၃) နိုင်ငံတကာအင်္ဂလိပ်စာ TOFEL စာမေးပွဲအတွက်အဓိက | |
| ပထမတွဲ | ၅၀ ကျပ် |
| ဒုတိယတွဲ လေ့ကျင့်ခန်းများ | ၃၀ ကျပ် |
| (၄) အခြေခံကုထုံးကုနည်းများ | |
| TEXT BOOK OF INTERNAL MEDICINE အဆီအနှစ် | |
| ပထမတွဲ | ၁၃၀ ကျပ် |
| ဒုတိယတွဲ | ၁၃၀ ကျပ် |
| (၅) လက်တွေ့အသုံးချ အဆင့်မြင့်ဖိုမပညာ | |
| ဒုတိယအကြိမ် ဖြည့်စွက်ချက်များနှင့်အတူ | |
| ဆရာစားမကျန်အောင် နိုင်ငံတကာစာပေမှ ပြည့်ပြည့်စုံစုံ | |
| ကောက်နုတ်ချက် ဖော်ပြထားပါသည်။ | |
| ပထမတွဲ | ၁၂၀ ကျပ် |
| ဒုတိယတွဲ | ၁၅၀ ကျပ် |
| (၆) သင့်ရင်သွေးမွေးစမှ အရွယ်ရောက်ချိန်အထိ တွေ့ရတတ်သော | |
| ပြဿနာအဖုံဖုံနှင့် အဖြေလွှာပေါင်းချုပ် | |
| ပထမတွဲ တစ်နှစ်အောက်ကလေးများအတွက် | ၁၀၀ ကျပ် |
| ဒုတိယတွဲတစ်နှစ်အထက်ကလေးများအတွက် | ၁၀၀ ကျပ် |
| (၇) လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ | |
| ပထမတွဲ ဆစ်ဖလစ်ဂနိုးရီးယားစသည် | ၁,၃၀ ကျပ် |
| ဒုတိယတွဲ အေအိုင်ဒီအက်စ်၊ အသားဝါအသည်းရောင်၊ လိင်တံဆာမှ | |
| ကြွက်နို့စသည့် ခေတ်ပေါ်ရောဂါများ | ၁၂၀ ကျပ် |
| တတိယအကြိမ် စာတစ်အုပ်လုံးကို အသစ်ပြန်ရေးထားပါသည်။ | |
| (၈) နိုင်ငံတကာအဆင့်ဉာဏ်စမ်းပဟေဠိ | ၁၀၀ ကျပ် |

www.burmeseclassic.com

Generated by CamScanner from intsig.com

www.burmeseclassic.com

(၉) ကမ္ဘာ့အမြင့်ဆုံး မင်းဆာအဆင့် ဉာဏ်စမ်းမေးခွန်း
၁၁ + ၁၂ ကွန်ပျူတာသင်တန်း ဝင်ခွင့်စာမေးပွဲအတွက်
ကြိုတင်လေ့ကျင့်ရန် အကြံပြုလိုသော မေးခွန်းများနှင့် အဖြေပေါင်းချုပ် ၆၅ ကျပ်

(၁၀) ဉာဏ်စမ်းပဟေဠိပေါင်းချုပ် I.Q
အထူးကြော်ငြာစရာမလိုသော အလုပ်ခွင်နှင့်ဝင်ခွင့်
စာမေးပွဲများအတွက်အထူး ၁၄၀ ကျပ်

(၁၁) ငှက်ဖျားရောဂါ (တတိယအကြိမ်) ကျေးလက်ကျန်းမာရေး
လုပ်သားမှ ဆေးကျောင်းသားများအဆင့်အထိ မှီငြမ်းကိုးကားစရာ
လက်တွေ့အသုံးချ WHO 1991 Guid စာတမ်းအပါအဝင် ၁၄၀ ကျပ်

(၁၂) အရေပြားရောဂါများ (တတိယအကြိမ်) ရုပ်ပုံတစ်ရာကျော်ဖြင့်
ကျန်းမာရေးလုပ်သားများ + ဝေဒနာရှင်များ မှီငြမ်းစရာ ၉၀ ကျပ်

(၁၃) လက်တွေ့အသုံးချဆေးဝါးဗေဒ
ESSENTIAL DRUGS များအကြောင်း ပြည့်ပြည့်စုံစုံ ၁၃၀ ကျပ်

(၁၄) မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း
ဆရာတော်များ၊ မိဘဆရာသမားတို့အား ကန်တော့ရန်
အကြံပြုလိုသော စာတွဲ
(အမှတ် ၁ မှ ၇ တွဲအထိ) ၄၈ ကျပ်

ပထမတွဲ ဗုဒ္ဓဝင်
ဒုတိယတွဲ ဘုရား + တရား + သံဃာဗုဒ္ဓသာသနာ အရေးတော်ပုံ
တတိယတွဲ အိန္ဒိယနိုင်ငံမှ စေတီပုထိုးများ
စတုတ္ထတွဲ တရုတ်နိုင်ငံ + မဟာယာန ဗုဒ္ဓဘာသာ
ပဉ္စမတွဲ တောင်နှင့် မြောက်ကိုရီးယားနိုင်ငံများ
ဆဋ္ဌမတွဲ ဂျပန်နိုင်ငံ
သတ္တမတွဲ တိဗက်နှင့် တန္တြဗုဒ္ဓဘာသာ
အဋ္ဌမတွဲ နီပေါနိုင်ငံ (အမှတ် ၈ မှ ၁၅ တွဲအထိ) ၆၅ ကျပ်
နဝမတွဲ ဘူတန်နှင့် အခြားတန္တြရဗုဒ္ဓဘာသာထွန်းကားရာနိုင်ငံများ
ဒသမတွဲ အိန္ဒိယနိုင်ငံတောင်ပိုင်းဗေဒ

- စာတစ်အုပ်ပင် ဖြစ်ပါစေ။
စာအုပ်မှာကြားသူများထံ စာတိုက်မှတစ်ဆင့် VPP ဖြင့် အိမ်တိုင်ရာရောက်
ပို့ပေးပါသည်။
- ဝယ်ယူပြီး စာအုပ်အပေါ် ကျေနပ်မှုမရှိပါက တိုက်တွင် လဲလှယ်နိုင်ပါသည်။

စာတိုက်ပို့စရိတ်ကြီးမြင့်ပါ၍ ယာယီကာလသ္တ DISCOUNT မပေးပါ။

တင်ရွှေစာပေ
၃၉၊ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖုန်း- ၅၃၁၈၁၅

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com

အတွဲ ၁၄ ပထမမြန်မာနိုင်ငံ တည်ထောင်စဉ်ကာလ
ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ထွန်းကားစဉ်ကာလ
ပုဂံရွှေမြို့တော်အကြောင်း ပြည့်ပြည့်စုံစုံ

အတွဲ ၁၅ ထိုင်းနိုင်ငံ ထေရဝါဒစတင်ထွန်းကားစဉ်ကာလ
စူခိုထိုင်းမြို့တော်ဟောင်း (စုက္ကတေး)

အတွဲ ၁၆ ကမ္ဘောဒီးယားနိုင်ငံ ၇၅ ကျပ်

အတွဲ ၁၇ မြန်မာနိုင်ငံ- ရှမ်း၊ ရခိုင်၊ စစ်ကိုင်း၊ အင်းဝ၊ ပင်းယ ၉၀ ကျပ်

အတွဲ ၁၈ ထိုင်းနိုင်ငံ ဇင်းမယ်ဒေသ ၁၀၀ ကျပ်

အတွဲ ၁၉ လောနိုင်ငံ၌ ဗုဒ္ဓရုပ်ပွားကိုးကွယ်မှုသမိုင်း ၁၀၀ ကျပ်

အတွဲ ၂၀ ဗီယက်နမ်နိုင်ငံနှင့် တိုင်ဝမ်နိုင်ငံ (နောက်ဆုံးတွဲ) ၁၀၀ ကျပ်

အတွဲစုံ - ၁၃၄၅ ကျပ်

(၁၅) ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ
သံဝေဂရဖွယ်ရာ သံဝေဇနိယဌာနအားလုံးက ဆေးရောင်စုံ
ပုံတော် ၅၀ ကျော်ဖြင့် ဟန်ဆာဆင်လျက် ဘုရားဖူးအလည်ခရီး ၆၀ ကျပ်

(၁၆) ဆီးချိုရောဂါ ဝေဒနာရှင်တစ်ယောက်အနေဖြင့် သိကောင်းစရာ
ပြည့်ပြည့်စုံစုံ (ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း) ၁၆၀ ကျပ်

(၁၇) တစ်သက်မခွဲ ရွေးလက်တွဲလိုလျှင် ဒုတိယအကြိမ် ပုံနှိပ်ချဲ့ထွင်ပုံနှိပ်ခြင်း။
ချစ်မိပြီးသူတိုင်းနှင့် ဤတစ်သက်ပြန်မကွဲရအောင် လိုက်နာသင့်သော
စဉ်းစားသင့်သော အချက်အလက်များ
မင်္ဂလာဆောင်လက်ဖွဲ့ရန် အကြံပြုလိုသောစာအုပ်
ပထမတွဲ အမျိုးသမီးများအတွက် ၁၀၀ ကျပ်
ဒုတိယတွဲ အမျိုးသားများအတွက် ၁၂၀ ကျပ်

(၁၈) မျက်နှာ၏ လျှို့ဝှက်ချက်များ
ဘာသာ ၁၂ မျိုးသို့ ပြန်ဆိုပြီးသော တရုတ်ရေးကျမ်းမြန်မာပြန်
ဒုတိယအကြိမ် ပြန်လည်ဖြည့်စွက်ချက်များနှင့်အတူ ၆၀ ကျပ်

(၁၉) အင်္ဂလိပ်-မြန်မာ ဆေးပညာအဘိဓာန် (ဦးကောင်းညွန့်) ၂၀၀ ကျပ်
ရှားပါးဖြစ်နေသောစာအုပ် ဆေးပညာလေ့လာသူများအတွက်အထူး

(၂၀) သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းအမျိုးမျိုး
သွေးတိုးဝေဒနာရှင်များ လေဖြတ်ခံရပြီးသူများနှင့် အလွှာအသီးသီးမှ ၁၄၀ ကျပ်
ကျန်းမာရေးလုပ်သားများအတွက်အထူး

(၂၁) နှလုံးသွေးကြောကျဉ်းရောဂါစု
ယနေ့လူသားတို့ကို အများဆုံးဒုက္ခပေးလာသော ၁၄၀ ကျပ်
ရောဂါအကြောင်း ပြည့်ပြည့်စုံစုံ

(၂၂) အဆစ်အမြစ်ကိုက်ရောဂါများ ၁၂၀ ကျပ်
တတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

(၂၃) အမျိုးသမီးတို့ဓမ္မတာ NORMAL MENSURATION
ဗြိတိန်နိုင်ငံ သားဖွားမီးယပ်ပါမောက္ခ ရေးသားပြုစုသော
အမျိုးသမီးများ လက်စွဲစာအုပ် ဘာသာပြန် ၆၀ ကျပ်
(၂၄) သားသမီးရတနာထွန်းကားလိုလျှင် ၁၂၀ ကျပ်
သားသမီးရတနာထွန်းလိုသော မိသားစုအတွက်
ရုပ်ပုံကားချပ်များနှင့်ပြည့်ပြည့်စုံစုံ ၁၂၀ ကျပ်
(၂၅) ပဋိသန္ဓေတားနည်းပေါင်းချုပ် ၁၂၀ ကျပ်
အထူးကြော်ငြာစရာမလိုသော
မင်္ဂလာလက်ဖွဲ့ရန် အကောင်းဆုံးစာအုပ်
(၂၆) သင်၏ဉာဏ်ရည်စွမ်းပကားကို တိုင်းတာကြည့်ရအောင်
TEST YOUR I.Q စာအုပ် ၁၀၀ ကျပ်
(၂၇) အဆင့်မြင့်ဉာဏ်စမ်းပညာ
ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း ၁၂၀ ကျပ်
(၂၈) စိတ်ပညာစမ်းသပ်နည်းများ
ဒုတိယအကြိမ် ချဲ့ထွင်ပုံနှိပ်ခြင်း
အလုပ်ခွင်ဝင်ခွင့်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသူ၊
ကျောင်းသားများအတွက်အထူး ၁၂၀ ကျပ်
(၂၉) မှတ်တမ်းဝင် စိတ်နယ်လွန်ဖြစ်ရပ်မှန်များ
အတွဲ (၁) စိတ်နယ်လွန်ဖြစ်ရပ်ဆန်းအမျိုးမျိုး ၇၅ ကျပ်
အတွဲ (၂) ကမ္ဘာ့အရပ်ရပ်မှ ဝိဉာဉ်များ ၇၅ ကျပ်
အတွဲ (၃) သိပ္ပံပညာရှင်များ အဖြေမပေးနိုင်သော
ရောဂါကုနည်းအမျိုးမျိုး ၇၅ ကျပ်
အတွဲ (၄) ရေထဲက လေထဲက အံ့ဩစရာအဖုံဖုံ ၇၅ ကျပ်
အတွဲ (၅) တိရစ္ဆာန်နှင့် သစ်ပင်လောကမှ အံ့ဩစရာဖြစ်ရပ်များ ၇၅ ကျပ်
(၃၀) ဆရာဇော်ဂျီ၏ စာပေါင်းချုပ်
အမျိုးသားစာပေ သုံးကြိမ်ဆုရခဲ့သော ကွယ်လွန်ပြီး
ဆရာ၏လက်ရာဟောင်း လက်ရာသန့်အားလုံးကို မပျောက်မပျက်ရအောင်
စီစဉ်ပေးထားသည်။
ပထမတွဲ
ဒုတိယတွဲ ၁၂၅ ကျပ်
တတိယတွဲ ၁၃၀ ကျပ်
စတုတ္ထတွဲ ၁၃၀ ကျပ်
(၃၁) တီဘီရောဂါ ယနေ့မြန်မာနိုင်ငံတွင် တိုးတက်ဖြစ်ပွားလာသော ၁၃၅ ကျပ်
တီဘီရောဂါအကြောင်း ပြည့်ပြည့်စုံစုံ၊ တီဘီရောဂါကို
ဘာကြောင့်ပျောက်ကင်းအောင် မကုသနိုင်ကြသလဲ၊ ပျောက်ကင်းအောင်
ရောဂါသည်များ လိုက်နာရမည့်အချက်များ ၁၀၀ ကျပ်

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

(၃၂) မော်ကော်ကား ပြုပြင်ထိန်းသိမ်းနည်း
ဆရာဦးကျင်စိုး စာပေဗိမာန်မှ သုံးကြိမ်သုံးခါ ပုံနှိပ်ခဲ့ရပြီး
ယခုရှားပါးဖြစ်နေသော စာအုပ်ရဲ့လှုပ်ပုံနှိပ်ခြင်း — ၂၀၀ ကျပ်

(၃၃) ရောဂါဖြစ်ပေါ်ဟောနည်းပေါင်းချုပ် ပထမတွဲ — ၈၅ ကျပ်
ဒုတိယတွဲ — ၉၅ ကျပ်
ကျော်ကြားပြီး ကျမ်းစာပေါင်း ၃၀ ၏ အဆီအနှစ်။

(၃၄) လေးတွဲ့ရ ဓမ္မာစရိယ/ သုံးတွဲ့ရ ပထမကျော်
ဦးစံသင်းလှိုင်၏ စနစ်သစ်အဓိုးရ ပထမပြန်စာမေးပွဲများအတွက်
(က) ပထမကြီးတန်း — ၁၃၀ ကျပ်
(ခ) ပထမလတ်တန်း အမေးအဖြေပေါင်းချုပ် — ၈၀ ကျပ်
(ဂ) ပထမငယ်တန်း — ၉၀ ကျပ်
(ဃ) အခြေပြုမူလတန်း — ၈၀ ကျပ်

(၃၅) ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်းများ — ၁၄၀ ကျပ်
(ဓမ္မာ D.P.M.S)

(၃၆) ကုန်သွယ်မှု စာရေးဆက်သွယ်ခြင်းများ
BUSINESS LETTER WRITTER — ၆၀ ကျပ်

(၃၇) အရေးပေါ် ဆေးပညာ
EMERGENCY MEDICINE — ၁၁၀ ကျပ်

(၃၈) ဆရာကြီး ဦးဘကြည်၏ ဓာတ်တော်ကြီးဆယ်တွဲ့
မရှိနိုင်သော ဆရာ၏ လက်ရာကောင်းများကို
ပြည်လည်ပြုစုပေးထား၏။
ပထမတွဲ — ၆၀ ကျပ်
ဒုတိယတွဲ — ၆၀ ကျပ်

(၃၉) မြန်မာလူမျိုးဝှက်ဆေးဝါးနှင့် အသုံးဝင်နွယ်မြက်သစ်ပင်
(မောင်ယဉ်နွယ်) — ၁၆၀ ကျပ်
ဒုတိယအကြိမ် ရှားပါးဖြစ်နေသော စအုပ်ကောင်းကို ပြန်လည်ပုံနှိပ်ခြင်း။

(၄၀) ဆရာဝန်တင်ရွေ ရင်ကျပ်ပန်းနာ
ကျန်းမာရေးဝန်ထမ်းများနှင့် ဝေဒနာရှင်များအတွက် အထူး — ၁၂၀ ကျပ်

(၄၁) ကင်ဆာရောဂါကြောက်စရာ မဟုတ်တော့ပါ။ သို့သော် .....
မျိုးရိုး၌ ကင်ဆာဖြစ်ဖူးသူများအတွက် အထူး — ၁၁၀ ကျပ်

(၄၂) အဆင့်မြင့် အမျိုးသမီး ကျန်းမာရေးလက်စွဲ — ၁၀၀ ကျပ်
What a Woman Should Know- MRCOG အသင်းကြီးမှ
ထုတ်ဝေသော စာတစ်အုပ် (မြန်မာပြည်- ဒေါက်တာကျော်သက်ခိုင်)

(၄၃) အစာအိမ်တစ်ဝိုက်ဖြစ်တတ်သောရောဂါများ
လနှင့်ချီပြီး အစာမကြေ လေအောင့်ဝေဒနာခံစားရသူများအတွက် အထူး — ၁၀၀ ကျပ်

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

(၄၄) အောင်မြင်ပြီးသော သစ်ခွစိုက်ပျိုးရေး
နိုင်ငံတကာ ဈေးကွက်၌ယှဉ်ပြီး ထုတ်လုပ်ရောင်းချနိုင်ရန်
လက်တွေ့ကျ စိုက်ပျိုးနည်းပေါင်းချုပ် — ၆၀ ကျပ်
(ဒုတိယအကြိမ် ပုံနှိပ်ခြင်း)

(၄၅) တောဓိတို့ရှင်မြူးစရာ ဉာဏ်စမ်းပညာ
အတွဲ (၁)၊ အတွဲ (၂)
မူလတန်းကျောင်းသူ/ ကျောင်းသားများ၊ မိဘများနှင့်အတူ — ၆၀ ကျပ်စီ
ဉာဏ်ရည်သွေးရန် လေ့ကျင့်ခန်းများနှင့် အဖြေများ

(၄၆) အရေးကြီးသော ရောဂါအချို့အတွက်
အကောင်းဆုံးကုထုံးကုနည်းများ
ပင်လယ်ကဲ့သို့ ကျယ်ဝန်းသောဆေးပညာမှ
လက်တွေ့အသုံးချနိုင်မည့်ဆေးဝါးများနှင့် အသုံးပြုနည်းများ
(ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ) — ၁၃၀ ကျပ်စီ

(၄၇) ကလေးရောဂါ ကုထုံးကုနည်းများ
ဒုတိယအကြိမ် ကွန်ပျူတာဖြင့် စာစီပုံနှိပ်ခြင်း
ပထမတွဲ၊ ဒုတိယတွဲ — ၁၀၀ ကျပ်စီ

(၄၈) ဆရာဇဝန၏ ဂန္ထဝင်ဝတ္ထု
ကောလိပ်ကျောင်းသား ပထမတွဲ — ၁၀၀ ကျပ်
ဒုတိယတွဲ — ၁၀၀ ကျပ်
ရှေးခတ်တက္ကသိုလ်မြင်ကွင်းများ၊
တစ်ချိန်က ကျောင်းသားတို့၏
ဘဝစာတမ်းတို့နှင့်အတူ ပူးတွဲချဲ့ထွင် ပုံနှိပ်ထားသည်။

(၄၉) ဝိဉာဉ်ရှိမရှိ သုတေသနမှတ်တမ်း ရုပ်ပုံပန်းချီဓာတ်ပုံများဖြင့်
တန်ဆာဆင်ထားသော ဘာသာပြန်သုတေသနမှတ်တမ်း — ၁၀၀ ကျပ်

(၅၀) ဝေါဟာရစာလုံးများ
အထက်တန်း၊ အလယ်တန်းကျောင်းသားကျောင်းသူများ စာအုပ်ဖတ်ရင်း
ဝေါဟာရစာလုံး တိုးပွားစေရန် မိနီအဘိဓာန် — ၆၀ ကျပ်

(၅၁) ဗုဒ္ဓစွယ်တော်များ
စွယ်တော်သမိုင်း + သီရိလင်္ကာမှစွယ်တော် ပထမတွဲ — ၁၀၀ ကျပ်
တရုတ်နိုင်ငံမှ စွယ်တော်မှတ်တမ်းပြည့်ပြည့်စုံစုံ ဒုတိယတွဲ — ၁၀၀ ကျပ်

(၅၂) အနာကြီးရောဂါဝေဒနာရှင်များ + ကျန်းမာရေးလုပ်သားများ
လက်စွဲကုသရေး + ခြေလက်မသန်မစွမ်းမဖြစ်ရအောင်
ကာကွယ်ရန်နည်းလမ်းများ — ၁၅၀ ကျပ်

Generated by CamScanner from intsig.com
www.burmeseclassic.com

www.burmeseclassic.com

(၅၃) တောဇတို့အတွက် ဉာဏ်စမ်း...
တတိယအကြိမ် ပြန်လည်ပုံနှိပ်ခြင်း
မူလတန်းကျောင်းသူကျောင်းသား ဉာဏ်ရည်သွေးစရာ ပထမတွဲ ၇၀ ကျပ်
ဒုတိယတွဲ ၇၀ ကျပ်

(၅၄) ဆရာဝန်တင်ရွှေ သွေးအားနည်းရောဂါများ။
သွေးနှင့်ပတ်သက်သမျှ သိသင့်သိထိုက်သော
ကုထုံးကုနည်း စသည်ပြည့်ပြည့်စုံစုံ ၁၂၀ ကျပ်

(၅၅) သော်တာဆွေ စာပေဆုရဝတ္ထုတိုပေါင်းချုပ်
ပထမတွဲ၊ ဒုတိယတွဲ ၁၂၁ ကျပ်

(၅၆) ဦးငြိမ်းအောင် တရိဝေဒ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်မှ
ယနေ့ထိ အနောက်ကမ္ဘာ၌ ကျော်ကြားနေသော
ဗေဒင်ကျမ်း၊ ကိုယ်တိုင်ဤပညာဖြင့်ဟောပြောနေ
သောပညာရှင်ကိုယ်တိုင် ရေးသားပြုစုပါသည်။ ၁၅၀ ကျပ်

(၅၇) ဆရာဝန်တင်ရွှေ ကူးစက်မြန်ရောဂါများ
ရှေးနှစ်ပေါင်းများစွာကစပြီး ယခုထိ မြန်မာလူမျိုးတို့ကို
ဒုက္ခပေးနေသော ကာလဝမ်း၊ ပလိပ်၊ သွေးလွန်တုတ်ကွေး၊
အေအိုင်ဒီအက်စ်ရောဂါများအကြောင်း ပြည့်ပြည့်စုံစုံ ၁၃၅ ကျပ်

(၅၈) ဆရာဝန်တင်ရွှေ မြန်မာဆေးလောကို တည်ဆောက်ပေးခဲ့ကြသော
ပညာရှင်များ
ပထမတွဲ၊ ဒုတိယတွဲ ၁၂၀ ကျပ်စီ
မြန်မာ့ဆေးပညာသမိုင်း- ဆေးလောကမှ
ပညာရှင်ကြီးငယ်များအားလုံး လေ့လာစရာ
နမူနာယူစရာ ဆေးရုံလက်ထောက်သင်တန်းမှ
ယနေ့ဘွဲ့လွန်ဆေးပညာထိ ဆေးလောကကို
တည်ဆောက်ပေးခဲ့ကြသော ပညာရှင်များကို ဂါရဝပြုနိုင်ရန်။

(၅၉) ဆရာဝန်တင်ရွှေ + ဒေါ်အေးသန့်
ဗုဒ္ဓ၏မြတ်စွယ်တော်
ပထမတွဲ- သီရိလင်္ကာနိုင်ငံ၊ ဒုတိယတွဲ
တရုတ်နိုင်ငံမှစွယ်တော်များနှင့် မြန်မာနိုင်ငံမှ စွယ်တော်ပွားများ
အကြောင်း ပြည့်ပြည့်စုံစုံ တစ်တွဲ ၁၀၀ ကျပ်စီ

(၆၀) ဒေါက်တာအောင်ညွန့်ဆန်း + မသက်သက်ရွှေ English 900
ကမ္ဘာတွင် အထင်ရှားဆုံး အင်္ဂလိပ်ဘာသာ
အထောက်အကူပြုစာအုပ်တက္ကသိုလ်ကျောင်းတော်သူ
ကျောင်းတော်သားများအတွက် အထူး ၁၀၀ ကျပ်စီ
ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ

www.burmeseclassic.com
Generated by CamScanner from intsig.com

www.burmeseclassic.com

(၆၁) ဆရာဝန်တင်ရွှေ ဆရာဝန်များ လက်ခံသုံးစွဲသည့်
ကမ္ဘာနှင့်မြန်မာ့ဘယဆေးပင်များ
သာမန်ဘယဆေးကျမ်းမဟုတ်ပါ။ နိုင်ငံတကာမှပညာရှင်များ
လက်ခံသုံးစွဲသည့် ဘယဆေးပင်များကို ၁၂၀ ကျပ်
စုပေါင်းဖော်ပြထားပါသည်။

(၆၂) ဆရာဝန်တင်ရွှေ ကိုယ်ဝန်ဆောင်တည်စမှ မွေးဖွားသည်အထိ
တွေ့ရတတ်သောပြဿနာစုံနှင့် အဖြေလွှာပေါင်းချုပ်
တတိယအကြိမ်ချဲ့ထွင်ပုံနှိပ်ခြင်း ၁၀၀ ကျပ်
ပထမတွဲ ကိုယ်ဝန်ဆောင်များလက်စွဲ
ဒုတိယတွဲ ကျန်းမာရေးလုပ်သားများ မှိုင်းမြင်းကိုးကားရန် ၁၅၀ ကျပ်

သို့
တင်ရွှေစာပေ
၃၉၊ ဦးကြွယ်ဟိုးလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

အောက်ပါစာအုပ်များကို ဗွီပီပီဖြင့် ပို့ပေးပါ။
စာတိုက်မှပို့လာသော စာအုပ်များကို ရွေးယူပါမည်ဟု ကတိပြုပါ၏။

| မှာယူလိုသောစာအုပ်အမည် | အရေအတွက် |
|---|---|
| ------------------ | ---------- |

မှာကြားသူအမည်နှင့်လိပ်စာ

အထက်ပါ စာအုပ်ဈေးနှုန်းစာရင်းသည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအထိသာ အတည်ဖြစ်ပါသည်။

Generated by CamScanner from intsig.com
www.burmeseclassic.com